
အလင်းရောင်စာစဉ်(၁၉)

# COVID-19 အသုံးချ အတတ်ပညာ





အရှင်တေဇနိယ (ဗဒ္ဓာန်းအလင်းရောင်)



အလင်းရောင် စာစဉ် (၁၉)

အွန်လိုင်းပေါ်၌ ရေးသားခဲ့သော




သာသနာ-၂၅၆၄ ကောဇာ-၁၃၈၂

ပဋ္ဌာန်းအလင်းရောင်ဆရာတော်၏

စာအုပ်(၁၈)အုပ်တွင်

ယခု(၁၃၈၂-ခု)နှစ်၌ ထပ်မံ ပုံနှိပ်ထားသော ရနိုင်သော စာအုပ်များမှာ -

| | | |
|---|---|---|
| (၁) | ယမကအလင်းရောင် လတ်, ကြီး | (၁၃)ကြိမ် |
| (၂) | ပဋ္ဌာန်းအလင်းရောင် ဆိုဒ်သေး | (၁၆)ကြိမ် |
| | ပဋ္ဌာန်းအလင်းရောင် ဆိုဒ်ကြီး | (၃)ကြိမ် |
| (၃) | တစ်ကွက်မှားသောကျား | (၇)ကြိမ် |
| (၄) | ရင်မှာစွဲထင် စကားပန်းဥယျာဉ် | (၇)ကြိမ် |
| (၅) | စိတ်ထားမြင့်မြတ်သူများ | (၅)ကြိမ် |
| (၆) | ထိန်းနိုင်မှ ထိပ်ရောက်မည် | (၅)ကြိမ် |
| (၇) | ကထိန်ပဋ္ဌာန်းသံဆန်းကဗျာများ | (၂)ကြိမ် |
| (၈) | အနီးမှုန်ခြင်းများ | (၂)ကြိမ် |

အဆိုပါစာအုပ်များကို ကျောင်းတိုက်နဲ့ ရွှေတိဂုံဘုရားဈေးရှိ သစ္စာမဏ္ဍိုင်စာအုပ်တိုက်တို့၌ ရရှိနိုင်ပါသည်။

# အလင်းရောင်စာစဉ်(၁၉)

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"

အလှူတကာတွင် တရားဓမ္မအလှူသည်
အမြတ်ဆုံးဖြစ်၏။

သို့-------------------------
-------------------------
-------------------------

မှ -------------------------
-------------------------
-------------------------

အမှတ်တရ ဓမ္မဒါနလက်ဆောင်မွန်

နေ့စွဲ-----/-------/-----

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ခြင်း | ၂၀၂၀-ခုနှစ်၊ ဇူလိုင်လ<br>ပထမအကြိမ် |
| အုပ်ရေ | ၁၀၀၀ |
| ပုံနှိပ်တိုက် | နန်းသဇင်ပုံနှိပ်တိုက်<br>အမှတ်(၁၉၄)၊ ၃၉လမ်း၊<br>ကျောက်တံတား။ |
| မျက်နှာဖုံး<br>အပြင်အဆင် | မောင်မင်းစိုး |
| အတွင်းပြင်ဆင် | ရွှေနံ့သာ၊ အလင်းရောင် |
| ဖြန့်ချိရေး | သစ္စာမဏ္ဍိုင် ပိဋကတ်စာပေ၊<br>ရွှေတိဂုံဘုရားဈေး တောင်မုခ်၊<br>ဖုန်း-၀၁-၃၈၇၈၄၉၊<br>၀၉၅၁-၂၅၂၈၅။ |
| တန်ဖိုး | ၂၀၀၀-ကျပ် |

မာတိကာ


**နိဒါန်းစကား** **(စာရေးသူ)** **၉**

**မိတ်ဆက်အမှာစကား** **(မောင်မင်းဖိုး)** **၁၃**

**အခန်း(၁)**

၁။ အမှတ် (၁)

အကောင်းဆုံးသင်္ကြန် ၁၅

သောကကင်းဝေးတရားတော် ၁၈

မကောင်း (၄)မျိုး/ အကောင်း (၄)မျိုး ၁၉

မိဖုရားဖွားစော ၂၄

စူးစမ်းဆင်ခြင်ရကျိုး ၃၁

၂။ အမှတ် (၂)

သီလစောင့်ထိန်းနည်း/သီလအကျိုးများ ၃၄

၃။ အမှတ် (၃)

စိတ်ထားနည်း ၃၉

ရှင်ပုဏ္ဏ ၏ စိတ်ထား ၄၀

၄။ အမှတ် (၄)

သင်္ကြန် အဓိပ္ပါယ် / သင်္ကြန်တရားတော်) ၄၄

သင်္ကြန် ဝတ္ထု ၄၅

၅။ အမှတ် (၅)
နှစ်သစ်ကူးပါပြီ ၅၂
ပြက္ခဒိန် နှင့် သက္ကရာဇ်များ ၅၅
သာသနာတော်နှစ် ၅၉
၆။ အမှတ် (၆)
နှစ်သစ်အခါ မင်္ဂလာ ၆၁
ရိုးသားခြင်းကကြီးပွားခြင်း ၅၀
၇။ အမှတ် (၇)
အရှုံးထဲက အမြတ်/ ဘဝနေနည်း ၆၉
ဇာတကဝတ္ထု ၇၁
၈။ အမှတ် (၈)
ရှင်သာရိပုတ္တရာ၏ ဒေါသဖြေနည်း ၇၈
ဥပမာ (၅)မျိုး ဖြင့် ဟောပြ ၈၀
၉။ အမှတ် (၉)
သံဃာ(၄)ပါး တရား(၄)ပုဒ် ၈၇
ပထမ မထေရ်တရား ၈၉
ဒုတိယမထေရ်တရား ၉၂
တတိယ မထေရ်၏ တရား ၉၇
စတုတ္ထ မထေရ်တရား ၁၀၂

၁၀။ အမှတ် (၁၀)
အချင်းချင်းကူညီ ချမ်းသာသည် ၁၁၂
တိရစ္ဆာန်ချင်း မိတ်ဆွေဖြစ် ကူညီကြပုံ ၁၁၅

## အခန်း(၂)

၁၁။ ဘဝတစ်ကွေ့ အပိုင်းအစများ(၁) ၁၂၁
သက်န်းဆွမ်းလား- ၁၃၁
၁၂။ ဘဝတစ်ကွေ့ အပိုင်းအစများ(၂)
ဘုရားရှင်၌ အသံအင်္ဂါ (၈)ပါး ၁၃၄
၁၃။ ဘဝတစ်ကွေ့ အပိုင်းအစများ(၃)
အူမတောင့်မှ သီလစောင့်မည် ၁၄၃
လူတို့ အစားဆင်းရဲချိန် ဆွမ်းခံထွက်ရ- ၁၄၈
အဘယဇာတကကင်း အကြောင်း ၁၅၂
အန္တရာယ်ကင်း ဘုရားရှိခိုးလက်ာ ၁၅၆

## အခန်း(၃)

၁၄။ ကိုဗစ် စစ်ပွဲ ဂုဏ်ပြုကဗျာများ
ကိုဗစ်စစ်ပွဲ ဂုဏ်ပြုပွဲ ကဗျာ ၁၅၉
လက်တွဲညီညီ ရှေ့သို့ချီ ကဗျာ ၁၆၄

ကိုဗစ်ကြုံ ကူညီကြ (လေးဆစ်ကဗျာ) ၁၆၈
ကိုဗစ် ကမ္ဘာရဲ့အလှတရား(လေးဆစ်ကဗျာ) ၁၇၀
ကိုဗစ်(တေးထပ်) ၁၇၃
ကိုဗစ် လက်ဆောင် (တေးထပ်) ၁၇၅
အလှဖျက်သည့် ကိုဗစ် ၁၇၆

**အခန်း(၄)**

၁၅။ ကဆုန်လပြည့် ဗုဒ္ဓနေ့ နှင့် သာသနာ့အလံ ၁၇၈
၁၆။ ညီညွတ်လှပ နယုန်လ(မဟာသမယအခါနေ့) ၁၈၂

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## စာရေးသူ၏နိဒါန်းစကား

### အွန်လိုင်းပေါ်၌ ရေးသားခဲ့သော၌
### COVID-၁၉
### အသုံးချ အတတ်ပညာ

ဤစာအုပ်ပါဆောင်းပါးများသည် အွန်လိုင်းပေါ်၌ ရေးသားခဲ့သော၊ ဖော်ပြပြီးဖြစ်သောစာများကို စုစည်းတင်ပြထားခြင်းဖြစ်သည်။ စာရေးသားရာ၌လည်း ဆောင်းပါးအလိုက် စကားပြေနှင့်တစ်မျိုး စကားပြောဖြင့်တစ်ဖုံ ရေးသားထားသည်ကို တွေ့ရှိရပါလိမ့်မည်။

### ဤစာအုပ်၏ရည်ရွယ်မျှော်လင့်ချက်

ဤစာအုပ်၌ အခန်း(၃)ခန်းပါရှိသည်။ အခန်း(၁)ကို ဖတ်ရသဖြင့် ဘဝနေနည်းမျိုးစုံကို ဖတ်ရှုရမည့်အပြင် အတွေးအမြင်အသစ်များ၊ ဗဟုသုတများ၊ ရသများကို ရရှိပါလိမ့်မည်။

အခန်း(၂)၌သင်္ကေတ‌ရာဇ်သုံးမျိုး အကြောင်းအရာများ၊ ပြက္ခဒိန် အကြောင်းအရာများ။ အခန်း(၃)၌ ကိုဗစ်ကာလ ရသမြောက် ကဗျာမျိုးစုံပါရှိနေသည်ဖြစ်၍ သုတရော ရသပါ ပါဝင်နေသည့်အတွက် စာဖတ်သူများသည် တစ်စုံတစ်ခု ရရှိပါလိမ့်မည်ဟု ယုံကြည်မိပါသည်။

စာရေးသူ ရေးနေကြစကားဖြင့်ပြောရပါလျှင် စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်များ၌ -

"ငါ့စာဖတ်၍၊ မမြတ်တိုင်ပေ၊

မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်၊

တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်စာပေ၊

တွေ့ပြားလေက၊ စာပေကျေးကျွန်၊

ငါ့ဝတ်ပွန်ပြီ" စသည့်ကဗျာထဲက အတိုင်းပင်။ ဤစာအုပ်ကို ဖတ်ရှုကြသည့် စာဖတ်ပရိသတ်တို့သည်လည်း တစ်စုံတစ်ခု ဗဟုသုတ၊ အသိဉာဏ်၊ ဆင်ခြင်စရာ၊ မှတ်စရာနှင့် တွေးစရာများ ရရှိလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

**ကျေးဇူးစကား**

စာအုပ်ထွက်တိုင်း နိဒါန်းနှင့် မိတ်ဆက်အမှာစာ ရေးပေးခြင်း၊ ကြည့်ရှုကောင်းအောင် မျက်နှာဖုံးဒီဇိုင်းပြု

လုပ်ပေးခြင်းတို့အပြင် ပုံနှိပ်နိုင်ရန်ကိုပါ ဆောင်ရွက်ပေးသည့် ဗဟန်း၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ကြီး၏ စာချဘုန်းကြီးလည်းဖြစ်၊ စာရေးဆရာ၊ ကဗျာဆရာလည်းဖြစ်သည့် မောင်မင်းစိုး (အရှင်ရာဇိန္ဒ၊ စာချဘုန်းကြီး)အား ကျေးဇူး အထူးတင်ရှိပါသည်။

ဤစာအုပ်ထွက်ပေါ်လာနိုင်စေရန် ပရုဖတ်ပေးကြသည့် ဝိဇယသီဂိကျောင်းဆောင်ရှိ စာသင်သားများ၊ အလှူရှင်များနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးကို ကျေးဇူးတင်ပါ၏။

### တောင်းပန်စကား

ဤစာအုပ်၌ အထူးသဖြင့် အတွင်းစာသားအနေအထားကို မောင်မင်းစိုး မအားလပ်သည့်အတွက် ကိုယ်တိုင်အနေနဲ့လည်း အားဖြည့်ကာ ကြည့်ရှုရကောင်းအောင် ကြိုးစားပြီး ပြုလုပ်ထားပါသည်။ သို့ဖြစ်၍ အားနည်းချက်များ ရှိနိုင်ပါသည်။

ထို့ပြင်အမှားနည်းအောင် ကြိုးစားပြီး ပြုလုပ်ထားပါသော်လည်း စာအုပ်ဟူသည် အမှားရှိတတ်ကြမြဲဖြစ်၍ ဤစာအုပ်၌လည်း တစ်စုံတစ်ခုသောအမှားကို တွေ့ရမည်သာဖြစ်သည်။ မှားသင့်၍မှားသည်ဖြစ်စေ၊ မမှားသင့်ပါဘဲ မှား

သည် ဖြစ်စေ။ ထိုအမှားများကိုလည်း သည်းခံခွင့်လွှတ်ကြပါရန် တောင်းပန်အပ်ပါ၏။ ကောင်းနိုးရာရာများကို ရွေးချယ် သယ်ဆောင်သွား နိုင်ကြစေဟုဆန္ဒပြုရပါသည်။

အရှင်တေဇနိယ

**(ပဌာန်းအလင်းရောင်ဆရာတော်)**

ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊

ဗဟန်း။ ရန်ကုန်။

(၁၃၈၂-ခုနှစ်၊ ပထမဝါဆိုလ၊ ၂၀၂၀-ခု၊ ဇူလိုင်လ)

## မိတ်ဆက် အမှာစကားအနည်းငယ်

၂၀၁၉-အဆုံးနဲ့ ၂၀၂၀-နှစ်တို့ကတော့ ဒီတစ်သက် ဘယ်တော့မှ မမေ့နိုင်စရာအဖြစ်ပျက်ကြီးနဲ့ တစ်ကမ္ဘာလုံး ကြုံတွေ့ခဲ့ရပါတယ်။ တရုတ်နိုင်ငံ ဝူဟန် ပြည်ကနေ စတင်ဖြစ်ပွားခဲ့တဲ့ ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ တစ်ကမ္ဘာလုံးကို ကူးစက်ပြန့်ပွားခဲ့ပါတယ်။ သန်းပေါင်းများစွာ ကူးစက်ခံရပြီးတော့ သိန်းနဲ့ချီပြီး သေကြေပျက်စီးနေဆဲဖြစ်ပါတယ်။ ယခုအချိန်အထိလည်း ကူးစက်မှုနှုန်းရော သေဆုံးမှုနှုန်းရော လျော့ကျမသွားသေးပါဘူး။ ကူးစက်မြန်ပေမယ့် ကုသမှုပျောက်သွားတဲ့ ဆေးကလည်း အခုအထိ မတွေ့ရသေးပါဘူး။ တစ်ကမ္ဘာလုံး ကပ်ဆိုက်နေဆဲဖြစ်ပါတယ်။

ဆိုတော့ မိမိတို့နိုင်ငံလည်း ဒီစက်ကွင်းက မလွတ်ကင်းခဲ့ပါဘူး။ ကုသရေးထက် ကာကွယ်ရေးက ပိုမိုထိရောက်တယ်ဆိုပြီးတော့ အားလုံးကလက်ခံထားကြပြီး လော့ခ်ဒေါင်းချတာတွေ၊ စတေးဟုမ်းနေရတာတွေစသဖြင့် တစ်ချို့နိုင်ငံတွေမှာဆို ကာဖျူးအမိန့်ထုတ်ပြန်ပြီးရတဲ့အထိ အိမ်အပြင်မထွက်ရေးကို ဖော်ဆောင်ခဲ့ပါတယ်။

ဒီလို အိမ်မှာနေတဲ့အခါ အင်တာနက်ခေတ်ဖြစ်တဲ့အတွက်

တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်နိုင်ဖို့အတွက် Viber, Messanger လိုအရာတွေနဲ့ ဗွီဒီယိုချက်တင်တွေ၊ သတင်းအတွက် Facebook လိုအရာတွေဟာ အတော်လေးကို အရေးပါခဲ့ပါတယ်။ အထူးသဖြင့် Facebook မှာ လူတိုင်းလိုလို ပို့စ်တွေ အတော်များများ တင်ဖြစ်ခဲ့ကြတဲ့ ကာလတစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်။ မိမိတို့ရေးတဲ့ သတင်းအချက်အလက်လေးတွေ၊ ကပ်ရောဂါဆိုင်ရာလေးတွေ၊ ဆောင်းပါး၊ အက်ဆေး၊ ကဗျာ၊ ဝတ္ထုတို၊ အဆိုအမိန့်စသဖြင့် ပလူပျံနေခဲ့ပါတယ်။ အဲဒီလို ရေးတင်ကြတဲ့အထဲ ဒီကိုဗစ်ကာလအတွင်း အိမ်မှာနေထိုင်တဲ့အခါ အဓိပ္ပာယ်ရှိအောင် ဘယ်လိုအသုံးချ နေထိုင်ကြမလဲဆိုတာတွေကို တွေးပြီးတော့ နေထိုင်ပုံနေထိုင်နည်းတွေကို တစ်နေ့တစ်ပုဒ်လောက် ရေးတင်ကြပါတယ်။ အဲဒီအထဲမှာလည်း ပဌာန်းအလင်းရောင် ဆရာတော်လည်း ပါခဲ့ပါတယ်။ အဲဒီလို ရေးသားဖြစ်ခဲ့တဲ့ ဆောင်းပါးတွေကို အခုစုစည်းပြီးတော့ ကိုဗစ်ကာလ အသုံးချ အတတ်ပညာဆိုတဲ့ နာမည်နဲ့ စာအုပ်အဖြစ် ထုတ်ဝေလိုက်ခြင်းပဲ ဖြစ်ပါတယ်။

တကယ်တော့လည်း COVID ကာလရယ်မှ မဟုတ်ပါဘူး။ စစ်မှန်တဲ့ရှင်သန်နေထိုင်နည်းတွေကို ထုတ်ပြရေးသားထားတဲ့အတွက် ဘယ်အချိန်မှာပဲဖြစ်ဖြစ် သိမှတ်လေ့လာပြီးတော့ ဘဝကို အဆင့်တန်းမြင့်အောင် နေထိုင်သွားစေရန်နှင့် အကျိုးရှိရှိ အဓိပ္ပာယ်ရှိရှိ နေထိုင်သွားနိုင်ရန် ရည်ရွယ်ပြီးတော့ ရေးသားလိုက်တဲ့ ဆောင်းပါးကောင်းတွေ ဖြစ်ပါတယ်။

အကြောင်းအရာတွေ စုံလင်သလို မှတ်သားစရာတွေလည်း အများကြီးပါပဲ။ ဒီစာအုပ်မှာ အခန်းကြီး(၄)ခန်းအထိ ခွဲခြားပြီး သူ့အခန်းနဲ့သူ တစ်ပုဒ်ချင်း မပျင်းရအောင် ရေးသားထားတာလည်း ဖြစ်ပါတယ်။ စာအုပ်လုပ်နေတဲ့အချိန်မှာ မိမိအနေနဲ့ အညာဘက် ခရီးသွားနေတာကြောင့် ပြန်လာမှလက်စသတ်လိုက်ရတဲ့အတွက် နောက်ကျသွားခဲ့ပါတယ်။

တကယ်တော့ ဟိုယခင်ကပြောခဲ့သလို စာအုပ်တစ်အုပ် ဖြစ်ဖို့က မလွယ်ကူလှပါဘူး။ အဘက်ဘက်က ပြည့်စုံမှသာ လွယ်လွယ်ကူကူ လျင်လျင်မြန်မြန်နဲ့ ပြီးစီးပြီး စာဖတ်သူလက်ထဲ ရောက်နိုင်တာပါ။ စာအုပ်ရဲ့ အရည်အသွေး အပြင်အဆင်စတာတွေနဲ့ ကုန်ကျစရိတ်ဆိုတာတွေလည်း တက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ထိုက်သင့်တဲ့တန်ဖိုးလည်း တက်သွားတာမျိုးလည်း ရှိပါတယ်။ သို့သော် မိမိတို့ရဟန်းတော်များအနေဖြင့်တော့ စီးပွားဖြစ် စာအုပ်ထုတ်ဝေ ရေးသားနေကြတာ မဟုတ်ပါဘူး။ ဒါကိုလည်း စာဖတ်ပရိတ်သတ်အနေနဲ့ နားလည်သိရှိပြီးဖြစ်ပါလိမ့်မယ်။ တန်ဖိုးရှိတာကို သိရင် တန်ဖိုးစကား ပြောနေမှာမျိုးမဟုတ်ပါဘူး။ အခု တန်ဖိုးရှိတဲ့ စာအုပ်ကောင်းတစ်အုပ် စာဖတ်သူရဲ့ လက်ထဲ ရောက်လာပါပြီ။ ခံစားဖတ်ရှုပြီး ဆုံးဖြတ်ကြပါကုန်။

မောင်မင်းစိုး

## ဓမ္မဒါန အလှူရှင်များ
(၂၀၂၀-ဇူလိုင်လ)

၁။ ဦးဝင်းမြင့်+Drဒေါ်ယဉ်ယဉ်ကြည်၊ မိသားစု၊
မန္တလေးလမ်း၊ ကန်တော်လေး၊ ရန်ကုန်မြို့၊ ၃၀၀၀၀၀
၂။ ဦးအောင်သန်း+ဒေါ်မာလာခိုင်မိသားစု၊
(ရွှေရည်ဦး စိန်ရွှေရတနာဆိုင်) ၁၀၀၀၀၀
၃။ ကိုညဏ်ထွန်းနှင့် ဓမ္မမိတ်ဆွေများ (၁၆.၆.၂၀) ၁၀၀၀၀၀
၄။ Dr ဦးမင်းဆွေ+Drဒေါ်မူမူရှိန်၊ မိသားစု၊
သား-Dr မောင်စိုးမင်းပိုင်၏ မွေးနေ့ ၁၀၀၀၀၀
၅။ မခင်သီတာခိုင် ၁၀၀၀၀
၆။ ကွယ်လွန်သူ ဦးတင် အားရည်စူး၍ ဦးမြင့်အောင်+
ဒေါ်သင်းသင်းနွယ်၊ မိသားစု၊ ၅၀၀၀၀
၇။ အထူးကုသမားတော် Dr ဒေါ်သန်းဆွေဆွေ၏(၆၉)
နှစ်ပြည့် မွေးနေ့မင်္ဂလာနှင့် မြေး မောင်မြတ်ထွတ်ဦး၏
(၇)နှစ်ပြည့် မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ်
ဦးစိန်တီ+Drဒေါ်သန်းဆွေဆွေ၊ မိသားစု
(၂၈.၆.၂၀၂၀) ၁၀၀၀၀၀

အခန်း(၁)

## အကောင်းဆုံး သင်္ကြန်

## (ယနေ့သင်္ကြန် အကြိုနေ့ (၁၂.၄.၂၀၂၀)

ကိုဗစ်ကူးစက်ရောဂါကြောင့် သင်္ကြန်ကာလမှာပင် အိမ်၌သာ နေတတ်ရန် တင်ပြပါမည်။

လောက၌ 'နေတတ်လျှင် ကျေနပ်စရာချည်း' ဟူသော စကားအတိုင်းပင် ယခုနှစ်သင်္ကြန်သည် အကောင်းဆုံးသင်္ကြန် ဖြစ်အောင် သင်္ကြန်ကျော်ဖြတ်နည်းကို ဇာတ်တော်တစ်ခုဖြင့် တင်ပြပါမည်။

အကောင်းဆုံးသင်္ကြန်ဟုပြောရခြင်းကား ကမ္ဘာ့ကပ် ရောဂါဖြစ်သော 'ကိုဗစ်-၁၉' ရောဂါသည် ၂၀၁၉-ခုနှစ် ကုန်ခါနီးက တရုတ်ပြည် ဝူဟန်ပြည်နယ်တွင် စတင်တွေ့ရှိခဲ့ သည်မှ အစပြုကာ ကမ္ဘာတစ်ဝှမ်း ကူးစက်ရောဂါအဖြစ် WHO က ကြေညာထားသည်။ အားလုံးသော လူသားတို့သည် မိမိတို့ အိမ်မှာပင်နေကြရန် အမိန့်ထုတ်ထားသည်။

ထိုရောဂါဖြစ်နေသည့်အတွက် သင်္ကြန်ကာလ၌ သင်္ကြန်

ရေလောင်းခြင်းမပြုကြရရုံမျှမက တရားတိုက်များ စာသင်တိုက်များ၌ လုစုလူဝေးအားလုံး ပိတ်ထားခဲ့ရသည်။

လူတိုင်းအိမ်မှာပင် နေကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေငြာထားသည်။ လူတိုင်း အိမ်မှာ ကျောင်းမှာ အကျယ်ချုပ်နေရသည့်ကာလဖြစ်နေသည့်အတွက် ယခုစာတမ်းများကို နေ့စဉ်ရေးသားခဲ့ခြင်းဖြစ်ပါသည်။

ဘုရားရှင် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီး၏ နန်းတွင်း၌ ဖြစ်ပွားသော အမတ်ကို အကြောင်းပြု၍ ဉာဏ်မဏိကုဏ္ဍလ ဇာတ်တော်ကို ဟောကြားသော တရားဖြစ်သည်။

## ဒုတိယပိုင်း

ဗာရာဏသီမင်းသည် ကာသိတိုင်းကို အစိုးရ၏။ သူ၏ အမတ်သည် ကောသလတိုင်း ကောသလရှင်ဘုရင်အား ဗာရာဏသီမင်းကို ဖမ်းစေ၍ နှောင်အိမ်ထဲချထားစေသည်။

ဗာရာဏသီမင်းသည် အကျဉ်းသားဘဝသို့ ရောက်ရှိသွားသည်။ အကျဉ်းသားဘဝသို့ ရောက်ရှိသွားသော ဗာရာဏသီမင်းသည် အကျဉ်းထောင်ထဲ အကျဉ်းသားဘဝဖြင့် စိတ်မပျက်ဘဲ တရားထိုင် တရားမှတ်နေသည်။

တရားမှတ်နည်းမှာ-

* ထက်ဝယ်ဖွဲ့ခွေ၊ ငြိမ်ငြိမ်နေ၊ စိတ်တွေ လျှော့၍ထား။

* ခါးကိုမတ်လျက်၊ လက်ချင်းယှက်၊ စိတ်ထွက်သောမသွား။

* မျက်စိကိုမှိတ်၊ အသိစိတ်၊ တိတ်တိတ်ရှုကာပွား။

* ထွက်လေ ဝင်လေ၊ ရှုပွားနေ၊ စိတ်တွေခိုင်ခိုင်ထား။

* မလှုပ်ကြွန္ဓေ၊ ငြိမ်ငြိမ်နေ၊ စိတ်တွေမလွင့်ပါး။

* ဆိတ်ငြိမ်ရာတွင်၊ ချဉ်းကပ်ဝင်၊ အလျင်ရှုကာပွား။

ဟူသော တရားထိုင်နည်းဖြင့် အကျဉ်းစခန်းထဲ တရားထိုင်နေသည်။

## ကောင်းကင်၌ထက်ဝယ်ဖွဲ့ခွေနေ

စစ်ရှုံးသမားဖြစ်သော်လည်း ဘဝမရှုံးပါပေ။ ထိုသို့ အကျဉ်းသားဖြစ်သော ဗာရာဏသီမင်းကြီးသည် တရားမှတ်ရင်း ဈာန်များရသဖြင့် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ နေသည်ကို မြင်လိုက်ရသော ကောသလမင်းသည် အံ့အားသင့်ပြီး "မြတ်သောမင်းကြီး ..၊ သင်သည် ဆင်မြင်းရထား, သား, မယားနှင့်၊ ပတ္တမြား စသည့် မင်းစည်းစိမ်တို့ကို စွန့်ရပါလျက်

အဘယ်ကြောင့် သောကကင်းဝေး စိတ်အေးချမ်းသာစွာ နေနိုင်ရပါသနည်း"ဟု မေးမြန်းလိုက်သည်။

## သောကကင်းဝေးတရားတော်

"ကာမဂုဏ်တို့ကို အလိုရှိသောမင်း …၊ သင်သိရမှာက စည်းစိမ်ဥစ္စာတို့သည် သတ္တဝါတို့ကို စွန့်တတ်ပါ၏။ သတ္တဝါတို့ကလည်း စည်းစိမ်တွေတို့ကို စွန့်တတ်ပါ၏။

ဥပမာဖြင့်ပြောရလျှင်-ထွက်လာသော နေမင်းသည် အမိုက်ပယ်ဖျောက် အလင်းရောက်စေလျက် ကွယ်ပျောက်ရ၏၊ ထို့အတူသတ္တဝါတို့သည်လည်းကောင်း၊ စည်းစိမ်တို့သည်လည်းကောင်း၊ ဖြစ်ပြီးလျှင် တစ်မျိုးမျိုးသောအကြောင်းတို့ကြောင့် ပျက်စီးကြရကုန်၏၊ ပျောက်ကြရကုန်၏။ ထို့သို့မမြဲခြင်းကို ငါသိသောကြောင့် သောကမဖြစ်ရပါ"ဟု ဟောကြားတော်မူလိုက်သည်။

ပုဗ္ဗေဝ မစ္စံ ဝိဇဟန္တိ ဘောဂါ၊
မစ္စော ဝါ တေ ပုဗ္ဗတရံ ဇဟာတိ။
အသဿတာ ဘောဂိနော ကာမကာမိ၊
တသ္မာ န သောစာမဟံ သောကကာလေ။

ကာမကာမိ၊ ကာမဂုဏ်တို့ကို အလိုရှိသော မင်းကြီး။ ဘောဂါ၊ စည်းစိမ်ဥစ္စာတို့သည်မူလည်း။ မစ္စံ၊ သတ္တဝါကို။ ဝိဇဟန္တိ၊ စွန့်ကုန်၏။ မစ္စောဝါ၊ ဥစ္စာရှင်သတ္တဝါသည်မူလည်း။ တေ၊ ဥစ္စာတို့ကို။ ပုဗ္ဗတရံ၊ ရှေးဦးစွာ။ ဇဟာတိ၊ စွန့်ရ၏။ ဘောဂိနော၊ စည်းစိမ်ရှင် ဥစ္စာရှင်တို့သည်။ အသဿတာ၊ မမြဲကုန်။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ သောက ကာလေ၊ သောကဖြစ်ကောင်းသောကာလ၌။ န သောစာမိ၊ မစိုးရိမ်။

အကျဉ်းသမားတစ်ယောက်ဖြစ်လျက် မစိုးရိမ်ခြင်းအကြောင်းကို မိန့်ကြားခြင်းဖြစ်သည်။ ဆက်၍လည်း "လနေတို့သည် ထွက်ချိန်ပြည့်ချိန်တို့၌ ထွက်၏ ပြည့်၏၊ ထို့နောက် အရှေ့မှ ထွက်သောလနေတို့သည်လည်း အနောက်သို့ ဝင်ကြရမြဲဖြစ်၏။" ဤသို့သော သဘောတို့ကို ကောင်းစွာထင်ထင် သိမြင်သောကြောင့် မစိုးရိမ်ပါဟု မိန့်ကြားလိုက်သည်။

## ပကောင်း (၄) မျိုး

ဆက်လက်၍ အကျဉ်းစံ ဗာရာဏသီမင်းက -

၁။ လူသားမှန်သမျှ ပျင်းနေလျှင် မကောင်းပါ။

၂။ ရဟန်းဖြစ်လျှင် ကိုယ်နှင့်နှုတ်ကို မစောင့်စည်း

လျှင်မကောင်းပါ။

၃။ မင်းဖြစ်လျှင် မစူးမစမ်း မဆင်မခြင် ပြုလုပ်ခြင်းသည် မကောင်းပါ။

၄။ ပညာရှိပါဖြစ်လျက် အမျက်ထွက်လျှင် မကောင်းပါ- ဟု မိန့်ကြားလိုက်သည်။

အလသော ဂိဟီကာဘောဂီ န သာဓု၊
အသညတော ပဗ္ဗဇိတော န သာဓု။
ရာဇာ န သာဓု အနိသမ္မကာရီ၊
ယော ပဏ္ဍိတော ကောဓနော တံ န သာဓု။
(ဇာ၊၃၊၁၄၂)

(ကာမကာမီ၊ ကာမဂုဏ်တို့ကို အလိုရှိသော မင်းကြီး။) အလသော၊ ပျင်းသော။ ကာမဘောဂီ၊ ကာမချမ်းသာကို ခံစားသော။ ဂိဟီ၊ လူသည်။ နသာဓု၊ မကောင်း။ အသညတော၊ ကာယကံကို မစောင့်စည်းသော။ ပဗ္ဗဇိတော၊ ရဟန်းသည်။ နသာဓု၊ မကောင်း။ အနိသမ္မကာရီ၊ မစုံစမ်း မဆင်ခြင်ပြုလေ့ရှိသော။ ရာဇာ၊ မင်းသည်။ န သာဓု၊ မကောင်း။ ပဏ္ဍိတော၊ ပညာရှိသည်။ ယော ကောဓနော၊ အကြင် အမျက်ထွက်ခြင်းကိုပြု၏။ တံ၊ ထိုအမျက်ထွက်ခြင်းသည်။ န သာဓု၊ မကောင်း။

## အကောင်း၄ – ချက်

ဒက္ခံ ဂဟပတိ သာဓု၊ သံဝိဘဇ္ဇဥ္စ ဘောဇနံ။

အဟာသော အတ္ထလာဘေသု၊ အတ္ထဗျာပတ္တိ အဗျထော။

(၁) ဒက္ခံ ဂဟပတိ သာဓု=လူမှန်သမျှတို့ မပျင်းမရိ လိမ္မာကျွမ်းကျင်ခြင်းသည် ကောင်း၏။

(၂) သံဝိဘဇ္ဇဥ္စ ဘောဇနံ=မိမိပစ္စည်းကို အလှူခံပုဂ္ဂိုလ်တို့နှင့် ခွဲဝေသုံးဆောင်ခြင်းသည် ကောင်း၏။

(၃) အဟာသော အတ္ထလာဘေသု= ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသောအခါ မာန်မာနမကြီးခြင်းသည် ကောင်း၏။

(၄) အတ္ထဗျာပတ္တိ အဗျထော=အကျိုးစီးပွား ပျက်စီးသောအခါ စိတ်ဓာတ်မကျခြင်းသည် ကောင်း၏။

ဤသို့ဣန္ဒြိယဇာတ်တော်၌ အကောင်း(၄)ချက် ဟောကြားထားသည်လည်း ရှိသေးသည်။ (ဇာ၊ဌ၊၃၊ ၄၄၂)

ဖော်ပြပါ'မကောင်း၄ မျိုး'ကို ထပ်မံချဲ့ကြည့်မည်ဆိုပါက တစ်ခုကိုမူတည်ပြီး ကျန်အချက်များကို မူလီအစဉ်ဖြင့် စက်လှည့် ထည့်သွင်းပြီး ဆက်လက်ဖော်ပြပါက–

၁။ လူသားမှန်သမျှ ပျင်းနေလျှင် မကောင်းပါ–ဟုဆိုသော်လည်း လူမှန်လျှင် –

– ကိုယ်နှုတ်မစောင့်စည်းပြန်လျှင်လည်း မကောင်းပါ၊

- မစူမစမ်းဆင်မခြင် ပြုလုပ်ခြင်းသည်လည်း မကောင်းပါ၊
- အမျက်ထွက်လွယ်လျှင်လည်း မကောင်းပါ။ ဤသည်တို့ကား လူမှန်သမျှ မဖြစ်စေရခြင်းတို့ပင်ဖြစ်သည်။

၂။ ရဟန်းဖြစ်လျှင် ကိုယ်နှင့်နူတ်စသော ဣန္ဒြေကို မစောင့်စည်းလျှင် မကောင်းပါ-ဟု ဆိုသော်လည်း
- ရဟန်းဖြစ်နေလျှင် အပျင်းထူနေလျှင်လည်း မကောင်းပါ၊
- မစူးမစမ်းပြုလုပ်လုပ်လျှင်လည်း မကောင်းပါ၊
- အမျက် ထွက် လွယ်လျှင်လည်း မကောင်းပါ။

၃။ မင်းဖြစ်လျှင် မစူးမစမ်းမဆင်မခြင် ပြုလုပ်ခြင်းသည်မကောင်းပါ-ဟုဆိုသော်လည်း
- မင်းမှန်သမျှ-အပျင်းထူနေလျှင်လည်း မကောင်းပါ၊
- မစူးမစမ်းပြုလုပ်လုပ်လျှင်လည်း မကောင်းပါ၊
- အမျက်ထွက် လွယ်လျှင်လည်း မကောင်းပါ။

၄။ ပညာရှိသူတော်ကောင်းသည် အမျက်ထွက်လျှင် မကောင်းပါ-ဟုဆိုသော်လည်း
- အပျင်းထူနေလျှင်လည်းမကောင်းပါ၊

- မစူးမစမ်းပြုလုပ်လုပ်လျှင်လည်း မကောင်းပါ၊
- အမျက်ထွက်လျှင်လည်း မကောင်းပါ။

## မစူးစမ်းမခြင်ဆင်သော တရုတ်ပြေးမင်း

၃။ မင်းဖြစ်လျှင် မစူးမစမ်းမဆင်မခြင် ပြုလုပ်ခြင်းသည် မကောင်းပါ-ဟူသော အချက်အတွက် ဆက်လက် တင်ပြပါမည်။

မြန်မာနိုင်ငံ ပုဂံမင်းဆက် (၅၅)ဆက်ထဲတွင် (၅၂) ဆက်ဖြစ်သော နရသီဟပတေ့မင်းအကြောင်း အကျဉ်းချုပ်တင်ပြပါမည်။

ဖခင်ဥဇနာမင်းကြီး နတ်ရွာစံတော်မူသောအခါ သားတော် နရသီဟပတေ့သည် ဘုရင်ဖြစ်လာသည်။ (နန်းစံ ၆၁၇–၆၄၈) ထိုဘုရင်၌ ထင်ရှားသော မိဖုရားကြီးများမှာ ဖွားစော ရင်ရွှေ ရွှေမောက် စောလုံစသည်ဖြင့် (၆)ဦး ရှိသည်ဟု ဆိုသည်။ ထိုနရသီဟမတေ့မင်းကို ရာဇဝင်ဆရာတို့က (တရုတ်ပြေးမင်း) ဟုလည်း ခေါ်ကြသည်။

ထိုမင်းသည် အစားလည်း ကျူးသည်၊ ဒေါသလည်းကြီး

သည်၊ အိပ်ရာမှထလျှင်ထခြင်း နီးရာဒုတ်ဓားလက်နက်တို့ဖြင့် ပစ်ပေါက်တတ်သည့် ဝါသနာဆိုး ညင်ဆိုးလည်း ပါလာသူ ဖြစ်သည်စသည်ဖြင့် ပုဂ္ဂိုလ်ရာဇဝင်တွင် နာမည်ဆိုးဖြင့် ထင်ရှားသော မင်းတစ်ပါးဖြစ်သည်။

ခေါင်းဆောင်အရည်အသွေးညံ့သူ အာဏာရှိလာလျှင် ထိုနေရာသည် နိမ့်ကျလာမြဲဖြစ်သည်။ ခေါင်းဆောင်တစ်ယောက်၏ အရည်အသွေးအပေါ်မူတည်ပြီး ထိုနေရာ ကြီးပွားတိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်း နိမ့်ကျခြင်းတို့သည် ဖြစ်မြဲသာဖြစ်သည်။ ထို့အပြင် ခေတ်ကာလနှင့် ဥတုရာသီပေါ်တွင်လည်း ထိုက်တန်သလောက် ပတ်သက်မှု ရှိသည်။

## မိဖုရားဖွားစော

ဖော်ပြပါအတိုင်း လုပ်လေသမျှ မစူးစမ်း မဆင်ခြင်ဘဲ ပြုလုပ်ခဲ့သည့်အတွက် အမှားအမျိုးမျိုး ရှိခဲ့သည်။ ထိုမင်း၏ အနီးအပါး ထိန်းကျောင်းပေးသော မိဖုရားဖွားစောသည် မိဖုရားကြီးဖြစ်ရုံမျှမက အနီးနေ အတိုင်ပင်ခံအမတ်ကြီးလည်း ဖြစ်နေသည်။ စဉ်းစားမရသော အချို့ကိစ္စများဖြစ်ပေါ်လာပါက မိန်းမကို တိုင်ပင်ရမည်ဟုလည်း မဃဒေဝ (ပိုဒ်၃၁၅)၌-

" ကိစ္စတသီး၊ အရေးကြီး၍၊
မပြီးနိုင်က၊ ကြံမရသော်၊

မိန်းမကိုသာ၊ တိုင်ပင်ရာ၏''ဟုဆိုထားသောကြောင့် မိဖုရားဖွားစောသည် ဘုရင်အား ထိန်းကျောင်းပေးနေရသည်။

မိဖုရားဖွားစောကို ပုပ္ပါးဒေသ ဆိတ်ထိန်းကဖြူရွာ၌ မွေးသည်ဟု ဦးကုလားရာဇဝင်တို့တွင် ဆိုထားသည်။ ယခု အခါ ထိုရွာကို ကဖြူရွာဟု ခေါ်သည်။ ငယ်စဉ်ကပင်တောထဲ အရိပ်အောက်၌ အိပ်နေစဉ် မြွေဟောက်တစ်ကောင်က ရစ်ပတ် ခွေပြီး ဦးခေါင်းပေါ်မှ ပါးပြင်းထောင်၍ မိုးပေးထားခြင်းကို ခံရသူဖြစ်သည်။

သူစိုက်ထားသည့်ပန်းပင်သည် ပန်းသုံးမျိုးပွင့်နေမှုက လည်း ထူးခြား၍နေပြန်သည်။ ထိုသို့သူစိုက်ထားသော ပန်း ပင်မှ ပန်းသုံးမျိုးဖြစ်သော ပုန်းညက်ပန်း၊ ချယားပန်း၊ စကား ပန်းဟူသည့် ပန်းသုံးမျိုးတို့ပွင့်ပေါ်လာခြင်းသည် မင်းသုံးပါး တို့၏ မိဖုရားကြီး ဖြစ်မည့် နိမိတ်ဖြစ်ပေလိမ့်မည်။

ထိုသို့တွေ့ကြုံရသောအခါ ရွာဦးဘုန်းတော်ကြီးက ထင် ရှားကျော်ကြားမည့်နိမိတ်ဖြစ်ကြောင်း မိန့်တော်မူသည်။ ဤ သို့ ဖြစ်ပေါ်နေချိန်၌ ဥဇနာမင်းကြီး ပုပ္ပါးသို့ရောက်ရှိလာရာမှ (၁၂)အရွယ်မျှရှိသေးသော ဖွားစောကို သိရှိသွားပြီး ပုဂံနေ ပြည်တော်သို့ ခေါ်ဆောင်သွားကာ မိဖုရားလည်းမကျ ကိုယ် လုပ်တော်လည်းမကဖြစ်လာရာမှ သူ့သားတော် လက်ထက် တွင် မိဖုရားကြီး ဖွားစောဖြစ်လာသူ ဖြစ်သည်။

မိဖုရားကြီးဖွားစောသည် ဥဇနာမင်းလက်ထက်မှ အစပြု က မင်းရေးမင်းရာအဖြာဖြာတို့ကို တွေ့ကြုံဖူးသည်ဖြစ်၍ မစူးမစမ်းလုပ်တတ်သော နရသီဟပတေ့မင်းအား ဖေးမ ပေးနေရသည်။ တစ်ခါသော်လည်း အမျက်တော်ရှသည့်အတွက် အမတ်ကြီး ရာဇသင်္ကြံကို အောက်ပြည်ဒလသို့ ရေကြောင်း ဖြင့်ပို့လိုက်ဖူးသည်။ မိဖုရားဖွားစော လျှောက်သည့်အတွက် ဒလမှပြန်ခေါ်ရပြန်သည်။

နရသီဟပတေ့မင်းသည် မစူးစမ်းမခြင်ဘဲ ပြုမူတတ် သည့်အတွက် စူးစမ်းဆင်ခြင်နိုင်ရန် မိဖုရားဖွားစောသည် သူကြားဖူးသော ရှေးစကားများကို သင်ကြားပေးထားသည်။ ထိုစကားတို့သည် လူသားတိုင်း သိထားသင့်သော စကား တို့ပင် ဖြစ်သည်။

"မင်းကြီး..ပြည့်ဝမ်းကို မဖောက်ရာ၊ ပြည့်ဦးကင်းကို မနှိမ်ရာ၊ ပြည့်တံခွန်ကိုလည်း မလှဲရာ၊ ပြည့်မျက်စိကိုလည်း မဖောက်ရာ၊ ပြည့်ရန်စွယ်ကိုလည်း မချိုးရာ၊ ပြည့်မျက်နှာ ကိုလည်း မဖျက်ရာ၊ ပြည့်ခြေပြည့်လက်တို့ကိုလည်း မဖြတ် ရာ" ဟု ကြိုတင်လျှောက်ထားဖူးသည်။

နရသီဟပတေ့မင်းသည် နောင်တစ်ချိန် တရုတ်တပ်များ ချီတက်လာသည့်အတွက် အောက်ပြည်အောက်ရွာသို့ ထွက် ပြေး တိမ်းရှောင်နေရသည်။ အဆင်ဉာဏ်မဲ့ခဲ့စွာပြုခဲ့သော၊

ပြောဆိုခဲ့သောကံတို့သည် ယခုအခါအကျိုးပေးတော့ မည်ဖြစ်သည်။ ဉာဏ်နည်းသော မင်းဖြစ်သည့်အတွက် မိဖုရား ဖွားစော လျှောက်ကြားသည့် ထိုစကားတို့ကို သူသဘောမပေါက်ခဲ့ပေ။

သို့ဖြင့် မိဖုရားဖွားစောက နောင်တွင်အကြောင်းသင့်လာသောအခါ စကား၏အကျယ်အဓိပ္ပါယ်ကို ပြောပြတော့မှ နောင်တကြီးစွာရသွားခဲ့သည်။

(၁) ပြည့်ဝမ်းကို မဖောက်ရာဟူသည်-ပြည်ကြီး၏ဝမ်းနှင့်တူသော သူဌေးသူကြွယ်တို့ကို အပြစ်မရှိဘဲလျက် အပြစ်ရှာတော်မူပြီး ဥစ္စာရွှေငွေတို့ကို ဖျက်ဆီးခြင်း၊ သိမ်းယူခြင်း၊ သားသမီးအမွေခံရှိလျက်နှင့် သားသမီး အမွေခံတို့အား မပေးဘဲ မင်းဘဏ္ဍာအဖြစ် သိမ်းယူခြင်းတို့သည် ပြည့်ဝမ်းကိုဖောက်သည်မည်ပါသည်။

(၂) ပြည့်ဦးကင်းကို မနှိမ်ရာဟူသည်-ပြည်ဦးကင်းနှင့်တူသော မှူးကြီးမတ်ကြီးတို့ကို အမျက်တော်ရှလျှင် မဆင်မခြင် မထောက်မချင့် ကွပ်မျက်တော်မူခြင်း၊ ဖျက်ဆီးတော်မူခြင်းတို့သည် ပြည့်ဦးကင်းကို နှိမ်သည်မည်၏။

(၃) ပြည့်တန်ခွန်ကို မလှဲရာဟူသည်-ပြည်တံခွန်နှင့်တူသော ရဟန်းပညာရှိ၊ လူပညာရှိတို့ကို အမျက်တော်ရှလျှင် မဆင်မခြင် မထောက်မဆ ပြုမူအမျက်ရှတော်မူခြင်းသည်ကား

ပြည်တံခွန်ကို လှဲသည်မည်၏။

(၄) ပြည်မျက်စိကို မဖော်ရာဟူသည်-ပြည်၏ မျက်စိနှင့်တူသော ပိဋကတ်နှင့်ဗေဒင်ပညာတို့ကို တတ်သိတော် မူသောပညာရှိ ပုရောဟိတ်တို့ကို အမျက်တော်ရှုပြီး နှိပ်စက် ဖျက်ဆီး အပြစ်ဒဏ်ပေးခြင်းတို့သည် ပြည်မျက်စိကို ဖောက်သည်မည်၏။

(၅) ပြည်စွယ်ကို မချိုးရာဟူသည်-တိုင်းပြည်၏ အစွယ်နှင့်တူသော မင်းညီမင်းသားတို့ကို ရှေ့နောက်ထောက်ဆခြင်းမရှိဘဲ အမျက်တော်ရှု၍ ပြုမူခြင်းသည် ပြည်စွယ်ကိုချိုးသည်မည်၏။

(၆) ပြည်မျက်နှာကို မဖျက်ရာဟူသည်-ပြည်၏ မျက်နှာနှင့်တူသော တိုင်းသူပြည်သားတို့၏ သားသမီးတို့ကို အနိုင်အထက် ယူတော်မူခြင်းသည်ကား ပြည်မျက်နှာကို ဖျက်ရာမည်၏။

(၇) ပြည်ခြေပြည်လက်ကို မဖြတ်ရာဟူသည်-သူသတ်တို့ကိုလည်းကောင်း၊ စစ်သည်သူရဲတို့ကိုလည်းကောင်း၊ သူလျှိုအမတ်တို့ကိုလည်းကောင်း အမျက်တော်ရှုလျှင် ရှေ့ရေးနောက်ရေး ပစ္စုပ္ပန်သံသရာရေးတို့ကို မထောက်ရှုဘဲ ပြုမူခြင်းတို့သည်ကား ပြည့်ခြေပြည့်လက်တို့ကို ဖြတ်သည် မည်၏။

ထိုသို့ မိဖုရားဖွားစောက ပြည့်ပြည့်စုံစုံ လျှောက်တင်

လိုက်သောအခါမှ ဘုရင်ကြီးက "ရှေးအခါက ငါ့ကို ဤသို့ ပြည့်ပြည့်စုံစုံ မလျှောက်ခဲ့ပါလား" ဟုဆိုကာ သံဝေဂများ ကြီးစွာရသွားသည်။

သူလွန်ကျူးခဲ့သည့်အတိတ်အစဉ်ကို အရိပ်ထင်သလို စိတ်တွင်ထင်လာခဲ့သည်။ နောင်တကြီးစွာရတော်မူသည်။ မစူးစမ်း မဆင်ခြင်ဘဲပြုလုပ်ခဲ့သည့် ဘုရင် နရသီဟပတေ့သည် ဤမျှလောက်ဖြင့် ရပ်တန့်မနေဘဲ ပုဂံဒေသသို့ တရုတ်တပ်များ ဝင်ရောက်လာသည်ဖြစ်၍ အောက်ပြည်အောက်ရွာ၌ တိမ်းရှောင် နေရပြီး ပုဂံသို့ပြန်ရန်ပြင်ဆင်နေစဉ် ပုသိမ်စားသား တော်နှင့် မုတ္တမစားသားတော်တို့က ပြည်မြို့စားသားတော် ဖြစ်သော သီဟသူထံ မဝင်ဖို့ လျှောက်တင်ကြသည်။

သီဟသူကလည်းသူ့အား ငယ်စဉ်က 'ဝက်လက်ခိုးမ သား' ဟု အပြောခံထားရသည့်အတွက် နှလုံးသား ဒဏ်ရာ နာကျည်းချက်တို့ဖြင့် ပြည့်နှက်နေသူဖြစ်သည်။ ခမည်းတော် သောဘာသော နည်းမလည်' ငါထံရောက် လာလျှင် သင်း သေစေရမည်' ဟု ခမည်းတော်အား အညှိုးအတေးတို့ဖြင့် ထွက်ပြေး လို့မရအောင် စစ်သည်ဗိုလ်ပါတို့ဖြင့် ပြင်ဆင်ထား သည်။

ပုသိမ်စားသားနှင့် မုတ္တမစားသားတော်တို့က မည်မျှပင် တားတား ဖခင်မင်းကြီးက 'သီဟသူသည် အဖေကိုတော့

ဒီလောက် မရက်စက်ရာ ဟု ခပ်ပေါ့ပေါ့ တွေးထားသည်။

သို့ဖြင့် နရသီဟပတေ့သည် ပုဂံနေပြည်တော်သို့ပြန်ရန်၊ ဧရာဝတီမြစ်မှ တစ်ဖြည်းဖြည်း ဆန်တက်တော်မူရန် ပြင်ဆင်နေရင်းဖြင့် ပြည်မြို့သို့ရောက်ရှိလာသည်။ နရသီဟပတေ့မင်းကြီးရောက်ရှိလာသည်နှင့် သားတော်သီဟသူက စီစဉ်ထား သည့်အတိုင်း ဒုက်ခါးလက်နက်များ ကိုင်ဆောင်ထားသူတို့နှင့် ဝန်းရံထားကြသည်။

သားဖြစ်သူ၏ နှုတ်မှလည်း "ခင်ဗျားဘယ်မှ ထွက်ပြေးဖို့ မကြံစည်နဲ့၊ ခင်ဗျားကို အားလုံးဝိုင်းထားကြပြီ၊ ဒုက်ခါးလက်နက်ဖြင့်သေချင်သလား၊ ဒီအဆိပ်ပါသော အစားကိုစားပြီးသေချင်သလား၊ ကြိုက်ရာရွေး" ဟုအမိန့်ပေးလိုက်သည်။

ထိုသို့အမေးခံလိုက်ရသော နရသီဟပတေ့မင်းသည် မျက်ရည်များဝဲလယ်နေသည့်မျက်နှာလေးနှင့် မိဖုရားကြီးဖွားစောမျက်နှာကို မော့ကြည့်လိုက်သည်။ မော့ကြည့် လိုက်သည့်အကြည့်က 'မိဖုရားကြီး ငါဘာနဲ့သေရမှာလဲ' ဟူသော အဓိပ္ပါယ်ပင်ဖြစ်သည်။

မိဖုရားကြီးဖွားစောကလည်း "သွေးထွက်သံယိုနဲ့ သေရသည်နှင့် စာလျှင် အစာစားပြီးသေရသည်က တော်သေးသည်

မင်းကြီး''ဟု သံတော်ဦးတင်လိုက်သည်။

စစ်ပြေးဘဝဖြစ်နေရသည့်အထဲ ဟင်းခွက် (၃၀၀)ရာ မပြည့်၍ ငိုခဲ့ရသော၊ အစားကျူးသော နရသီဟပတေ့မင်းသည် ယခုအခါမှာတော့ အစားဖြင့်ပင် နတ်ရွာစံခဲ့ရရှာသည်။ နောက်တစ်နည်းဖြင့်ပြောရလျှင် သားတော်သီဟသူက 'ဝက်လက်ခိုးမသားဟု ဒီပါးစပ်က ပြောခဲ့တာဖြစ်လို့ ဒီပါးစပ်က စားရင်းသေပေတော့'ဟူသော သဘောလည်း ရှိသည်။

ဤသို့ဖြင့် မိဘမေတ္တာကို မသိခဲ့သော၊ နားမလည်ခဲ့သော သီဟသူနှင့် နှုတ်ကို မစောင့်စည်းခဲ့သော၊ မစူးစမ်း မခြင်ဆင်သော ဘုရင်တို့ တွေ့ကြုံခဲ့သည့် မြန်မာ့ရာဇဝင်သမိုင်းသည် ရိုင်းလွန်းလှသည်။ အကျည်းတန်လွန်းလှသည်။

ဤသို့ နရသီဟပတေ့မင်းသည် မဆင်မခြင်ပြုခဲ့၊ ပြောခဲ့သည့်အတွက် သူ့ဘဝသည်လည်း ရာဇဝင်ဆိုးစွာဖြင့် ဘဝသမိုင်း ရိုင်းခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်က ''မင်းဖြစ်လျှင် မစူးမစမ်းမဆင်မခြင် ပြုလုပ်ခြင်းသည် မကောင်းပါ''ဟု မိန့်တော်မူခဲ့ခြင်းဖြစ်သည်။

## စူးစမ်းဆင်ခြင်ရကျိုး

နိသမ္မ ခတ္တိယော ကယိရာ၊ နာ'နိသမ္မ ဒိသမ္ပတိ။

နိသမ္မကာရိနော ရာဇ၊ ယသော ကိတ္တိ စ ဝဍ္ဎတိ။

ခတ္တိယော၊ မင်းသည်။ နိသမ္မ၊ စုံစမ်းဆင်ခြင်၍။ ကယိရာ၊ ပြုရာ၏။ ဒိသမ္ပတိ၊ မင်းသည်။ အနိသမ္မ၊ မစုံစမ်းမဆင်ခြင်မူ၍။ န ကယိရာ၊ မပြုရာ။ ရာဇ၊ မင်းကြီး။ နိသမ္မကာရိနော၊ စုံစမ်းဆင်ခြင်၍ ပြုလေ့ရှိသောမင်းအား။ ယသောစ၊ စည်းစိမ်အခြံအရံသည်လည်းကောင်း။ ကိတ္တိစ၊ ကျော်စောခြင်းသည်လည်းကောင်း။ ဝဍ္ဎတိ၊ တိုးပွား၏။

စူးစမ်းဆင်ခြင်တုံတရားဖြင့်ပြုလုပ်သော၊ ပြောဆိုသောတိုင်းပြည်အုပ်ချုပ်သူမင်းနှင့်ခေါင်းဆောင်တို့သည် စည်းစိမ်ပေါများခြင်း၊ အခြံအရံပေါများခြင်း၊ ကျော်စောထင်ရှားခြင်းတို့ဖြစ်ပွားတတ်၏ဟု မိန့်ကြားတော်မူလိုက်သည်။

ခေါင်းဆောင်အရည်အသွေးညံ့သူ
အာဏာရှိလာလျှင် ထိုနေရာသည်
နိမ့်ကျလာမြဲဖြစ် သည်။ ခေါင်းဆောင်
တစ်ယောက်၏ အရည် အသွေး
အပေါ်မူတည်ပြီး ထိုနေရာ ကြီးပွားခြင်း၊
တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်း နိမ့်ကျ
ခြင်းတို့သည် ဖြစ်မြဲသာ ဖြစ်သည်။

## အောင်နိုင်သူ

ရေးလက်စ ဇာတ်တော်ကို ပြန်လည်တင်ပြပါမည်။ ပြန်လည်ဆက်စပ်ပြီး ကြည့်ပါ။

ဗာရာဏသီမင်းသည် မိမိ၏ လောဘ ဒေါသ မောဟ တရားတို့ကို အောင်နိုင်လိုက်သဖြင့် တကယ့်အောင်နိုင်သူ ဖြစ်၍ ကောသလမင်းက တိုင်းပြည်ကို ပြန်လည်အပ်နှင်းလျက် ကန်တော့ရ၏။ ဤသို့ အလောင်းတော်ကြီးများ ဖြစ်ရာဘဝကို အကောင်းဆုံးဖြစ်အောင်နေခဲ့ကြသလို သကြိုန်၌ အကောင်းဆုံး နေတတ်ကြပါစေ။

ဇာတ်တော်ကို ပေါင်းတော်မူသောအခါ ထိုအချိန်က ကောသလမင်းသည် အာနန္ဒာဖြစ်ခဲ့သည်။ ထိုအခါက အကျဉ်းစံ ဗာရာဏသီမင်းသည် ယခုအခါ ငါဘုရားဖြစ်တော်မူ၏ ဟု ဇာတ်တော်ကို ပေါင်းပါသည်။

ဤဇာတ်တော်ကပေးသော သင်ခန်းစာတို့ကား များပြားလှ၏။ ရှင်ရောလူပါအားလုံး လိုက်နာစရာ များလှ၏။ နေရာတိုင်း ခေါင်းဆောင်ကြသည့် ပုဂ္ဂိုလ်တို့ သတိပြုစရာ ဆင်ခြင်စရာတို့ဖြင့် ပြည့်နေ၏။ အကျဉ်းစံမင်းကြီးဟောသော တရားကို အကျယ်ချဲ့လျှင် စာတစ်အုပ်စာပင်ရနိုင်သည်။

(ဇာ၊ဋ္ဌ၊၃၊၁၄၂) (ညောင်ကန် တ၊ ၁)

အမှတ်(၂)

## သီလစောင့်ထိန်းနည်း နှင့် ကောင်းကျိုးများ

ဒီနှစ်သင်္ကြန်မှာတော့ -

ကိုဗစ်ကြောင့် ပို့မျူမျစ်တဲ့အရွယ်မှာ

ကိုချစ်ရတဲ့သူတွေနဲ့ ဆိုဟာစ်ပြီးသင်္ကြန် မပျော်ရွှင်ရတော့ဘူးဆိုရင် ငယ်ငယ်က မောင်စွမ်းရည်ရဲ့ ဒွေးချိုးကဗျာလေးကို သတိရစရာကောင်းတာက -

* တစ်နေကုန် ယုံရှာ

ခြေရာမျှ မတွေ့။

* ယုံမရှိတာကြောင့်

ကြံ့မိကြံ့ရာ ရူးပြုတ်ဖို့

ဆူးပုတ်ရွက်တစ်ပွေ-တဲ့။ ကဗျာရဲ့ သဘောကတော့ 'ငါးမရ ရေချိုးပြန်မယ်' ဆိုတဲ့ သဘောပါ။

သင်္ကြန်မှာ ဥပုသ်စောင့်ကြမယ့်သူတွေ ဘုရားရှေ့မှာ

ကိုယ်တိုင်နှုတ်က မြွက်ဆိုပြီး သီလခံယူချင်ရင်လည်း ရပါတယ်။ တီဗွီကလာတဲ့ဆရာတော့်ထံမှာ သီလခံယူဆောက်တည်ရင်လည်းရတာပါပဲ။ မိမိတို့ရဲ့ ဖုန်းထဲ အသံထည့်ထားပြီးနောက်က နှုတ်ကလိုက်ဆိုပြီး သီလခံယူဆောက်တည်လျှင်လည်းရတာပါပဲ။

ဘာက အဓိကကျသလဲ ဆိုတော့ မိမိတို့စိတ်က 'သီလခံယူပါမည်' ဆိုတဲ့ စိတ်ကအဓိက ကျပါတယ်။ ပြီးတော့ သီလခံယူတဲ့အခါ ကျမ်းဂန်တို့မှာ 'ဝစီဘေဒေါ ပန ကာတဗ္ဗော ယေဝ' တဲ့ နှုတ်ကကို မြွက်ဆိုရမယ်လို့ဆိုထားလို့ပါ။

ဒါကြောင့် -

(၁) စိတ်ပါလက်ပါနဲ့ သီလခံယူလိုခြင်းရယ်။

(၂) နှုတ်မြွက်ပြီး ဆောက်တည်ရခြင်းရယ်တို့က အဓိကကျပါတယ်။ စိတ်ထဲက အဓိဋ္ဌာန်ပြုပြီး သီလဆောက်တည်ရင်ကော မရဘူးလားဘုရားလို့ လျှောက်လို့ရပါတယ်။ ရနိုင်စရာအကြောင်း ရှိပါတယ်။

ဒါ့ကြောင့် နှုတ်ကဆိုရင်ပိုပြီး ကောင်းပါတယ်။ ဒီထက်တတ်နိုင်ရင် လေးစားရတဲ့ ဘုန်းတော်ကြီးများထံ သီလ ခံယူရတာကတော့ အကောင်းဆုံးပါ။ ဒါနဥ္စမင်္ဂလာ၊ သမဏာနဥ္စဒဿနမင်္ဂလာ စတာတို့ ရရှိရုံမျှမက သီလခံယူပြီး အဖိုးမဖြတ်နိုင်တဲ့ အဆုံးအမဩဝါဒများရတော့ အင်မတန်မှ တန်ဖိုး

ရှိလှပါတယ်။

နေ့ဝက် ဥပုသ်စောင့်လို့ ရပါသလား?
လူ လူချင်းထံမှ သီလခံယူလို့ ရပါသလား?

သီလဆောက်တည်တဲ့အခါ နံနက်မအားလို့ နေ့လယ်မှ, ညနေမှ စောင့်ရင်ကော မရဘူးလားဘုရားလို့ လျှောက်ထားစရာရှိပါတယ်။ အဲဒီလို စောင့်ထိန်းရင်လည်း ရပါတယ်။

ဂင်္ဂမာလဇာတ်တော်မှာ ဘုရားရှင်ရဲ့ အလောင်းတော်ဆင်းရဲသားဟာ သုစိပရိဝါရ သူဌေးကြီးထံမှာ အခစားအလုပ်ဝင်လုပ်ရပါတယ်။ အဲဒီ သူဌေးကြီးအိမ်မှာက နေ့စဉ်ငါးပါးသီလစောင့်ထိန်းရတယ်၊ ဥပုသ်နေ့တိုင်း ဥပုသ်သီလ ဆောက်တည်ကြရပါတယ်။

အလောင်းတော်ကြီးဟာ ဥပုသ်နေ့မှာ သီလခံယူဖို့ သိမထားလို့ အလုပ်သွားလုပ်ပါတယ်။ ညနေမှ ပြန်ရောက်လာပါတယ်။ အခြားလူတွေ ဥပုသ်စောင့်တာကို သိရတော့ သုစိပရိဝါရသူဌေးကြီးထံမှာ သီလခံယူလိုကြောင်းပြောတော့ သူဌေးကြီးက 'နေ့ဝက်စောင့်ရင် နေ့ဝက်ရဲ့ အကျိုးရမယ်' လို့ ဆိုတာနဲ့ သူ့ထံမှာပဲ သီလဆောက်တည်ပါတယ်။

ဒီမှာ လူလူခြင်း သီလခံယူလို့ရတယ်ဆိုတဲ့ အထောက်

အထားတစ်ခုပါ။ သီလရှင်ဆရာကြီးတွေထံ သီလခံယူ ကောင်းတယ်ဆိုတာ အထူးပြောဖွယ် မလိုတော့ပါဘူး။

အလောင်းတော်ကြီးဟာ သူဌေးကြီးထံမှာ ညနေမှ ဥပုသ်စောင့်လိုက်ပါတယ်။ တစ်နေကုန်ဘာမှ မစားတဲ့အတွက် ညရောက်တော့ လေနာရောဂါက ဖောက်လာပါတယ်။ နံနက်နေထွက်စမှာတော့ ဗာရာဏသီမင်းကြီးနဲ့ မိဖုရားကြီးတို့ဟာ ကျက်သရေရှိလှသော အသွင်အပြင်ဖြင့် တိုင်းခန်းလှည့်လည်လာပါတယ်။

ရောဂါဆိုးနေတဲ့ အလောင်းတော် အလုပ်သမားက ဘုရင်နဲ့ မိဖုရားတို့ရဲ့ ကျက်သရေရှိမှုကို မြင်ရပြီးအားကျကာ စုတေသွားပါတယ်။ ဟိုဘက်ဘဝ မိဖုရားကြီးရဲ့ ဝမ်းမှာ ပဋိသန္ဓေကိန်းပါတယ်။ မွေးဖွားလာတော့ 'ဥဒယကုမာရ' မင်းသားလို့ နာမည်မှည့်ကြပါတယ်။ နေ့ဝက်သီလကြောင့် ဥဒယမင်းသား၊ နောင်တော့ ဥဒယမင်းကြီးဖြစ်လာခဲ့ပါတယ်။

နေ့ဝက် စောင့်ထိန်းရတဲ့ ဥပုသ်ကုသိုလ်က အခုလို 'ဥဒယမင်းကြီးဖြစ်ရတယ်' ဆိုပြီး ဇာတိဿရဉာဏ်ကြောင့် သိမြင်ရပြီး "နည်းနည်းလေးကောင်းမှုက အများကြီး ကောင်းကျိုးရတယ်" ဆိုပြီး အချိန်တိုင်း နှုတ်ကတိုးတိုး အမြဲရွတ်ဆိုနေပါတယ်။

နေ့ဝက်သီလကြောင့် သီလရဲ့အကျိုးကို သိရတာကြောင့်

အားကျပြီး သူ့ရဲ့ ဆေတ္တာသည် ဂင်္ဂမာလလည်း ရဟန်းပြု သီလဆောက်တည် တရားအားထုတ်ခဲ့သည့်အတွက် ဂင်္ဂမာလ ပစ္စေကဗုဒ္ဓါ ရယ်လို့ အဲဒီလို ဖြစ်သွားရပါတယ်။ ဒါကြောင့် ဒီဇာတ်တော်ကိုလည်း 'ဂင်္ဂမာလဇာတ်တော်' လို့မှည့် ခေါ်ပါတယ်။ ရောဂါဆိုး အန္တရာယ်ဆိုး အမျိုးမျိုးတို့မှ ကင်းဝေးကြပါစေ။

(၁၄ ・ ၄ ・ ၂၀၂၀)

အမှတ်(၃)

## စိတ်ထားနည်း

ဒီသကြိန်အချိန်မှ မဟုတ်ပါဘူး၊ ဘယ်အချိန် အဘယ် နေရာမျိုး ဘယ်ဘဝမျိုးမှာပဲဖြစ်ဖြစ် စိတ်ချမ်းသာဖို့ဆိုတာ စိတ်ထားတတ်ဖို့က အဓိကအချက်ပါပဲ။ ဒါကြောင့် 'စိတ်ထားတတ်က မြတ်တယ်' လို့ ဒီလို ရှေးက ဆိုထားတာပါ။

ကုသိုလ်ဖြစ်ဖို့ဆိုတာ ယောနိသောမနသိကာရပါမှ ကုသိုလ်အားလုံးဖြစ်ခွင့်ရမှာပါ။ အဲဒါကိုပဲ -

"ကုသလံ ယောနိသောမနသိကာရ ပဒဋ္ဌာနံ" လို့ ကျမ်းတို့မှာ (နီ၊ဋ္ဌ၊၁၊၁၀၅) ဆိုထားပါတယ်။

ယောနိသော မနသိကာရ-ကို 'ကုသိုလ်ရခြင်းရဲ့ နီးစွာသော အကြောင်း' လို့လဲ ဆိုပါတယ်။

တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားက -
"သင့်တင့်အောင် နှလုံးသွင်းမှု" လို့ဆိုထားပါတယ်။
မဟာစည်ဆရာတော်က -
"ကုသိုလ်ရအောင်တွေးခြင်း" လို့ဆိုပါတယ်။
အချို့ဆရာတော်တို့က -
"အကောင်းမြင်ဝါဒ" လို့ဆိုပါတယ်။ အဲဒါတွေ အားလုံးကို ခြုံပြောရရင် စိတ်ထားတတ်ခြင်းလို့ပဲ ဆိုရမှာပါ။

## ရှင်ပုဏ္ဏ၏စိတ်ထား

(ပုဏ္ဏောဝါဒသုတ်၊ ဥပရိပဏ္ဏာ ၃၁၁)

စိတ်ထားတတ်သူ တစ်နည်းအားဖြင့်ပြောရလျှင် သည်းခံခြင်းရှိသူကို ပြောပါဆိုလျှင် ရှင်ပုဏ္ဏကိုပင် ညွှန်းဆိုရပါလိမ့်မယ်။ အဲဒီ ရှင်ပုဏ္ဏဆိုတာ ဘုရားရှင်ရဲ့ ညီတော် ရှင်အာနန္ဒာကို သောတာပန်ဖြစ်အောင် ဟောကြားပေးခဲ့သူပါ။ ဝိသုဒ္ဓိ(၇)ပါးကို ရထား(၇)စင်းဥပမာဖြင့် ရှင်သာရိပုတ္တရာပင် အံ့အားသင့်အောင် ဥပမာ ဥပမေယျတို့နဲ့ ဟောတတ်လွန်းလို့ သူ့ကို "ဓမ္မကထိက ဧတဒဂ်" ဆိုတဲ့ ဘွဲ့ထူးဖြင့် ဘုရားရှင်ကပင် ချီးကျူးရသူပါ။ အဲဒီရှင်ပုဏ္ဏရဲ့ စိတ်ထားကို ကြည့်ရ

အောင် -

ဘုရားရှင် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း ကိန်းအောင်း စံပျော်နေခိုက် ညချမ်းအချိန်မှာ ရှင်ပုဏ္ဏက ဘုရားရှင်ထံမှောက် ရောက်လာပြီး "မြတ်စွာဘုရား ..တပည့်တော်အား တရားအကျဉ်းလေးကို ဟောညွှန်ပေးပါဘုရား၊ တပည့်တော်က အဲဒီ အဆုံးအမကို နာယူပြီး တစ်ယောက်တည်း မမေ့မလျော့သော သတိနဲ့ နေပါ့မယ်ဘုရား" လို့ လျှောက်ထားလို့ ဘုရားရှင်က ဆက်ဟောပါတယ်။

"ပုဏ္ဏ ..၊ လိုချင်ဖွယ်, နှစ်သက်ဖွယ်, မြတ်နိုးဖွယ်, ချစ်ဖွယ်သဘောရှိတဲ့ ကာမရာဂနှင့် ဆက်သွယ်လျက် တပ်စွန်းဖွယ် စက္ခုဝိညာဉ်နဲ့သိအပ်သော အဆင်းရူပါရုံတို့ ရှိကြပေကုန်၏။ အဲဒီသူဟာ အဲဒီ ရူပါရုံကို နှစ်သက်တမ်းတ စွဲမက်မှု တတ်မက်မှုဆိုတာ ဖြစ်ပေ၏။ ပုဏ္ဏ .. အဲဒီ စွဲမက်ခြင်း စွဲလန်းခြင်းကြောင့် ဆင်းရဲဒုက္ခဖြစ်ရတယ်လို့ ငါဟောချင်တယ်။ (နန္ဒီသမုဒယာ ဒုက္ခသမုဒယော ပုဏ္ဏာတိ ဝဒါမိ)။

အဲဒီလိုပဲ ပုဏ္ဏ ..၊ ကျန်တဲ့သဒ္ဒါရုံစတဲ့ အာရုံတို့အပေါ်မှာလဲ နှစ်သက်စွဲလန်းမယ်ဆိုရင် အဲဒီနှစ်သက် စွဲလန်းမှု တပ်မက်မှုတို့ကြောင့် ဒုက္ခဆင်းရဲများ ဖြစ်ကြရလိမ့်မယ်" လို့ ဘုရားရှင် ကိုယ်တော်မြတ်က ရှင်ပုဏ္ဏအား အာရုံငါးပါး

ကာမဂုဏ်တရားတို့အပေါ် နှစ်သက်စွဲလန်းနေကြလို့ ဆင်းရဲဒုက္ခဖြစ်နေကြတာလို့ ဟောလိုက်ပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်က "ပုဏ္ဏ..၊ ငါဘုရားရဲ့အကျဉ်းတရားကို နာကြားပြီး သင် အဘယ်ဇနပုဒ်မှာနေမှာလဲ" လို့ မေးမြန်းတဲ့အခါ "တပည့်တော် သုနာပရန္တ အမည်ရတဲ့ဇနပုဒ်သို့ သွားနေပါမယ်ဘုရား" လို့ လျှောက်လိုက်ပါတယ်။

ဘုရားရှင်က "ပုဏ္ဏ..၊ သုနာပရန္တတိုင်းသားတို့ဟာ အလွန်ကြမ်းကြုတ်ကြတယ်၊ ခက်ထန်ကြတယ်။ အဲဒီတိုင်းသားတွေက သင့်ကို ဆဲရေး ခြိမ်းခြောက်မယ်ဆိုရင် သင် ဘယ်လို လုပ်မှာလဲ"

"မြတ်စွာဘုရား .. သုနာပရန္တတိုင်းသားတို့ဟာ အလွန်တော်ပါပေစွ၊ ငါ့အား ဆဲရေးခြိမ်းခြောက်ရုံမျှသာ ပြုကြတာ၊ လက်နဲ့ မပုတ်ခတ်ပေဘူးလို့ ဒီလို သူတို့ကို ချီးကျူးရမှာပါဘုရား"

"ပုဏ္ဏ..၊ လက်နဲ့ ပုတ်ခတ်ချင်လဲ ပုတ်ခတ်မယ်ဆိုရင်ကော"။

"မှန်ပါမြတ်စွာဘုရား..တပည့်တော်အား အဲဒီ သုနာပရန္တ တိုင်းသားတို့ဟာ တော်ပါပေစွ၊ ငါ့အား လက်ဖြင့်သာ ပုတ်ခတ် ကြတာ။ ကျောက်ခဲတို့ဖြင့် ပစ်မပေါက်ကြသေးဘူးလို့ ဒီလို ချီးကျူးရမှာပါဘုရား .."။

"အေး ..ကျောက်ခဲတို့ဖြင့်ပေါက်ရင်ကော"

" မှန်ပါဘုရား ..တုတ်နဲ့မှ မရိုက်ကြသေးတာဘုရား"

"တုတ်ဖြင့် ရိုက်ရင်ကော"

"ဓားဖြင့် ခုတ်ပြီးအသေ မသတ်ကြသေးတာ ဘုရား"

"ဓားဖြင့် အသေသတ်ကြရင်ကော"

"ဓားဖြင့် အသေသတ်ရာမှာလဲ ကိုယ်မှာဖြစ်စေ၊ အသက်မှာ ဖြစ်စေ ငြီးငွေ့ရှုံ့ရှာ စက်ဆုပ်ကြလို့ သေစေနိုင်တဲ့ဒုက်ဓား လက်နက်တို့ကို ရှာဖွေခဲ့ကြတဲ့ ဘုရားရှင်ရဲ့တပည့်တို့များစွာ ရှိခဲ့ကြပါတယ်ဘုရား။ အဲဒီ ဒုက်ဓားလက်နက်တို့ကို ငါ့မှာ ရှာဖွေစရာ မလိုတော့ဘူး"လို့ ဒီလို နှလုံးသွင်းပါမယ်ဘုရား။

"ပုဏ္ဏ..၊ ကောင်းလေစွ၊ သင်သည် သည်းခံခြင်းဟူသော ယဥ်ကျေးခြင်းနှင့်ပြည့်စုံတဲ့အတွက် သွားနိုင်ပါပြီ" လို့ မိန့်ကြားတော်မူခဲ့တယ်။ ရှင်ပုဏ္ဏစိတ်ထားဖြင့် တရားရသည့်တိုင်အောင် သည်းခံနိုင်ကြပါစေ။ ရှင်ပုဏ္ဏရဲ့ စိတ်ထားနည်းအတိုင်းသာ လူတိုင်းထားနိုင်ကြရင် ကိုယ်တိုင်လည်းချမ်းသာမှာ ဖြစ်သလို သူတစ်ပါးတို့အားလည်း ချမ်းသာစေမှာဖြစ်ပါလိမ့်မယ်။

အမှတ်(၄)

## သင်္ကြန် အခမ်းအနားပွဲယ် နှင့် သင်္ကြန် တရားတော်

(ယနေ့ ၁၆.၄.၂၀၂၀၊ သင်္ကြန်အတက်နေ့)

နှစ်သစ်ကူးချိန်ကို တန်ခူးနွေကာလ သင်္ကြန်ကာလဟု ဆိုကြသည်။ မူရင်းစကားသည် သင်္ကန္တမှလာသည်ဟု ဆိုသည်။ (နှစ်စဉ်ပြီ ၁၆-ရက်တိုင်းအတက်နေ့ဖြစ်သည်)

သင်္ကန္တမှ သင်္ကြန်ဟုပြောင်းလဲ ခေါ်ဆိုကြခြင်းဖြစ်သည်။ သင်္ကန္တဟူသည်-တနင်္ဂနွေဂြိုဟ်သည် မိန်ရာသီမှ မိဿရာသီသို့ ပြောင်းရွေ့သည်ဖြစ်၍ သင်္ကြန်ဟုဆိုသည်။ ပြောင်းရွေ့ခြင်း ပြောင်းလဲခြင်းကို သင်္ကန္တဟုဆိုခြင်းဖြစ်သည်။

မြန်မာတို့သည် တန်ခူးလရာသီ၌သင်္ကြန်ကာလအဖြစ် ကျင်းပကြသည်။ ကမ္ဘာပေါ်ရှိနိုင်ငံများ၌ ကိုယ့်နိုင်ငံ ကိုယ့်ယဉ်ကျေးမှုအရ နှစ်ဟောင်းမှ နှစ်သစ်ကူးကာလကို ကျင်းပလျက်ရှိကြသည်။ မည်သည့်နိုင်ငံ မည်သည့်လူမျိုးဖြစ်ဖြစ် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းလျက် ကျင်းပကြသည်။

## သတ္တဝါတိုင်းသကြံန်

မြန်မာနိုင်ငံမှာတော့ တန်ခူးလကို သင်္ကြန်ပွဲတော်အဖြစ် သတ်မှတ်ခဲ့ကြသည်။ အမှန်တကယ်ပြောရလျှင် 'ပြောင်းလဲခြင်း'ကို သင်္ကြန်ဟုခေါ်ရသည်။ ထိုသို့ပြောင်းလဲခြင်းဟူရာ၌ သက်ရှိတို့၏ ပြောင်းလဲခြင်း၊ သက်မဲ့တို့၏ ပြောင်းလဲခြင်းဟု နှစ်မျိုး ခွဲခြားနိုင်သည်။

သတ္တဝါတိုင်းသည် နေ့စဉ်ပြောင်းလဲနေကြသလို နေ့စဉ် သင်္ကြန်ရှိနေကြသည်။ မည်သည့်သတ္တဝါ၏ ရုပ်နာမ်တရားတို့မှ ရုပ်တန့်ထားလို့ မရစကောင်းပါပေ။ သတ္တဝါများ၌ ငယ်ရွယ်စဉ်ကာလ နုပျိုလန်းဆန်းလျက် ရှိကြသည်၊ ပြည့်ပြည့်ဖြိုးဖြိုးနှင့် ကြည့်ကောင်းကြသည်။

သို့သော် ကြည့်ကောင်းသော အရွယ်လေး၌ 'ရုပ်တန့်ထားပါမည်'ဟု မည်သူမှ ရုပ်တန့်ထားလို့ မရနိုင်ပါ၊ ယင်းသို့ ဆိုလျှင်သတ္တဝါတို့၏ ရုပ်နာမ်တရားတို့ ခဏတိုင်း ပြောင်းလဲနေခြင်းသည် သင်္ကြန်ပင်ဖြစ်သည်။ သို့သော်လည်း ယင်းရုပ်နာမ်တို့၏ ပြောင်းလဲနေသည့် သင်္ကြန်ကျနေခြင်းကိုတော့ ဉာဏ်နုနေကြသောကြောင့် မမြင်ကြပါကုန်။

## သင်္ကြန်ဝတ္ထု

ယခုလို နွေကာလ၌ တောတွေတောင်တွေကို ကြည့်လိုက်

လျှင် သစ်ပင်အပေါင်းတို့သည် ရွက်ဟောင်းတွေ ကြွေကျ မြေခနေကြ၍ သစ်ခြောက်ပင်တွေလားဟုပင် ထင်မှားစရာ ဖြစ်နေသည်။

ဗာရာဏသီပြည်၌ စာတုမာသိကဗြဟ္မဒတ် အမည်ရှိ သောမင်းသည် စိုးစံလျက်ရှိသည်။ ထိုမင်းကြီးသည် နွေကုန် လုလုအချိန်၌ ဥယျာဉ်တော်သို့ သွားခဲ့သည်။

ထိုအချိန် သစ်ပင်များ၌ ပုရစ်ဖူးလေးများ ပေါ်စ နုစ ပွင့်တံအင့်အင့်တို့ အစုံစုံဖူးကြ ပွင့်ကြသောကာလဖြစ်သည့် အားလျော်စွာ ကသစ်ပင်တို့မှာလည်း နီနီရဲရဲ နုနုထွတ်ထွတ် ပင်လုံးကျွတ် ပွင့်နေကြသည်။ ဘုရင်ကြီးသည် မြင်ရသူတို့ နှလုံးဘဝင်ကို ပြုံးရွှင်စေသည့် ပင်လုံးကျွတ်ပွင့်နေသည့် ကသစ်ပင်အောက်၌ စံနေတော်မူသည်။

မိုးတွင်းကာလသို့ ရောက်သည်ရှိသော် ဥယျာဉ်တော်သို့ ဘုရင်ကြီးသည် သွားပြန်သည်။ မိုးတွင်းကာလဖြစ်နေသည့် အတွက် တစ်တောလုံး တစ်တောင်လုံး သစ်ပင်တိုင်းသည် စိမ်းစိုညို့ဆိုင်း အုံ့မှိုင်းနေသည်။ မြကမ္ဗလာကြီးဖြင့် ဖုံးအုပ် ထား ရှေ့သလားဟုထင်ရလောက်အောင် စိမ်းစိုနေသည်။ ထိုအချိန်မှာလည်း ဘုရင်ကြီးသည် အရွက်များပိတ်ပိတ် သည်းသည်း ထူထူထပ်ထပ် ရှိလှသည့် ကသစ်ပင်အောက်၌ပင် စံနေတော်မူ သည်။

# နွေကာလဥယျာဉ်တော်

လေးလလျှင်တစ်ကြိမ် ဥယျာဉ်တော်သို့ သွားလေ့ရှိသည့်အတွက် စာတုမာသိကမင်းဟုခေါ်ကြခြင်းဖြစ်သည်။ ထိုမင်းသည် ယခုလို နွေကာလသို့ ရောက်ရှိလာပြီ ဖြစ်သည့်အတွက် ဥယျာဉ်တော်သို့ သွားရန်စီစဉ်ကြသောအခါ "နားခိုနေကြ ကသစ်ပင်အောက်မှာပင် ပြင်ဆင်ထားကြ" ဟု အမိန့်ရှိ၍ပြင်ထားကြသည်။

မှူးမတ်တို့သည် အခြားအရိပ်ကောင်းသည့် သစ်ပင်များ၌ နားခိုသော်လည်း အရွက်တစ်ရွက်မျှပင်မရှိသော သစ်ခြောက်ပင်ကြီးနှင့်အလားတူသည့် ကသစ်ပင်အောက်၌ မင်းကြီးသည် စံနေသည်။

သလွန်ညောင်စောင်းထက်က အထက်ကို ကြည့်လိုက်၊ အောက်ကိုကြည့်လိုက်နှင့် နေကျဲကျဲတောက် ပူပြင်းလှသည့် နွေနေပူကို ကြွံကြွံခံရင်း လျောင်းလိုက် ထိုင်လိုက် ထလိုက် လမ်းလျှောက်လိုက်နှင့် သူ၏စိတ်အစဉ်မှာလည်း 'ကြည့်စမ်း ပထမအကြိမ်လာစဉ်က နီနီထွေးထွေး နုနုဖတ်ဖတ်၊ နောက်တော့ စိမ်းလို့ စိုလို့။ အဲဒါတွေ အခုမရှိတော့ပါလား၊ သက်ရှိတွေမှာသာ ဇရာဆိုတဲ့ အိုခြင်းတရားကညှင်းဆဲသည် မဟုတ်သေး၊ သက်မဲ့ဖြစ်သည့် တောတောင်တို့မှာလဲ နှိပ်စက်နေပါလား၊ အော် ငါ့ရဲ့ရုပ်နာမ်တို့မှာလည်း အဖန်ဖန် နှိပ်စက်

နေပါလား'ဟု အတိတ်အစဉ်ကို အရိပ်ထင်သလို စိတ်တွင် ထင်မှတ်နေသည်။

အပြင်ဗဟိဒ္ဓမှာ ဖြစ်နေသည့် အဖြစ်အပျက်တို့ကို မိမိ၏ ခန္ဓာကိုယ်ကို လက္ခဏာယဉ် သုံးပါးတင်၍ ရှုဆင်ခြင်သည့် အခါ လေးမဂ် လေးဖိုလ်ရ၍ 'စာတုမာသိက ပစ္စေကဗုဒ္ဓါ၊ ကောဝိဠာရပစ္စေကဗုဒ္ဓါ'ဟု ဘွဲ့တော်နှစ်မျိုးဖြင့် အရဟတ္တဖိုလ် သို့ ဆိုက်ရောက်ခဲ့ပါသည်။

လေးလတစ်ကြိမ် ဉယျာဉ်တော်သို့သွားသည့် အတွက် 'စာတုမာသိကပစ္စေကဗုဒ္ဓါ'ဟူ၍၎င်း၊ နားခိုရာ သစ်ပင်ကို အစွဲပြု၍လည်း'ကောဝိဠာရပစ္စေကဗုဒ္ဓါ'ဟူ၍၎င်း၊ အမည် (၂)မျိုး ရရှိခဲ့ခြင်းဖြစ်သည်။

ပစ္စေကဗောဓိဉာဏ်ကိုရရှိပြီးသော်လည်း လူ့အသွင် ဖြင့်သာ ရှိနေသေးသည်။ ညနေစောင်းပြီဖြစ်၍ မှူးကြီးမတ်ကြီး များက "အရှင်မင်းမမြတ်..နေပြည်တော်သို့ပြန်ရန် အချိန်တန် ပါပြီ"ဟုလျှောက်သောအခါ "ငါ..မင်းကြီး မဟုတ်တော့ ဘူး"ဟု မိန့်ကြားလိုက်သောအခါ သံတော်ဦးတင်ကြသော မှူးကြီးမတ်ကြီးများသည် နေ့လယ်ကပင် ခြစ်ခြစ်တောက် ပူနေသည့်အချိန် သစ်ခြောက်ပင်နှင့်တူသော သစ်ပင်အောက်၌ သွားရပ်ထိုင်လျှောင်း ပြုနေသော မင်းကြီးကို ကြည့်ပြီး 'တို့ မင်းကြီးစိတ်မှကောင်းသေးရဲ့လား"ဟု တွေးနေကြသည်။

ယခုတော့ 'ငါမင်းကြီးမဟုတ်တော့ဘူး'ဟု ပြောလိုက်ခြင်းသည် ထိုအမတ်ကြီးတို့၏ သံသယကို တိုးပွားစေပါလိမ့်မည်။ သို့သော်လည်း အမတ်ကြီးများက "အရှင်မင်းကြီး..၊ မင်းကြီးမဟုတ်ရင် ဘာပါလဲဘုရား"ဟု လျှောက်ထားတော့ "ငါပစ္စေကဗုဒ္ဓါဖြစ်သွားပြီ"ဟုမိန့်ကြားသည်။

"အရှင်မင်းကြီး ပစ္စေကဗုဒ္ဓါတို့ဟူသည် ဖန်ရေစွန်းသော အဝတ်သင်္ကန်းကို ဝတ်ဆင်ကြရပြီး ဦးခေါင်းတုံးလျက်ရှိသည်ဟု ကြားဖူးပါသည်ဘုရား"ဟု သံတော်ဦးတင်လိုက်သည့်အချိန် ညာဖက်လက်တော်ဖြင့် ဦးခေါင်းတော်ကို ရှေ့မှနောက်သို့ သုံးသပ်လိုက်သောအခါ ဝါတော်ခြောက်ဆယ်ရရှိတော်မူသော ပစ္စေကဗုဒ္ဓါလိုဖြစ်သွားရသည်။

ယခုစာတုမာသိက ပစ္စေကဗုဒ္ဓါသည် သစ်ရွက်များဝါထိန်ပြီး မြေခ ကြွေကျသည်ကို မြင်ရသဖြင့် မမြဲဆင်းဆင်းရဲခြင်း၊ အစိုးမရခြင်း သဘောတရားများကို ဆင်ခြင်ရှုမှတ်လိုက်သည့်အတွက် ပစ္စေကဗုဒ္ဓါဖြစ် သွားရခြင်းဖြစ်သည်။ အသက်(၆၀)ရှိသူတို့သည် သစ်ရွက်ကြွေသော နွေကာလ နှစ်ပေါင်း(၆၀)ကြုံခဲ့ကြရပြီ ဖြစ်သည်။ သို့သော်လည်း ဝိပဿနာဉာဏ်အမြင်တို့ အားနည်းသည်ဖြစ်၍၄င်း၊ ထိုသို့ရှုမှတ်သည် ဖြစ်၍၄င်း၊ တရားထူးကို မရခြင်းဖြစ်သည်။

တရားထူးရခြင်း မရခြင်းက အရေးမကြီးပါ၊ တရားရှု

မှတ်ခြင်း မရှုမှတ်ခြင်းကသာ အဓိကကျသည်။ တရားထူးရချိန် တန်လျှင် ရမည်ဖြစ်သည်။ တရားရှုမှတ်မှုသည် မိမိတာဝန်သာ ဖြစ်သည်။ ထို့ကြောင့် -

"ရောက်ရောက်မရောက်၊ လျှောက်သာလျှောက်၊
တစ်နေ့ရောက်ရမည်။
ပြည့်ပြည့်မပြည့်ပြည့်၊ ဖြည့်သာဖြည့်၊
တစ်နေ့ ပြည့်ရမည်" ဟူသည့် လင်္ကာအတိုင်း

ရောက်အောင်လျှောက်ဖို့ ဖြည့်ဖို့သာအဓိဖြစ်သည်။

တောင်မြို့၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးသည် ဤစာတုမာသိက ပစ္စေကဗုဒ္ဓဝင်ကို ရှုမျှော်၍ ရေးသားခဲ့သည်ဟု ယူဆရသော 'အနိစ္စသညာ' ဂါထာကိုလည်း ထည့်သွင်း ဖော်ပြလိုက်ပါသည်။

အဘိရတ္တာနိ နီလာနိ၊
ပဏ္ဍူနိ ပတိတာနိစ။
ပဿန္တော တရုပဏ္ဏာနိ၊
နိစ္စသညံ ပနူဒတိ။

အဘိရတ္တာနိ၊ တစ်ခေတ်ကူးလစ်၊ ဖူးပရစ်ဖြင့်၊ မြူးချစ် စဖွယ်၊ နုနယ်နီမြန်းခိုက်လည်းဖြစ်ကုန်ထသော။ နီလာနိစ၊

စိမ်းတစိုစို၊ မြသာလိုဖြင့်၊ ညိုတမှောင်မှောင်၊ ခိုရောင်မြသွေး၊ ကမ္ဘာ့ဆေးဖြင့် အလှရေးသကဲ့သို့လည်း ဖြစ်ကုန်ထသော။ ပဏ္ဍုနိစ၊ ပယင်းပမာ၊ အဆင်းဖြာလျက်၊ ဝင်းဝါဖြော့တော့ ခိုက်လည်း ဖြစ်ကုန်ထသော။ ပတိတာနိစ၊ ရတုဂိမှန်၊ နေရှိန် ဒဏ်ကြောင့်၊ ချိန်တန်စေ့ရောက်၊ ရေငွေ့ပျောက်သဖြင့် သွေ့ ခြောက် ကြွေကျခိုက်လည်း ဖြစ်ကုန်ထသော။ တရုပဏ္ဏာနိ၊ သူ့ခေတ် သူ့ခါ၊ ပေါ်လာဖြစ်ပျက်၊ သစ်ရွက်အဟောင်းတို့ကို။ ပဿန္တော၊ ကမ္မဋ္ဌာန်းဂူ၊ စမ်းအင်ူမှ၊ မှန်းယူနေ့စဉ်၊ တွေမြင်ရ သည်ရှိသော်။ နိစ္စသည်၊ မကွဲမလည်၊ အမြဲတည်ဟု၊ စွဲမှီထင် ကာ၊ စဉ်လာအမှား၊သညာများကို၊ ပနူဒတိ၊ တောင်ငွေတောင်ငွေ၊ ချောင်ခလေ့ဖြင့်၊ ရှောင်ဖေ့ပယ်ရှား နိုင်တော့သတည်း။

ထို စာတုမာသိက ပစ္စေကဗုဒ္ဓါကို အားကျ၍ တရားရနိုင် ကြပါစေ။ ဝိပဿနာမျက်လုံးပါလျှင် နေရာတိုင်းမှာ တရား ရနိုင် စရာတွေသာ ဖြစ်သည်။ (သုတ္တနိပါတ၊၄၊၁၊၈၀)။

### မှတ်သားစရာ

(ယနေ့ ၁၆·၄·၂၀၂၀၊ သင်္ကြန်အတက်နေ့ဖြစ်သည်၊ နှစ်စဉ် ဧပြီ ၁၆-ရက်တိုင်း အတက်နေ့ ဖြစ်သသလို၊ ဧပြီ ၁၇-ရက်တိုင်းလည်း နှစ်စဉ် မြန်မာနှစ်ဆန်း(၁)ရက် ဖြစ်သည်။

အမှတ်(၅)

## နှစ်သစ်ကူးပါပြီ

(ဤနေရာ၌ ပြက္ခဒိန် နှင့် သက္ကရာဇ်များအကြောင်း
များကို အထူးတလည် သိရှိခွင့်ရရှိမည်)

ကောဇာသက္ကရာဇ် ၁၃၈၂-ခုနှစ်ထဲသို့ ယနေ့ (၁၇·၄·၂၀၂၀) ကူးပြောင်းလာပါပြီ။ ၁၃၈၂-ခုနှစ်၊ ဦးတန်ခူးလဆုတ် (၁၀)၊ရက်၊ သောကြာနေ့။ သောကြာနှစ်ဆန်း။ (သင်္ကြန်ပြီးစ တန်ခူးလကို ဦးတန်ခူးလဟုခေါ်ရသည်)

နှစ်သစ်အခါမှာ "အန္တရာယ်ဆိုး ရောဂါဆိုးတို့မှ ကင်းဝေးကြပြီး အားလုံးကောင်းကျိုးလိုရာဆန္ဒတို့နှင့် ပြည့်စုံကြပါစေ" လို့ ဦးစွာဆုတောင်းလိုက်ပါတယ်။ ပြီးခဲ့တဲ့ ၄-ရက်က အမှတ်တရ စာတွေရေးတင်လိုက်ပါတယ်။ ဖတ်ရတဲ့သူတွေ

ဖတ်ရ သလောက် အကျိုးရှိစေချင်လို့ပါ။

ဒီနှစ် နှစ်ဦး နှစ်သစ်မင်္ဂလာနေ့မှာ အထူးသဖြင့် မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ်တော်များကို ရွတ်ပွားကြပြီး မင်္ဂလာယူကြပါမယ်။ ဒီထက်ပူဇော်နိုင်ရင်လည်းကောင်းပါတယ်။

ဒီနေ့ မှတ်သားစရာအနေနဲ့ ရှေးကပြောခဲ့ကြတဲ့ -

၁။ သစ်ပင်ကြီးလည်း မလဲစေနဲ့။

၂။ ထုံးအိုးကြီးလည်း မကွဲစေနဲ့။

၃။ မြစ်ကြီးတွေလည်း မစဲစေနဲ့-လို့ ဆိုခဲ့ကြပါတယ်။

၁။ 'သစ်ပင်ကြီးလည်း မလဲစေနဲ့'-ဆိုတာက သစ်ပင်ကြီးလို မေတ္တာရိပ်၊ ကရုဏာရိပ်၊ ပညာရိပ်စတဲ့ အရိပ်များပေးစွမ်းနိုင်ကြတဲ့ ရပ်ရွာကျက်သရေဆောင်၊ မြို့ကျက်သရေဆောင်၊ တိုင်းပြည်ကျက်သရေဆောင် လူကြီးလူကောင်းများမကွယ်ပျောက်ကြစေနဲ့လို့ ဒီလို အဓိပ္ပါယ်ရှိပါတယ်။

၂။ 'ထုံးအိုးကြီးလည်း မကွဲစေနဲ့'ဆိုတာက ဒေသတိုင်းနေရာတိုင်းမှာ ဓလေ့ထုံးစံ ယဉ်ကျေးမှု အစဉ်အလာကောင်းများရှိတတ်ကြပါတယ်။ အဲဒီ ယဉ်ကျေးမှုများ၊ အစဉ်အလာဓလေ့ထုံးစံကောင်းများကို မကွယ်ပျောက်ကြစေနဲ့၊ ထိန်းသိမ်းကြပါလို့ အဓိပ္ပါယ်ရှိပါတယ်။

၃။ 'မြစ်ကြီးတွေလည်း မစဲစေနဲ့'ဆိုတာက ပကတိ

မြစ်ကြီး မြစ်ငယ် အသွယ်သွယ်တို့မှာ ရေကြည်ရေအေးတို့ စီးဆင်းနေမှ လူနဲ့သတ္တဝါများ အဆင်ပြေမှာဖြစ်သလို လူသား လောက သတ္တလောကနယ်မြေမှာလဲ တစ်ဦးနှင့်တစ်ဦး မေတ္တာ များ မခမ်းခြောက်စေကြနဲ့ တစ်ဦးရဲ့အကျိုးကို တစ်ဦးက လိုလားကြပါလို့ ဒီလိုအဓိပ္ပါယ် ရှိပါတယ်။

ဒါ့ကြောင့် မေတ္တာပို့ ကဗျာများရွတ်ပွားကြပါမယ်။

* လုံးစုံများစွာ သတ္တဝါ ကျန်းမာကြပါစေ။

* လုံးစုံများစွာ သတ္တဝါ ချမ်းသာကြပါစေ။

* ဥပါဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

* တစ်ယောက်တစ်ယောက် မေတ္တာရောက်
ဝမ်းမြောက်နိုင်ပါစေ။

* တစ်ယောက်တစ်ယောက် မေတ္တာရောက်
စောင့်ရှောက်နိုင်ပါစေ။

* တစ်ယောက်တစ်ယောက် မေတ္တာရောက်
ချီးမြှောက်နိုင်ပါစေ။

* တစ်ဦးတစ်ဦး ချစ်ကြည်နူး ကျေးဇူးပြုနိုင်ကြပါစေ။

* ဝဲယာရှေ့နောက်-ထက်အောက်ထောင့်နေ။
တွင်းပြင်ခပ်သိမ်း-ရန်ငြိမ်းပါစေ။
စိုးရိမ်ကင်းလျှက်-ဆင်းရဲ ရှောင်သွေ။

ကိုယ်စိတ်အေး-ကိုယ်ရေးဆောင်နိုင်စေ။

ကောဇာသက္ကရာဇ် ၁၃၈၂-ခုနှစ်သို့ ကူးပြောင်းလာရာမှာ သင်္ကြန်မကျခင် တန်ခူးလကိုတော့ နှောင်းတန်ကူးလို့ခေါ်ရသလို သင်္ကြန်ပြီးစ တန်ခူးလကိုတော့ ဦးတန်ခူးလလို့ ခေါ်ရပါတယ်။

နိုင်ငံတော်ပိုင် သတင်းစာဖြစ်တဲ့ မြန်မာ့အလင်း သတင်းစာမှာတော့ နှောင်းတန်ခူးလ ဦးတန်ခူးလ လို့ ခွဲခြားရေးတာ မတွေ့ရလို့ ခွဲခြားရေးဖို့ အဲဒီသတင်းစာဌာနကို လက်တို့စေချင်ပါတယ်။

## ပြက္ခဒိန်နှင့် သက္ကရာဇ်များ အကြောင်းစုံမှတ်သားဖွယ်

ဒီနေ့ နှစ်ဆန်း(၁)ရက်နေ့ ကောဇာသက္ကရာဇ် ၁၃၈၂-ခု နှစ်၊ ဦးတန်ခူးလပြည့်ကျော် (၁၀)ရက်၊ သောကြာနေ့၊ ခရစ်နှစ်(၁၇-၄-၂၀၂၀) ဖြစ်ပါတယ်။

ခရစ်နှစ် ဧပြီလ ၁၇-ရက်တိုင်းနီးပါး နှစ်ဆန်းတစ်ရက် ဖြစ်တတ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်(၁၀၀)အတွင်း ယခုလို ဧပြီလ ၁၇-ရက်တိုင်း မြန်မာနှစ်ဆန်း(၁)ရက်ဖြစ်နေတတ်ပါတယ်။ အဲဒီနှစ်ပေါင်း(၁၀၀)အတွင်း အနည်းဆုံး(၃)နှစ်ခန့်မှာတော့ ဧပြီလ ၁၆-ရက်ကို မြန်မာနှစ်ဆန်း(၁) ရက်ဖြစ်

နေတာကို တွေ့ရပါတယ်။

လွန်ခဲ့တဲ့ ၇၅-နှစ်ဖြစ်တဲ့ သက္ကရာဇ်၁၃၀၇-ခုနှစ်၊ နှစ်ဆန်း(၁)ရက်မှာတော့ ၁၉၄၅-ခု ဧပြီလ ၁၆-ရက်ဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။ လာမယ့် နှစ်(၁၀၀)အတွင်းမှာလည်း ဒီလိုပဲ ဧပြီ ၁၇-ရက်ကို မြန်မာနှစ်ဆန်း(၁)ရက်ဖြစ်ဖို့များတယ်လို့ ပညာရှင်များက ဆိုထားကြပါတယ်။

ဆက်ပြီးတော့ ပြက္ခဒိန်နဲ့ သက္ကရာဇ်များအကြောင်းကိုလည်းတင်ပြပါမယ်။ ပြက္ခဒိန်တွေ ရေးဆွဲခဲ့ကြတာကတော့ နေနဲ့လကို အခြေခံပြီး ရေးဆွဲခဲ့ကြတာလို့ ဆိုပါတယ်။

အစပိုင်းပြက္ခဒိန်မှာ တစ်နှစ်ကို ၁၀-လနဲ့ သတ်မှတ်ခဲ့ကြသလို ရောမပြက္ခဒိန်တွေက နေရဲ့ရွေ့လျားမှုကို အခြေခံပြီး တွက်ချက်ဖော်ပြခဲ့ကြပါတယ်။

ဘီစီ ၄၆-ခုနှစ် မှာတော့ တစ်နှစ်ရဲ့ ရက်ပေါင်းကို သတ်မှတ်ပြီး ရောမပြက္ခဒိန်ကို အသစ်မွမ်းမံခဲ့ပြန်ပါတယ်။

ရောမလိုပဲ ရှေးဟောင်းယဉ်ကျေးမှုမြင့်မားတဲ့ အိန္ဒိယနဲ့ တရုတ်တို့ကလည်း ပြက္ခဒိန်တွေပေါ်လာပြန်ပါတယ်။

ရှေးခေတ် ပြက္ခဒိန်တွေထဲမှာ ဂရီဂိုရီယန် ပြက္ခဒိန်၊ ဂျူလီယန်ပြက္ခဒိန်၊ ဟီဘရူးပြက္ခဒိန်၊ တရုတ်ပြက္ခဒိန်စသည်တို့ ပေါ်ထွက်ခဲ့ပါတယ်။

## ယခုပြက္ခဒိန်

ယခုအသုံးပြုနေတဲ့ ပြက္ခဒိန်ကိုတော့ ခရစ်နှစ် ၁၅၈၂-ခု နှစ်မှာ စတင်ပြီး ဂရီဂိုရီယန် ပြက္ခဒိန်ကို နက္ခတ်ပညာရှင်များ၊ သင်္ချာပညာရှင်များနဲ့ အတွေးအခေါ်ပညာရှင်များ စုပေါင်းပြီး ဖော်ထုတ်ခဲ့တာပါ။ ဒီ ပြက္ခဒိန်ကိုတော့ ခရစ်တော်ပေါ်ပြီးမှ ပေါ်လာတဲ့ပြက္ခဒိန်ဖြစ်လို့ လက်ရှိကမ္ဘာမှာ သုံးစွဲနေတဲ့ ခုနှစ်ကို ခရစ်နှစ်လို့ ခေါ်ရပါတယ်။

ဒါကြောင့် ယခုကမ္ဘာသုံး ခုနှစ်ကို ဖော်ပြတဲ့အခါ "ခရစ်နှစ်"လို့ခေါ်ရ ရေးရပါမယ်။ ရောင်မှားပြီး "ကောဇာသက္ကရာဇ်"လို့ မရေးရ၊ မပြောရပါ။

သာသနာနှစ်ကိုတော့ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးမှစပြီး ရေတွက်ရတဲ့အတွက် "သာသနာတော်နှစ်"လို့ ရေးရပါတယ်။

မြန်မာခုနှစ်ကိုတော့ "ကောဇာသက္ကရာဇ်"လို့ ခေါ်ရ ရေးရပါတယ်။ ရောထွေးပြီး သုံးလို့မရပါဘူး။

နှစ်စဉ်ဧပြီလ ၁၇-ရက်နေ့တိုင်း
မြန်မာနှစ်ဆန်း(၁)ရက်ဖြစ်နေ
တတ်ပါတယ်

## သက္က+ရာဇ

သက္က=စွမ်းနိုင်သော၊ ချမ်းသာကို ပေးစွမ်းနိုင်သော။ ရာဇာ=တိုင်းပြည်အုပ်ချုပ်သောဘုရင်ကစတင်သုံးစွဲခဲ့လို့ "သက္ကရာဇာ-သက္ကရာဇ်" လို့ခေါ်ဆိုပါတယ်။ (တစ်နည်း) သကဆိုတဲ့ ရှင်ဘုရင်ကြီးက စတင်ပိုင်းခြားသတ်မှတ် ပေးအပ်ခဲ့တဲ့ နှစ်အပိုင်းအခြားကို 'သက္ကရာဇ်' လို့ခေါ်ပါတယ်။

## မဟာသက္ကရာဇ်စတင်

အထက်ဖော်ပြပါအတိုင်း စတင်ရေတွက်လာခဲ့တဲ့ သက္ကရာဇ်မှာ ဘုရားရှင်၏ဘိုးတော် အဉ္ဇနမင်း လက်ထက် ရောက်လာတဲ့အခါ နှစ်ပေါင်းမှာ ၈၆၄၉-ခုနှစ် ရောက်ရှိခဲ့ပါတယ်။

အဲဒီ ၈၆၄၉-ခုနှစ် ရောက်လာတဲ့အခါ ဘိုးတော်အဉ္ဇနမင်းကြီးက သက္ကရာဇ်ကို ဖြိုဖျက်လိုက်ပါတယ်။ အဲဒီနောက် တန်ခူးလဆန်း(၁)ရက်၊ တနင်္ဂနွေနေ့ကို အစပြုလို့ မဟာသက္ကရာဇ်အသစ် စတင်တည်ခဲ့ပြန်ပါတယ်။

အဲဒီလို ဘိုးတော် အဉ္ဇနမင်းကြီး စတင်အသုံးပြုခဲ့တဲ့ နှစ်ကို 'မဟာသက္ကရာဇ်'' လို့ခေါ်ပါတယ်။ ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးရဲ့ (၇)နေ့ဘုရားရှိမှာဆိုရင် "မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြိုး" စတဲ့ ကဗျာကို သိရပါလိမ့်မယ်။

## ကောဇာသက္ကရာဇ်

မြန်မာနိုင်ငံမှာ ဘိုးတော်အဥ္စနမင်းမှ စတင် ဆင်းသက် ရေတွက်ခဲ့တဲ့ သက္ကရာဇ်ကို ပျူခေတ် သမုန္ဒရာဇ်(သမုဒ္ဒရာဇ်) မင်းလက်ထက် ရောက်လာခဲ့ရာ (ဒေါ်ဒေါ်ရသ) (ပြောင်း ပြန်ရေး) ၆၂၂-ခုနှစ် အထိရောက်လာချိန်မှာ အဲဒီ သမုန္ဒရာဇ် ပျူခေတ်မင်းက ၂-ခုကြွင်းထားပြီး သက္ကရာဇ်ကို ဖြိုခွင်းပြီး ၂-ခုကြွင်းမှ စတင်ရေတွက်ပြန်ပါတယ်။

သမုန္ဒရာဇ်မင်းမှ စတင်ရေတွက်ခဲ့ရာမှာ ပုဂံစော ရဟန်း မင်း လက်ထက် (ခခပဥ္စ)(၅၆၀)ခုနှစ် ရောက်ချိန်မှာ ၂- ကြွင်းထားပြီး သက္ကရာဇ်ကို ဖြိုပြီး၂-ခုကြွင်းမှစတင်ရေ တွက်လာတာ ဒီနေ့ ၁၃၈၂-ခုနှစ် အထိရောက်လာခဲ့ပါပြီ။ အဲ ဒါကတော့ မြန်မာသက္ကရာဇ်ဖြစ်ပေါ်လာပုံပါ။ 'သက္က ရာဇ်'လို့ ပြောရင် ရေးရင် မြန်မာသက္ကရာဇ်နဲ့ပဲ ဆိုင်တယ်လို့ သိရပါလိမ့်မယ်။ ကျန်တာတွေကို 'သက္ကရာဇ်'လို့ မပြောရ မရေးရပါ။

## သာသနာတော်နှစ်

သာသနာတော်နှစ်လို့ ခေါ်ရပါတယ်။ (သာသနာတော် သက္ကရာဇ်လို့ မခေါ်ရပါ)။ အဲဒီသာသနာတော်နှစ်ကိုတော့ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးချိန်မှ စတင်ရေတွက်ရတဲ့အတွက်

သက္ကရာဇ်ပြောင်းသွားပေမယ့် သာသနာတော်နှစ်က ကဆုန်လပြည့်ကျော်(၁)ရက်မှ ပြောင်းမှာဖြစ်ပါတယ်။ ဖော်ပြခဲ့တဲ့ (၆၂၂+၅၆၀=၁၁၈၂) သချာနှစ်ရပ်ပေါင်း (၁၁၈၂)နှစ်ကို မှတ်ထားပြီး ရောက်ဆဲကောဇာထဲအဲဒီ ၁၁၈၂-နှစ် ပေါင်းလိုက် လျှင် သာသနာတော်နှစ် ဖြစ်သွားပါတယ်။ ဒါကြောင့် ရှေးပညာရှင်များက -

"ရောက်ဆဲကောဇာ၊ တည်ပြီးခါမှ၊
ဒွေအဋ္ဌနှင့်၊ ဧကကော၊ နှောတုံပါက၊
သာသနာနှစ်၊ အတိဖြစ်၏"လို့ ရေးခဲ့ကြပါတယ်။

ဆိုလိုတာက အခု ၁၃၈၂+၁၁၈၂=၂၅၆၄သည် သာသနာတော်နှစ် ဖြစ်လာပါတယ်။

ယခုကောဇာသက္ကရာဇ်က ၁၃၈၂-ခုနှစ်၊ သာသနာတော်နှစ်က ၂၅၆၄-ခုနှစ်ဟု ဆိုရမှာပါ။

အမှတ်(၆)

## နှစ်သစ်အခါမင်္ဂလာ

(ဒီနေ့ ကောဇာသက္ကရာဇ် ၁၃၈၂-ခုနှစ်၊ ဦးတန်ခူးလ ပြည့်ကျော်(၁၂)ရက်၊ (၁၉.၄.၂၀၂၀) နှစ်ဆန်း(၃) ရက်၊ တနင်္ဂနွေနေ့။)

'နှစ်သစ်အခါမင်္ဂလာ' ဆိုတာ နှစ်သစ်မှာ မင်္ဂလာအပေါင်း နဲ့ ပြည့်စုံကြစေဖို့၊ မင်္ဂလာဆိုတာက -

''ကြီးပွားချမ်းသာ၊ ကြောင်းများစွာ၊ မင်္ဂလာဟုခေါ်'' လို့ တောင်မြို့ မဟာဂန္ဓာရုံဆရာတော် ဘုရားကြီးက မိန့်ကြား ခဲ့ပါတယ်။ ပါဠိမှာတော့ -

မင်္ဂလန္တိ ဣဒ္ဓိကာရဏံ ဝုဒ္ဓိကာရဏံ သဗ္ဗသမ္ပတ္တိ ကာရဏံ။ (သုတ္တနိပါတ၊ဋ္ဌ၊၂၊၉)

တန်ခိုးကြီးခြင်း၊ စီးပွားချမ်းသာခြင်း၊ အလုံးစုံပြည့်စုံခြင်းတို့ရဲ့ အကြောင်းများကို 'မင်္ဂလာခေါ်တာပါ'လို့ ဒီလိုဆိုပါတယ်။ လောကီအစီးအပွား လောကုတ္တရာ အစီးအပွားများကိုအမှန်တကယ်ပေးနိုင်းတာဟာ (၃၈)ဖြာ မင်္ဂလာဖြစ်တယ်ဆိုတာ ဘုရားရှင်မိန့်ကြားထားပါတယ်။

## ရိုးသားခြင်းက ကြီးပွားခြင်း

"ရိုးသားဖြောင့်ဘိ-အလိုက်သိပါ၊

တာဝန်ကျေစေ-ကိုယ်နေယဉ်ကျေး

နှုတ်ရေးချိုသာ-ကြိုးစာပါ၊

မှန်စွာကြီးပွားကြောင်း"လို့ ကြီးပွားကြောင်းများကို ဆွဲထုတ်ထားပါတယ်။ ကြီးပွားခြင်းကို ထုဆစ်ပုံဖော် ကြည့်တဲ့အခါ စတင်တွေ့ရမှာက "ရိုးသားခြင်းပါ"။ မရိုးသားရင် မကြီးပွားနိုင်ပါဘူး။ ဘုရားရှင်က 'အသဌော ဟောတိ အမာယာဝီ'တရားထူးကိုရလိုသူမှာ 'ရိုးသားမှုရှိရမယ်'တဲ့။ ဒါကိုကြည့်ပြီးတော့ -

" ရိုးသားမှ-တရားရနိုင်သည်။

နိုးကြား-ကြိုးစားမှ အစားဝနိုင်သည်"လို့ ဒီလိုဆိုခဲ့ကြပါတယ်။

ဒီအဆိုကိုပင် 'ခိုးစားမှ အစားဝနိုင်သည်' လို့ အပျော်အပျက်အနေနဲ့ ပြောနေကြပြန်ပါတယ်။ ဒါကတော့ ကောင်းတဲ့ အကျင့်အကျဏာတော့မဟုတ်ပါဘူး။ တစ်နည်းအားဖြင့် မရိုးမသား ခိုးစားဖို့ စိတ်ကူးရှိသူတို့က ဆိုဟန်ဖြစ်နိုင်ပါတယ်။

ဘုရားရှင်လက်ထက် ကရန္တကဆိုတဲ့ ဆင်ဆရာ မြင်းဆရာက -

"မြတ်စွာဘုရား ဆင်မြင်းစတဲ့ သတ္တဝါတွေက သူ့သဘာဝအတိုင်း ဖြောင့်မှန်ကြပါတယ်။ သူတို့ရဲ့ အမူအကျင့်တွေကို ဖုံးဖိမထားပါဘုရား၊ လူတို့ကတော့ အဲဒီလိုမဟုတ်ဘဲနဲ့ သူတို့ရဲ့ အမူအကျင့်ကို ဖုံးဖိထားကြလို့ သိဖို့ရာမလွယ်ကူပါဘုရား" လို့လျှောက်ဖူးပါတယ်။

(မ၊၂၊၁ ကရန္တကသုတ်)

ဆရာဇော်ဂျီရဲ့ 'ရိုးဂုဏ်' ဆိုတဲ့ ကဗျာကိုတင်ပြပါမယ်။

* ရွှေဂုဏ်ငွေဂုဏ်၊ ရာထူးဂုဏ်သည်
လူ့ဘုံလောက၊ အကာမျှတည့်
သူကငြူစူ၊ မကြည်ဖြူ၍
ခွါယူလိုက၊ ခွါ၍ရ၏။

* ရိုးဂုဏ်ဖြောင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်သည်
လူ့ဘုံလောက၊ နှစ်သာရတည့်

သူကပြုရှု၊ မကြည်ဖြူလည်း

ခွါယူမရ၊ ကွာမကျ-လို့ ဒီလိုရေးခဲ့ပါတယ်။ ဒီကဗျာကတော့ ရိုးသားခြင်းဟာ အဘယ်မျှ မြင့်မြတ်တယ်၊ တန်ဖိုးရှိတယ်ဆိုတာကို ပြသထားတာပါ။

## ရိုးသားခြင်းရဲ့ဝှက်ရည်

ဗာရာဏသီပြည် ဣလိပတနတောမှာ ဘုရားရှင်က သံဃာတော်တို့အား ရှေးရှေးကအဖြစ်အပျက်တစ်ခုကို ပြန်လည် ဖော်ထုတ်ဟောကြားခဲ့တာက -

သစေတနမင်းက မြင်းရထားလှည်းဘီး အလုပ်သမားခေါင်းဆောင်ကို ခေါ်ပြီး "အမောင်..လှည်းဘီးအလုပ်သမားငါ့ရှင်ဘုရင် နောက် (၆)လရှိတဲ့အခါမှာ စစ်ပွဲဆင်နွှဲစရာရှိလို့ လှည်းဘီးအစုံကို လုပ်နိုင်မလား"လို့မေးတော့ 'လုပ်နိုင်မည်''ဖြစ်ကြောင်း တာဝန်ယူပြီး လှည်းဘီးအစုံကို ကြိုးစားပြီး လုပ်ပါတယ်။ (အံ၊၁၊ တိက၊ ၁၀၉၊ ဠ၊၂၊၇၉၊ သစေတနသုတ်)

ဒါနဲ့ ခြောက်လပြည့်ဖို့ ခြောက်ရက်အလို ရောက်လာတော့

'အမောင် ရထားအလုပ်သမား မောင်းမင်းကို ခိုင်းထားတဲ့ ရထားဘီးအစုံပြီးပြီလား'

'အရှင်မင်းကြီး..ရထားလှည်းဘီး တစ်ဘီးတော့ဒီနေ့ ပြီးပါပြီ'။

'အေး..ဒါဆို နောက်တစ်ဖက်က အချိန်မီ ပြီးနိုင်ပါအုံး

မလားကွဲ"။

"မှန်ပါ အချိန်မီ ပြီးနိုင်ကြောင်းပါ အရှင်မင်းကြီး" လို့ လျှောက်တင်လိုက်ပါတယ်။

ရထားအလုပ်သမားဟာ (၆)ရက်ထဲနဲ့ ကျန်လှည်းဘီး တစ်ဖက်ကို အပြီးလုပ်လိုက်ပါတယ်။ ဒါနဲ့ ၆လ ပြည့်တဲ့နေ့မှာ သစေတနမင်းထံ ရထားလှည်းဘီးအစုံကို ဆက်သွင်းပါတယ်။

ရထားဘီးအစုံကို အသေအချာ ကြည့်ပြီး "မောင်မင်းရဲ့ ရထားလှည်းဘီးတွေက တစ်ဘီးနဲ့တစ်ဘီး မထူးခြားပါလား ကွဲ့"လို့ ရထားဘီးများကို ကိုင်ကြည့်ပြီးမေးနေပါတယ်။

ပထမလှည်းဘီးက ၅-လနဲ့ ၂၄-ရက် လုပ်ရတယ်။ နောက်လှည်းဘီးတစ်ဖက်က (၆)ရက်ထဲလုပ်ရတာကို သူသိ ထားတာနဲ့ မေးနေခြင်းဖြစ်ပါတယ်။

ရထားအလုပ်သမားက "အရှင်မင်းကြီး.. အမြင်မှာသာ မထူးခြားပေမယ့်၊ အသွင်ကတော့ ရထားဘီးတို့ဟာ ထူးခြား လှပါတယ်ဘုရား" ။

"ဟော .. အမြင်တော့ မထူးခြားပါလားကွဲ့"။

"အရှင်မင်းကြီး .. ရထားဘီးအစုံရဲ့ ထူးခြားတာကို ကြည့်လိုလျှင် အရှင်မင်းကြီးရဲ့ နန်းတော်ရှေ့ ကွင်းထဲကြွပါ" လို့ ဆိုတာနဲ့ နန်းတော်ရှေ့ ကွင်းကြီးထဲမှာ မိဖုရားများ မှူးမတ်များ နန်းတွင်းသူ နန်းတွင်းသားများနဲ့ စည်ကားနေပါ

တယ်။ ရထားအလုပ်သမားက ကွင်းထဲရောက်တော့ မင်းကြီးရဲ့ ရှေ့မှာ "အရှင်မင်းကြီး ..ယခု လှိမ့်ပြမယ့် ဒီလှည်းဘီးက ၆-ရက်ထဲနဲ့ လုပ်ထားတဲ့ဘီးပါ၊ ရှုစားတော်မူပါ" ဆိုတာနဲ့ ရထားဘီးကို တအားကုန် တွန်းလှိမ့်ပြလိုက်ပါတယ်။ ရထားဘီးဟာ အတော်အတန်သာ လိမ့်သွားပြီး ထောင်မတ်ပြီး မနေဘဲ 'ဘိုင်းကနဲ' လဲကျသွားပါတယ်။

နောက်တစ်ဘီးကို လှိမ့်ပြတော့မှာဖြစ်လို့ ရထားအလုပ်သမားက -"အရှင်မင်းကြီး..ဒီ ရထားလှည်းဘီး ကတော့ ၆-လပြည့်ဖို့ ၆-ရက်အလို လုပ်ထားတဲ့ လှည်းဘီးပါ၊ ရှုစားတော်မူပါ" ဆိုတာနဲ့ တွန်းလှိမ့်လိုက်တော့ မျက်စိတစ်ဆုံး ဟို·အဝေးဆီသို့ ရောက်အောင် ပတ်ပတ်လည်ပြေးသွားပြီး၊ ဝင်ရိုးမှာ စွပ်ထားသလို လဲမကျဘဲရပ်တည် နေပါတယ်။

သစေတနမင်းကြီးနှင့်နန်းတွင်းသူနန်းတွင်းသား မှူးကြီးမတ်ကြီးများလည်း အံ့အားသင့်သွားရပါတယ်။

ဘုရင်က ထူးခြားချက်ကို မေးတော့ ၆-ရက်နဲ့ လုပ်ရတဲ့ ဘီးရဲ့ အကွပ်တကူ ပုံတောင်းတို့ဟာ အရေတစ်ကြီး ပြုလုပ်ရတဲ့ အတွက် အချိန်မပေးနိုင်လို့ သစ်သားများဟာ အဆွေးအကာ အမျက်အကောက် အကွေးများ ပါနေတာကြောင့်ပါလို့ ဆိုပါတယ်။

ဒီလိုပါပဲ မရိုးမဖြောင့်တဲ့သူတွေ၊ ကောက်ကျစ်တဲ့

သူတွေဟာလည်း လူ့ဘဝမှာ ကာယဒုစရိုက်စသည်အားဖြင့် ကောက်ကျစ်မှုအပြစ်များပါတာကြောင့် လူမသေမီက နာမည်သေသွားပြီး ဂုဏ်အားဖြင့် လဲကျသွားရတာကို တွေ့ရှိနိုင်ပါတယ်။

၆-လနီးပါးလုပ်ရတဲ့ ဘီးကတော့ ကောင်းမွန်တဲ့၊ ဖြောင့်ဖြူးတဲ့၊ အနာအဆာမပါတဲ့ သစ်သားများနဲ့ ပြုလုပ်ထားတာ ဖြစ်လို့ လှိမ့်လိုက်တာနဲ့ အဝေးသို့ ရောက်ပြီး လဲမကျတာ။ လောကမှာ ကောက်ကျစ်မှုမရှိဘဲ ရိုးသားတဲ့သူတွေဟာ ဂုဏ်အားဖြင့်လဲမကျဘဲ ဟို အဝေး နိဗ္ဗာန်အထိ ရောက်ရှိနိုင်ပါတယ်လို့ ဆိုလိုတာပါ။

ဘုရားရှင်က ရထားအလုပ်သမားဆိုတာ 'ငါဘုရားပင်ဖြစ်ခဲ့တယ်' လို့ဆိုပါတယ်။ ''ရဟန်းတို့ ..ထိုရထား အလုပ်သမားဖြစ်စဉ်က သစ်သားတို့ရဲ့ကောက်ခြင်း ကွေးခြင်းကိုသိသလို၊ ယခုအခါမှာလည်း မရိုးသားဘဲ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တို့ရဲ့ ကောက်ကျစ်မှု တွေကိုသိတော်မူတယ်'' လို့ မိန့်တော်မူပါတယ်။

တကယ်တော့ ပုထုဇဉ်ဆိုတာကတော့ သတိပညာနဲ့ မဆင်ခြင်ရင် ကောက်ကျစ်တတ်တဲ့သဘောတွေ ရှိတတ်ပါတယ်။ အရိယာဖြစ်ရင်တော့ ဒီလို ကောက်ကျစ်တာတွေ မရိုးမဖြောင့်တာတွေ မဖြစ်တော့ပါဘူး။

ဒုစရိုက်(၁၀)ပါးတို့တွင် -

သောတာပတ္တိမဂ်က-ပါဏာတိပါတ၊ အဒိန္နာဒါန၊ မိစ္ဆာစာရ၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ မိစ္ဆာဒိဋ္ဌိ၊ အဲဒီ(၆)ပါးကို ပယ်ပါတယ်။

အနာဂါမိမဂ်က -ဖရုသဝါစာနဲ့ ဗျာပါဒ (၂)ပါးကို ပယ်ပါတယ်။

အရဟတ္တမဂ်က - အဘိဇ္ဈာနဲ့သမ္ဖပ္ပလာပ (၂)ပါးကို ပယ်ပါတယ်။

လောကမှာ ကောက်ကျစ်မှုမရှိဘဲ

ရိုးသားတဲ့ သူတွေဟာ

ဝဏ်အားဖြင့်လဲမကျဘဲ ဟို အဝေး

နိဗ္ဗာန်အထိ ရောက်ရှိနိုင်ပါတယ်

အမှတ်(၇)

**အရှုံးထဲက အမြတ်/ ဘဝနေနည်း**

**'အကျဉ်းထောင်မှ အလင်းဆောင်သူများ'**

(ဒီနေ့ ကောဇာသက္ကရာဇ် ၁၃၈၂-ခုနှစ်၊
ဦးတန်ခူးလပြည့်ကျော်(၁၃)ရက်၊
(၂၀.၄.၂၀၂၀)နှစ်ဆန်း(၄)ရက်၊တနင်္လာနေ့။)

ဒီနေ့ ကမ္ဘာ့နိုင်ငံပေါင်း အားလုံးနီးပါး ကိုဗစ်-၁၉၊ ဖြစ်နေကြတဲ့အတွက် အိမ်ထဲမှာပဲ နေကြရတဲ့သူတွေများပါတယ်။ နာရီအပိုင်းအခြားအတွင်း အပြင်မထွက်ရတာ၊ လမ်းထဲက အပြင်မထွက်ရတာစတဲ့ အကန့်အသတ်တွေနဲ့ နေကြရပါတယ်။

ရောဂါက ကူးစက်မှုမြန်လွန်းတဲ့အတွက် လူတစ်ဦးနဲ့

တစ်ဦးအခုလို "စိတ်ပေါင်း ကိုယ်ခွါ" ဆိုတဲ့အတိုင်း နေကြရပါတယ်။ မည်သို့ပင်နေကြရပါစေ။

ဘဝနေနည်းကတော့-

(၁) ကုသိုလ်ရအောင် နေကြရမယ်။

(၂) ကျန်းမာအောင် နေကြရမယ်-ဆိုတဲ့အတိုင်း လူတိုင်း လူတိုင်း ဒီအစီအစဉ်များနဲ့ နေကြရပါမယ်။

ကျန်းမာအောင်နေဖို့က ကျန်းမာရေးကို အထောက်ကူဖြစ်တဲ့ အစားအသောက်များကို သုံးဆောင်ရန်ပါ။

ကုသိုလ်ရအောင် နေဖို့ဆိုတာ အရင်က ပြောခဲ့သလို ယောနိသောမနသိကာရရှိမှ ကုသိုလ်ရအောင် နေလို့ရမှာပါ။ ယောနိသောမနသိကာရဆိုတာ လောကကြီးကို အပြစ်မြင်ပြီး ကြည့်တဲ့အကြည့်မျိုး မဟုတ်ပါဘူး။ အကောင်းဖက်က မြင်ပြီးကြည့်တတ်တဲ့အကြည့်မျိုးကို ပြောတာပါ။

အပြစ်မြင်တတ်တဲ့သူဟာ အပြစ်ရှာလို့ တွေ့တာဖြစ်ပါလိမ့်မယ်။ အကောင်းတွေ ဒုနဲ့ဒေး ရှိပါရက်နဲ့ အပြစ်ကိုမှ ရှာတွေ့ နေရင်တော့ အပြစ်ကို ရှာဖွေနေသူလို့ ယေဘုယျ သုံးသုပ်လို့ရပါတယ်။ သူရှာနေတာကကို အပြစ်ရှာတာဆိုတော့ အပြစ်တွေ့မှာပါပဲ။ အဲဒီသူရဲ့ အတွင်းစိတ် သန္တာန်မှာလဲ ပူလောင်မှုတွေနဲ့ ပြည့်နေပါလိမ့်မယ်။

# ဇာတကဝတ္ထု

ဘုရားရှင် ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူစဉ် သူများ ချောက်တွန်းလို့ကောသလမင်းကြီးရဲ့ အမတ်တစ်ယောက် အကျဉ်းနှောင်အိမ်ထဲရောက်ရှိသွားပါတယ်။

အပြစ်မရှိဘဲ အပြစ်ရှာခံရပြီး အကျဉ်းထောင်ထဲရောက်သွားပေမယ့် ချောက်တွန်းသူကို စိတ်မဆိုးဘူး၊ သူ့စိတ်က "အော်..အကျဉ်းထောင် နှောင်အိမ်ထဲ မရောက်မီက ဘုရင်ရဲ့ အမှုတော်ကိုထမ်းရတာနဲ့၊ တိုင်းပြည်ရဲ့တာဝန်တွေကိုထမ်းရတာနဲ့၊ ဒီလို အကျဉ်းထဲ ရောက်လာတော့ ဘုရားရှင်ထံမှ တရားတော်တွေ နာယူထားတာ၊ လက်တွေ့အသုံးချမှုပဲ၊ အခုမှ ကိုယ့်အတွက် ကိုယ်လုပ်ရတော့မယ်" လို့ ဒီလိုစိတ်ကူးပြီး နာယူထားတဲ့ တရားတွေကို ပျော်ရွှင်စွာ နှလုံးသွင်း နေလိုက်ပါတယ်။

အကျဉ်းထောင် နှောင်အိမ်ထဲ ရောက်နေတဲ့ အမတ်က ဘယ်သူ့ကိုမှ အပြစ်မမြင်တဲ့အပြင် 'နှောင်အိမ်ထဲ နေရတာကို အခွင့်ရေးတစ်ခု' လို့ တွေးပြီး ဘုရားရှင်ရဲ့ တရားတော်တွေကို လက်တွေ့ အသုံးချပါတယ်။

ဒါဟာ ဘယ်လိုအခြေအနေနဲ့ပဲ ဖြစ်ဖြစ်၊ ကုသိုလ်ရအောင်နေနည်းပါပဲ။ ဒီလို နှောင်အိမ်ကို တရားရိပ်သာဖြစ်သွားအောင်

တရားတွေ မှတ်နေပါတယ်။ သီလကလည်း ဖြူစင်နေတယ်။ စိတ်ကလည်းဖြူစင်နေတယ်ဆိုတော့ တရားမှတ်ရင်းနဲ့ သောတာပတ္တိမဂ်ဖိုလ်ကို ရရှိသွားပါတယ်။

ဒါဟာ 'တကယ့် အရှုံးထဲက အမြတ်ပါလား' လို့ မှတ်ယူစရာကောင်းပါတယ်။ ယခုလို အခက်အခဲကြားက ဘဝအတွက် သံသရာအတွက် တစ်စုံတစ်ခု ပြီးမြောက်အောင် အမှတ်တရ ဖြစ်အောင် ကြိုးစားသင့်ပါတယ်။ မိမိတို့အိမ်ဟာ ရိပ်သာဖြစ်သွားသင့်ပါတယ်။

ဒီဇာတ်တော်ကို ကြည့်ပြီးတော့ -

" စိတ်ပါရင် အိပ်ရာလည်း ရိပ်သာဖြစ်သွားနိုင်တယ်၊
စိတ်မပါရင် ရိပ်သာလည်း အိပ်ရာဖြစ်သွားနိုင်တယ်"
လို့ ဆိုခဲ့ခြင်းဖြစ်ပေလိမ့်မယ်။

အကျဉ်းထောင်ထဲ သောတာပန်ဖြစ်သွားတဲ့ အမတ်ကို ကောသလမင်းကြီးက သူ့ရဲ့ ကျေးဇူးတွေကို ပြန်လည်သတိရသွားတာနဲ့ ထောင်မှ ပြန်လွှတ်ပေးလိုက်ပါတယ်။

ထောင်ကလွတ်လာတဲ့ သောတာပန် အမတ်ဟာ ပန်းနံ့သာများကို ယူဆောင်ပြီး ဘုရားရှင်ထံမှောက်သို့ သွားရောက်ပါတယ်။

အဲဒီအမတ်ကို ဘုရားရှင်က "ဒါယကာ··သင်ဟာ ထောင်ထဲနေရတာ အကျိုးမဲ့ ဖြစ်သလော" လို့ မေးမြန်းတော့-

"မြတ်စွာဘုရား...၊ အကျိုးမဲ့ကနေ အကျိုးရှိအောင် နေခဲ့တဲ့အတွက် သောတာပန်ဖြစ်ခဲ့ရပါတယ်ဘုရား." လို့ လျှောက်တော့-

"ဒါယကာ.သင်သည်သာ အကျဉ်းထောင်ထဲ အကျိုးမဲ့ကနေ အကျိုးရှိအောင် နေခဲ့ဖူးသည် မဟုတ်သေး၊ ရှေးကသူတော်ကောင်းကြီးတွေလည်း နေခဲ့ဖူးတယ်" လို့ အတိတ်ကိုဆောင်ကာ မိန့်တော်မူပါတယ်။

## အတိတ်ဝတ္ထု

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးရဲ့ မိဖုရားကြီးဝမ်းမှာ ပဋိသန္ဓေယူပြီး မွေးဖွားလာတော့ 'ဃဋ္ဋသတိုးသား' လို့ အမည်မှည့်ကြပါတယ်။ အဲဒီ အိမ်ရှေ့စံ ဃဋ္ဋမင်းသားဟာ အရွယ်ရောက်လာချိန် တက္ကသိုလ်ပြည်မှာ ပညာသင်ပြီး နောက်တော့ မင်းပြုခဲ့ပါတယ်။ သူမင်းပြုတော့ အဲဒီဃဋ္ဋမင်းရဲ့ အမတ်ဟာ မင်းကိုပြစ်မှားတဲ့အတွက် တိုင်းပြည်မှ နှင်ထုတ်လိုက်ပါတယ်။

အဲဒီနှင်ထုတ်ခံရတဲ့အမတ်က သာဝတ္ထိပြည် 'ဓင' မင်းထံ ခစားပြီး သူ့ကို နှင်ထုတ်လိုက်တဲ့ ဃဋ္ဋမင်းနှင့် တိုင်းပြည်ကို ဓငမင်းအား သိမ်းပိုက်စေပါတယ်။ ဒါနဲ့ဃဋ္ဋမင်းဟာ အကျဉ်းထောင်ထဲ ရောက်လာခဲ့လာပြီး တရားနှလုံးသွင်းပါတယ်။

ဈာန်များရလို့ ကောင်းကင်မှာပင် ထက်ဝယ်ဖွဲ့ခွေ နေပါတယ်။ ဒါကို မြင်ရတော့ ခေမင်းက ဃဋ္ဋမင်းကို မေးပါတယ်။

'မစိုးရိမ် မပူဆွေးဘဲ မျက်နှာအဆင်းပဝင်းပြီး ဘယ်လိုနေတာလဲ' လို့မေးပါတယ်။ စိုးရိမ်ငိုကြွေးပူဆွေးနေခြင်းဖြင့် တစ်စုံတစ်ခုသော အကျိုးကိုမျှမပြီးနိုင်ရုံမျှမက ရန်သူတို့ ဝမ်းမြောက်ကြပြီး မိတ်ဆွေတွေဝမ်းနည်းကြပါလိမ့်မယ်။ မစိုးရိမ်ဘဲနေခြင်းဖြင့် ဈာန်ချမ်းသာများကို ရရှိရုံမျှမက ရန်သူဖြစ်တဲ့သူတွေကိုလည်း အောင်မြင်ရပါတယ်လို့ ဆိုပါတယ်။ ခေမင်းက ဘုရားအလောင်းတော် ဃဋ္ဋမင်းအား ကန်တော့ပြီး တိုင်းပြည်အပ်နှင်းပါတယ်။ ဒါတွေအားလုံးဟာ "အရှုံးထဲက အမြတ်တွေနဲ့ ဘဝနေနည်းတွေ" ပါပဲ။

ဒါတွေကတော့ မိမိကိုယ်ကိုယ် အောင်နိုင်ခြင်းတို့ပါပဲ၊ မိမိရဲ့ လောဘ ဒေါသ မောဟဆိုတဲ့ ကိလေသာဆိုးတွေကို အောင်နိုင်ရင် အခြားသူတွေကိုလည်း အောင်တာပါပဲ။ အစဦးဆုံး မိမိကိုယ်ကိုယ် အောင်မြင်အောင် လောဘဒေါသ မဖြစ်အောင် ကြိုးစားကြရပါလိမ့်မယ်။

## စိုးရိမ်ငယ်ကအကျိုးမရ

နာဗ္ဘတီတဟာရော သောကော၊ နာနာဂတသုခါဝဟော။

တသ္မာ ခေက် န သောစာမိ၊ နတ္ထိ သောကော ဒုတီယိကာ။ ခေက်၊ စက်မင်း။ သောကော၊ စိုးရိမ်ခြင်းသည်။ နာဗ္ဘတီတဟာရော၊ လွန်လေပြီးသော ချမ်းသာကို မဆောင်။ နာနာဂတသုခါဝဟော၊ လာလတ္တံ့သော ချမ်းသာကိုမဆောင်။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ န သောစာမိ၊ မစိုးရိမ်။ ဒုတီယိကာ၊ ဈာန်ဟူသောအဖော်ကြောင့်။ သောကော၊ စိုးရိမ်ခြင်းသည်။ နတ္ထိ၊ မရှိ။

သောစံ ပဏ္ဍု ကိသော ဟောတိ၊ ဘတ္တဉ္စဿ န ရုစ္စတိ။
အမိတ္တာ သုမနာ ဟောန္တိ၊ သလ္လဝိဒ္ဓဿ ရုပ္ပတော။
သောစံ၊ စိုးရိမ်သောသူသည်။ ပဏ္ဍု၊ ဖျော့တော့ရှိသည်။ ဟောတိ၊ ဖြစ်၏။ အဿ၊ ထိုစိုးရိမ်သောသူသည်။ ဘတ္တဉ္စ၊ အစာကိုလည်း၊ န ရုစ္စတိ၊ မနှစ်သက်။ သလ္လဝိဒ္ဓဿ၊ စိုးရိမ်ခြင်းတည်းဟူသော ငြောင့်သည် စူးဝင်သည်ဖြစ်၍။ ရုပ္ပတော၊ ဖောက်ပြန်သောသူအား။ အမိတ္တာ၊ ရန်သူတို့သည်။ သုမနာ၊ ဝမ်းမြောက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဂါမေ ဝါ ယဒိ ဝါ ရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ။
ဌိတံ မံ နာဂမိဿတိ၊ ဧဝံ ဒိဋ္ဌပဒေါ အဟံ။

ဂါမေ ဝါ၊ ရွာ၌လည်းကောင်း။ ယဒိ၊ ထိုမြို့။ အရညေ ဝါ၊ တော၌လည်းကောင်း။ နိန္နေ ဝါ ချိုင့်ဝှမ်းရာအရပ်၌ လည်းကောင်း။ ဋ္ဌိတံ၊ တည်သော။ မံ၊ ငါ့ကို။ (တံ၊ ထိုစိုးရိမ် ပူပန်ခြင်း အရင်းရှိသော ပျက်စီးခြင်းသည်။) န အာ်ဂမိဿတိ၊ မလာလတ္တံ့။ အဟံ၊ ငါသည်။ ဒိဋ္ဌပဒေါ၊ မြင်အပ်သော ဈာန်ရှိသည်။ ဟောတိ၊ ဖြစ်၏။

ယဿ ္တာ နာလမေကောဝ၊ သဗ္ဗကာမရသာဟရော။
သဗ္ဗာပိ ပထဝီ တဿ၊ န သုခံ အာဝဟိဿတိ။

ယဿ၊ အကြင်မင်းအား။ အတ္တာ၊ အကျိုးစီးပွားကို ဆောင်ကုန်သော အဆွေခင်ပွန်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တေသု၊ ထိုအဆွေခင်ပွန်းတို့တွင်။ ဧကောစ၊ တစ်ယောက်သော အဆွေခင်ပွန်းသည်လည်း။ သဗ္ဗကာမရသာဟရော၊ ဈာန် ချမ်းသာဟုဆိုအပ်သော အလုံးစုံ လိုအပ်သော အရသာကို ဆောင်ခြင်းငှာ။ အလံ၊ စွမ်းနိုင်သည်။ န၊ မဟုတ်။ သဗ္ဗာပိ ပထဝီ၊ အလုံးစုံသော မြေသည်လည်း။ တဿ၊ ထိုမင်းအား။ သုခံ၊ ဈာန်ချမ်းသာကို။ န အာဝဟိဿတိ၊ မဆောင်လတ္တံ့။

ခက်မင်းသည် ဤလေးဂါထာနာရကြားရ၍ ဘုရားလောင်း ကို ကန်တော့ပြီး မင်းအဖြစ်ကိုလည်း ပြန်လည်အပ်နှင်းခဲ့ သည်။ အလောင်းတော်သည်လည်း အမတ်တို့အား မင်းအဖြစ်

ကို အပ်နှင်းခဲ့၍ ဟိမဝန္တာသို့သွား၍ ရသေ့ ရဟန်းပြုကာ ချာန်ချမ်းသာဖြင့်နေပြီး စုတေသောအခါ ဗြဟ္မာပြည်သို့ ရောက်ရသည်။

ယခုအာနန္ဒာသည် ထိုအခါက ခေါ်မင်း၊ ငါဘုရားသည် ထိုအခါက ဃဋမင်းဖြစ်ခဲ့သည်ဟု ဇာတ်တော် ပေါင်းခဲ့ပါတယ်။

(ဃဋဇာတက ၊၄၅၊ ၃၊ ၁၅၆) (ညောင်ကန်၊ တ၊ ၂၅)

စိုးရိမ်ပိုကြွေးပူဆွေးနေခြင်းဖြင့်
တစ်စုံတစ်ခုသော အကျိုးကိုမျှ
မပြီးနိုင်ရုံမျှမက ရန်သူတို့
ဝမ်းမြောက်ကြပြီး မိတ်ဆွေတွေ
ဝမ်းနည်းကြပါလိမ့်မယ်။

အမှတ်(၈)

## ရှင်သာရိပုတ္တရာ၏ ဒေါသ ဖြေနည်း

(ယနေ့ ကောဇာသက္ကရာဇ် ၁၃၈၂-ခုနှစ်၊ ဦးတန်ခူးလ ပြည့်ကျော်(၁၄)ရက်လကွယ်နေ့။ (၂၁.၄.၂၀၂၀)အင်္ဂါနေ့။)

လူတို့သည် မိမိတို့ ဖြစ်စေချင်သည့်အတိုင်း မဖြစ်လိုက်ရလျှင် စိတ်အစာအကျေ ဖြစ်နေတတ်ပါသည်။ သို့အတွက်ကြောင့် သူတော်ကောင်းကြီးများ၏ စိတ်ကို ဖြေလျော့နည်းကို တင်ပြပေးပါမည်။ ရှုစားတော်မူကြပါ။

ဤနေရာ၌ ရှင်သာရိပုတ္တရာ အရှင်မြတ်ကြီး၏ ဒေါသ အာဃာတကို ဖြေဖျောက်သည့် နည်းလမ်းကောင်းများကို တင်ပြပါမည်။

ရဟန်းသံဃာတော်တို့အား ရှင်သာရိပုတ္တရာက ရန်ငြိုး ဖွဲ့ခြင်းကို ပယ်ဖျောက်ကြောင်း တရားငါးပါး(သို့မဟုတ်) ပုဂ္ဂိုလ် ငါးမျိုးရှိသည်ဟု မိန့်တော်မူသည်။

ရှင်သာရိပုတ္တရာက -

"ငါ့ရှင်တို့၊ ထိုငါးမျိုးတို့ဟူသည် - ဤလောက၌ အချို့ သောသူသည်-

(၁) မစင်ကြယ်သော ကိုယ်အကျင့်ရှိ၍ စင်ကြယ်သော ကောင်းသော နှုတ်အကျင့်ရှိသောပုဂ္ဂိုလ်၊

(၂) မစယ်ကြယ်သော နှုတ်အကျင့်ရှိ၍ စင်ကြယ်သော ကောင်းသော ကိုယ်ရှိသောပုဂ္ဂိုလ်၊

(၃) မစင်ကြယ်သော ကိုယ်လည်းရှိ၊ မစင်ကြယ်သော နှုတ်လည်းရှိသူဖြစ်သော်လည်း ထိုသူ့ထံမှ ရံဖန်ရံခါ လောကီ လောကုတ္တရာဗဟုသုတ သမထဝိပဿနာအခွင့်အလမ်းနှင့် စိတ်၏ကြည်လင်မှု တစ်ခုခုကို ရစေနိုင်သောပုဂ္ဂိုလ်၊

(၄) မစင်ကြယ်သောကိုယ်, နှုတ်ရှိ၍ လောကီဗဟုသုတ လောကုတ္တရာဗဟုသုတ ရံဖန်ရံခါ သမထဝိပဿနာ အခွင့် အလမ်းနှင့် စိတ်၏ကြည်လင်မှု တစ်ခုခုကိုမျှ မရစေနိုင်သော ပုဂ္ဂိုလ်၊

(တစ်နည်းအားဖြင့် ဘာတစ်ခုမျှ မကောင်းသောပုဂ္ဂိုလ်)

(၅) စင်ကြယ်သော ကိုယ်လည်းရှိ, နှုတ်လည်းရှိ၍

လောကီလောကုတ္တရာ ဗဟုသုတ သမထဝိပဿနာအခွင့် အလမ်းနှင့် စိတ်၏ကြည်လင်မှု တစ်ခုခုကိုလည်း ရစေနိုင် သောပုဂ္ဂိုလ်အားဖြင့်(၅)မျိုး ရှိသည်။

## ဥပမာ(၅)မျိုးဖြင့် ဟောပြ

(၁) ငါ့ရှင်တို့၊ ထို(၅)မျိုးတို့တွင် မစင်ကြယ်သော ကိုယ် အကျင့် ရှိ၍စင်ကြယ်သော နှုတ်အကျင့်ရှိသော ပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရန်နည်းလမ်းမှာ ပံ့သုကူသက်န်း ကိုဆောင်သော ရဟန်းတစ်ပါးသည် လမ်းခရီး၌ ပုဆိုးစုတ် အပိုင်းအစကို မြင်သော် လက်ဝဲခြေဖြင့်နင်း၍လက်ျာခြေဖြင့် ဖြန့်ကာ ထိုပုဆိုးစုတ်ပိုင်း၌ ခိုင်ခန့်သော အသားကို ဆုတ်ယူ ပြီးလျှင် သွားလေရာသကဲ့သို့၊ ငါ့ရှင်တို့ ဤအတူသာလျှင် မစင်ကြယ်သော ကိုယ်အကျင့်ကို နှလုံးမသွင်းမူ၍ နှုတ်အ ကျင့် စင်ကြယ်သည်၏အဖြစ်ကိုသာ နှလုံးသွင်း၍ ရန်ငြိုးဖွဲ့ ခြင်းကို ပယ်ဖျောက်ရမည်။

(၂) ငါ့ရှင်တို့၊ မစင်ကြယ်သော နှုတ်အကျင့်ရှိ၍ စင်ကြယ် သော ကောင်းသော ကိုယ်အကျင့်ရှိသောပုဂ္ဂိုလ်၌ ရန်ငြိုး ဖွဲ့ခြင်းကို ပယ်ဖျောက်ရန်နည်းလမ်းမှာ နွေနေပူတို့ဖြင့် တွေ ထိနှိပ်စက်အပ်သည်ဖြစ်၍ ခရီးပန်းလျက် အစာရေစာ ဆာ

လောကီ လောကုတ္တရာဗဟုသုတ ရုံဖန်ရံခါသမထဝိပဿနာ အခွင့်အလမ်းနှင့် စိတ်၏ကြည်လင်မှု တစ်ခုခုကို ရစေနိုင်မှုကိုသာ နှလုံးသွင်း၍ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

(၄) (တစ်နည်းအားဖြင့် ဘာတစ်ခုမျှ မကောင်းသောပုဂ္ဂိုလ်အတွက်)

ငါ့ရှင်တို့၊မစင်ကြယ်သော ကိုယ်,နှုတ်ရှိ၍လောကီ လောကုတ္တရာဗဟုသုတ၊ ရုံဖန်ရံခါ သမထဝိပဿနာ အခွင့်အလမ်းနှင့် စိတ်၏ကြည်လင်မှု တစ်ခုခုကိုမျှ မရစေနိုင်သောပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရန် နည်းလမ်းမှာ ငါ့ရှင်တို့ အနာရောဂါနှိပ်စက်အပ်သည်ဖြစ်၍ ပြင်းထန်စွာနာသော ယောကျ်ားသည် ခရီးဝေးသို့သွား၏။ ထိုယောကျ်ား၏ ရှေ့မှလည်းရွာ ဝေးသေး၏၊ နောက်မှလည်း ရွာဝေးကွာခဲ့ပြီ၊ လျောက်ပတ်သော စားဖွယ်၊ ဆေးဝါး၊ သူနာပြု အလုပ်အကျွေးလည်းမရရာ။ ထိုသူနာကို ခရီးသွားသော ယောကျ်ားတစ်ဦးသည်မြင်လေရာ၏၊ ထိုယောကျ်ားသည် ထိုသူနာ၌ ကြင်နာခြင်း၊ သနားခြင်း၊ စောင့်ရှောက်ခြင်းကို ဖြစ်စေရာ၏။

ထိုသို့ဖြစ်ခြင်းမှာ ဤလူနာသည် ဤအရပ်၌ပင် အကျိုးမဲ့ပျက်စီးခြင်းသို့ မရောက်စေလိုသောကြောင့်ပင် ဖြစ်သည်။ ငါ့ရှင်တို့၊ 'ဤသူသည် ကာယ,ဝစီ,မနောဒုစရိုက်တို့ကိုပယ်၍ ကာယ,ဝစီ,မနောသုစရိုက်တို့ကို ပွားပါမူ ကောင်းလေရာ၏'

ဟု ကြင်နာမှု သနားမှု စောင့်ရှောက်မှုကို ဖြစ်စေရမည်။

ဤပုဂ္ဂိုလ်အတွက် -

"ကာရုညံဃေဝ ဥပဋ္ဌာပေတဗ္ဗံ၊

အနုဒ္ဒယာဃေဝ ဥပဋ္ဌာပေတဗ္ဗာ၊

အနုကမ္ပါဃေဝ ဥပဋ္ဌာပေတဗ္ဗာ" ဟု ထိုသို့သောသူကို 'ကြင်နာပါ သနားပါ စောင့်ရှောက်ပါ' ဟု အထူးတိုက်တွန်းထားပါသည်။ ဆိုလိုသည်က 'ဘာတစ်ခုမှ ကောင်းတဲ့သူမှ မဟုတ်တာ ပစ်ထားလိုက်ပါ' ဤသို့ မလုပ်လိုက်ပါနှင့်' ဟု ဆိုလိုသည်။

ငါ့ရှင်တို့၊ ထိုသို့ဖြစ်ရခြင်းမှာ 'ဤသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ၊ ပျက်စီး၍ကျရာဖြစ်သော ငရဲသို့ မကပ်ရောက်ပါစေလင့်' ဟု နှလုံးသွင်းမိသောကြောင့် ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

(၅) ငါ့ရှင်တို့ စင်ကြယ်သော ကိုယ်လည်းရှိ, နှုတ်လည်းရှိ၍ လောကီလောကုတ္တရာ ဗဟုသုတ ရံဖန်ရံခါ သမထဝိပဿနာ အခွင့်အလမ်းနှင့် စိတ်၏ကြည်လင်မှု တစ်ခုခုကိုလည်း ရစေနိုင်သောပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရန်နည်းလမ်းမှာ ငါ့ရှင်တို့၊ ကြည်လင်ချို့မြိန် အေးမြသော

ရေရှိသော၊ နှလုံးမွေ့ လျော်ဖွယ်ရာကောင်းသော ရေကန်ရှိ၏။

ခရီးဝေးသွားသော နွေနေပူတို့ဖြင့် တွေ့ထိ နှိပ်စက်အပ်သည်ဖြစ်၍ ခရီးပန်းလျက် အစာရေစာ ဆာလောင်မွတ်သိပ်သော ယောကျ်ားသည် ထိုရေကန်အတွင်းသို့ သက်ဆင်းလျက် ရေချိုး၍၄င်း၊ သောက်၍၄င်း တစ်ဖန်ပြန်တက်ပြီး သစ်ပင်ရိပ်၌ နားနေရာသကဲ့သို့၊ ငါ့ရှင်တို့ ဤအတူသာလျှင် ကိုယ်နှုတ်နှလုံး သုံးပါးလုံးကောင်းသော ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်'' ဟု မိန့်တော်မူသည်။ (အံ၊၂၊ ၁၆၄။ မြန်မာပြန်၂၊ ၂၀၉)

မထေရ်မြတ်ကြီး ဟောလိုရင်းမှာ လောက၌ ကောင်းကွက်ကိုသာရှာ၍ ရန်ငြိုးဖွဲ့ခြင်းဒေါသကို ပယ်ဖျောက်ရန် ဟောကြားလိုရင်း ဖြစ်သည်။

စိတ်ဆိုးမှု ဒေါသသည် ဒေါသဖြစ်သူ၏ နှလုံးသားကို ပြင်းစွာပူလောင်ပြီး တစ်ကိုယ်လုံးရှိ သွေးကြောများသို့ ဒေါသသွေးများတစ်ဟုန်ထိုး စီးဝင်ကာ မျက်နှာအထိ တက်လာပြီး ဒေါသထွက်သူ၏မျက်နှာသည် ခက်ထန် ကြမ်းတမ်းကာ ကြောက်စရာ အလွန်ကောင်းသည့်အသွင်ကို ဆောင်နေသည်။

သို့ဖြင့် ဒေါသသည် ဒေါသရှိသူကို စတင်ဖျက်ဆီးသည်ကို မျက်ဝါးထင်ထင်သိမြင်နိုင်ကြ၍ ရှင်သာရိပုတ္တရာ မထေရ်

မြတ်ကြီး၏ ဒေါသဖြေနည်းကို အာရုံပြုကာ စိတ်ချမ်းသာ ရွှင်နေနိုင်ရန် လိုအပ်လှသည်။

ဆိုလိုသည်က ကောင်းရာတစ်ခုခုကို ကြည့်၍ ကောင်းကွက် ကိုရှာ၍ ဒေါသကို ပယ်ဖျောက်ပါဟု ဆိုလိုသည်။

ကောင်းကွက်ကိုရှာ မေတ္တာပင်ဖြစ်သည်။ ကောင်းကွက်ကို လှုတိုင်းရှာတတ်ခြင်းသည် ကောင်းသောအကျင့် သူတော် ကောင်းကြီးတို့၏ အကျင့် ဖြစ်ပေသည်။

ဒေါသပြေကြ၍ ရင်ကို အေးမြကြပါစေ။

အမှတ်(၉)
## သံဃာ ၄ ပါး တရား ၄ ပုဒ်

(ယနေ့ ကောဇာသက္ကရာဇ် ၁၃၈၂-ခုနှစ်၊ ကဆုန်လဆန်း(၁)ရက်၊ (၂၂.၄.၂၀၂၀) ဗုဒ္ဓဟူးနေ့။)

ဗာရာဏသီပြည်တံခါးအနီး အိုးများလုပ်လျက် ဘဝရပ်တည်နေကြသည့် အိုးလုပ်သမား မိသားစုရှိနေသည်။ သူတို့သည် ပစ္စည်းမချမ်းသာသော်လည်း စေတနာချမ်းသာကြသည်။ မြို့တံခါးအနီး နေရသူတို့အတွက် အားသာချက် အားနည်းချက်များလည်း ရှိသည်။

တံခါးဆိုသည်နှင့်အမျှ လူဆိုးတွေလည်း ဝင်ထွက် သွားလာကြသည်။ လူကောင်းတွေ သူတော်ကောင်းတွေလည်း သွားလာကြသည်။ သံဃာတော်တွေလည်း ဆွမ်းခံဝင်ကြ ထွက်ကြသည်။

တစ်နေ့ နံနက် သံဃာတော် (၄)ပါးတို့ ဆွမ်းခံကြွလာသည့်အတွက် အိုးလုပ်ငန်းလုပ်သည့် မိသားစုတို့သည် သံဃာတော် (၄)ပါးတို့အား ဆွမ်းစားပင့်လျှောက်သည်။ အိုးထိန်းသည်၌ ဇနီးသည်နှင့် ကလေးနှစ်ယောက် ရှိသည်။

အိုးထိန်းသည်၌သားတစ်ယောက် သမီးတစ်ယောက် ဇနီးသည်နှင့် မိသားစု(၄)ဦးတို့က သံဃာတော်(၄)ပါးအား မွန်မြတ်သော ဆွမ်းများဆက်ကပ်ပြီးသောအခါ ဆွမ်းအနုမောဒနာ ဟောကြားမည်ပြုသောအခါ ဆွမ်းဒကာက -

"အရှင်ဘုရား ..၊ အရှင်ဘုရားတို့က အဘယ်အရပ်မှ ကြွလာကြပါနည်း၊ တစ်ကျောင်းထဲလားဘုရား"

မထေရ်ကြီးက -

"အေး .. ကျောင်းကတော့ တစ်ကျောင်းထဲပါ၊ တို့က ဟိမဝန္တာတောင်မှာ သီတင်းသုံးကြပါတယ်၊ ဒါပေမယ့် တို့.. ဒီဘဝရောက်လာခဲ့တာကတော့ မတူဘူးကွဲ့"ဟု မိန့်ကြားသည်။

"တင်ပါ့ဘုရား..၊ ဒါဆိုအရှင်ဘုရားတို့ ကျင့်ကြံခဲ့တဲ့ ကိုယ်တွေ့တရား အသီးအသီး မိန့်ကြားပေးပါဘုရား"

"အေး တို့(၄)ပါးက ကိုယ်တွေ့တရားတွေကို တစ်ပါးတစ်ပုဒ်စီ အကျဉ်းချုပ်ဟောပေးပါမယ်"

"တင်ပါ့ဘုရား"။

## (၁) ပထမ မထေရ်၏တရား

ရှေးအခါက ကလိင်္ဂတိုင်း ဒန္တရပူရမြို့၌ ကရဏ္ဍက မည်သောမင်းသည် များစွာသော အခြံအရံတို့ဖြင့် ဥယျာဉ်တော်သို့သွားသည်ရှိသော် ဥယျာဉ်တော်၏ အဝင်တံခါးအနီးရှိ သရက်ပင်သည် အခြားသောအပင်တို့ထက် လှပဝေဆာလျက် ပင်လုံးကျွတ်အသီးသီးနေသည်။

ရှင်ဘုရင်သည် တန်ဆာဆင်ထားသည့် ဆင်ကျောပေါ်မှ လက်ကို ဆန့်တန်း၍ သရက်ခိုင်ကို ဆွတ်ခူးပြီး ဥယျာဉ်တော်ထဲ ဆက်လက်ဝင်ရောက်သွားကာ မင်္ဂလာကျောက်ဖြာ၌ စံပျော်လျက် သရက်သီးကို သုံးဆောင်၏။

မင်းကြီး ယူအပ်ပြီးဖြစ်သော သရက်ပင်မှ ကျန်သရက်သီးများကို ကျန်သောအမတ်နှင့် ပုဏ္ဏားအားလုံးသောသူတို့သည် သူ့ထက်ငါ လုယက်ခါ သရက်သီးများကို ဆွတ်ခူးကြသည်။ မမှီသောသရက်သီးများကို တုတ်များ ဓားများဖြင့် ရိုက်ပုတ် ခုတ်ထစ်ကြပြီးသရက်သီးကို ယူကြသည်။ သို့ဖြင့် လှပဝေဆာနေသော သရက်ပင်သည် ကြေမွပျက်စီးသွားသည်။

မင်းကြီးသည် တစ်နေ့တာ အနားယူပြီး ညနေဥယျာဉ်တော်မှ နန်းတော်သို့ ရတနာဆင်တော်ဖြင့် ညင်သာစွာ ပြန်လာခဲ့စဉ် ဆင်ကျောက်ကုန်းပေါ်မှ မြင်လိုက်ရသည့် နံနက်က လှပဝေဖြာနေသော သရက်သည် ယခု ရုပ်ဆိုး

အကျည်းတန်စွာ ကြေမွပျက်စီးနေသည်ကို ရင်နင့်စွာရပ်တန့် လျက် စူးစူးစိုက်စိုက် ကြည့်ရှုတော်မူသည်။

ထိုမြင်ကွင်းကို မြင်လိုက်ရသော မင်းကြီး၏ စိတ်၌ "ဤ သရက်ပင်သည် နံနက်အခါက အသီးအရွက်တို့နှင့် ပြည့်စုံ သည့်အတွက် စိမ်းစိုညို့ဆိုင်း လန်းဆန်းစွာ တင့်တယ် လှပ လျက်ရှိသည်၊ ယခုသော် ဤသရက်ပင်သည် အသီး သီးသည် ၏ အဖြစ်ကြောင့် ဤသို့ ကြေမွပျက်စီးခြင်းသို့ ရောက်ရပါတ ကား" ဟု ဆင်ခြင်မိနေသည်။

ထိုသရက်ပင်နှင့် ကပ်လျက် အခြားသရက်ပင်သည် အသီး မရှိသည့်အတွက် အလှအပမပျက်စီး ပကတိအတိုင်း တည်ရှိ လှပ နေသည်ကို မြင်တွေ့လိုက်ရသည်။ "ဤသရက်ပင်သည် အသီးမသီးသည့်အတွက် မပျက်မစီး ပကတိအတိုင်း ပတ္တမြား တောင်ကဲ့သို့ စိမ်းလန်းစိုပြေစွာ လှပတင့်တယ်ပါဘိတကား" ဟု ဆင်ခြင်နေမိပြန်သည်။

မင်းကြီးသည် ဆက်လက်၍ ဆင်ခြင်နေမိသည်မှာ "အိမ် ၏အလယ် နန်းတော်၏အလယ်၌ နေကြရသည့် လူတို့သည် အသီးသီးသော သရက်ပင်နှင့် တူလှချေ၏၊ ရဟန်းအဖြစ်သည် အသီးမသီးသော သရက်ပင်နှင့်တူလှချေ၏။ ဥစ္စာရှိသောသူ, အာဏာရှိသောသူတို့အား ဘေးရှိ၏။ ဥစ္စာမရှိသောသူ, အာ ဏာ မရှိသောသူတို့အား ဘေးလည်းမရှိပါတကား၊ ငါသည်

လည်း အသီးမရှိသော သရက်ပင်ကဲ့သို့ ဖြစ်ရာ၏ ကျင့်သုံးရာ၏''ဟု လက္ခဏာရင် သုံးပါးတင်၍ ရှုမြင်သောအခါ ပစ္စေကဗောဓိဉာဏ်ကို ရရှိခဲ့၍ ''ငါသည် ဇာတိပဋိသန္ဓေတို့ကို ဖျက်ဆီးအပ်ပြီ''ဟု နှလုံးသွင်းနေစဉ်-

အမတ်တို့က ''မြတ်သောမင်းကြီး..၊ ရပ်တော်မူသည်မှာ ကြာမြင့်လှပါပြီ''ဟု လျှောက်သော် ''အေး..ငါမင်းကြီး မဟုတ်တော့ပြီ၊ ငါသည် ပစ္စေကဗုဒ္ဓါဖြစ်သွားပြီ''ဟု မိန့်တော်မူလိုက်ပြီး ဦးခေါင်းတော်ကို လက်တော်ဖြင့် သုံးသပ်တော်မူ သောအခါ ရဟန်းအသွင်ဖြစ်ပြီး ပရိသတ်တို့အား ဆုံးမပြီး ကောင်းကင်ခရီးဖြင့် ဟိမဝန္တာ နန္ဒမူလိုဏ်ဂူသို့ ကြွရောက်ခဲ့သည်။

''ဒါယကာ..ထိုအခါက ကရဏ္ဍကမင်းအဖြစ်က ဤအနေဖြင့် ငါသည်ရဟန်းဖြစ်လာခဲ့သည်''ဟု မိန့်ကြားပါသည်။

အမ္ဗာ ဟမဒ္ဒံ ဝနမန္တရသ္မိံ၊ နီလောဘာသံ၊ သံဝိရူဠှံ။

တ မဒ္ဒသံ ဖလဟေတု ဝိဘဂ္ဂံ၊ တံ ဒိသွာ ဘိက္ခာ စရိယံ စရာမိ။ (ဇာ၊ ၂၊ ၃၊ ၃၅၈)

အဟံ၊ ငါသည်။ ဝနမန္တရသ္မိံ၊ သရက်တော၏ အလယ်၌။ နီလောဘာသံ၊ ညိုသောအရောင်ရှိသော။ ဖလိတံ၊ အသီးနှင့်ပြည့်စုံသော။ သံဝိရူဠှံ၊ စည်ပင်ပြန့်ပွားသော။ အမ္ဗံ၊ သရက်ပင်ကို။ အဒ္ဒံ၊ ဥယျာဉ်တော်သို့ အဝင်ဦးစွာ မြင်၏။

ဓလဟောတု၊ အသီးဟူသော အကြောင်းကြောင့်။ ဝိဘင်္ဂ၊ ပျက်စီးသော။ တံ၊ ထိုသရက်ပင်ကိုပင်။ အဒ္ဒသံ၊ အထွက်၌ တစ်ဖန်မြင်ရပြန်၏။ တံ၊ ထိုသရက်ပင်ကို။ ဒိသွာ၊ မြင်၍။ ဘိက္ခာစရိယံ၊ ရဟန်းပြုလင့် ဆွမ်းခံသောအကျင့်ကို။ စရာမိ၊ ကျင့်၏။

အိုးထိန်းသည် ဥပါသကာသည် ဤဂါထာ ဤတရားတော်ကို နာကြားရသည်ရှိသော် 'သာဓု သာဓု ကောင်းလေစွ ကောင်းလေစွ၊ ထိုအာရုံသည် အရှင်ဘုရားတို့အားသာလျှင် လျှောက်ပတ်၏' ဟု သာဓုခေါ်သည်။

## (၂) ဒုတိယ မထေရ်၏ တရား

(၂၃.၄.၂၀၂၀) ကြာသပတေးနေ့။

(ဆွမ်းဒကာ အိုးထိန်းသည် မိသားစု ၄-ယောက်တို့တရားနာယူနေစဉ် ဒုတိယမထေရ်သည်ဆက်ဟောကြားမည်)

ဒုတိယ မထေရ်က ဆက်လက်ဟောကြားရာမှာ ရှေးအခါက ဂန္ဓာရတိုင်းတွင် တက္ကသိုလ်ပြည်နှင့် ကသ္မီရပြည် ရှိ၏။ ထိုနှစ်ပြည်ထောင်ကို အုပ်ချုပ်ရသော နဂ္ဂဇိအမည်ရှိ သောမင်းသည် နန်းတော်၏အလယ် မြတ်သောပလ္လင်ပေါ်၌ စမွါယ်

တော်မူ၏။

(ဂန္ဓာရတိုင်းဟူသည် ယခုအခါ ပါကစ္စတန်က ကဘူးမြို့ဝန်းကျင်ဟုဆိုကြသည်။ တက္ကသိုလ်ပြည် ဟူသည်လည်း ယခု ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတွင်း၌ တည်ရှိသည်ဟု ဆိုသည်။ ထိုစဉ်က ကသ္မီရပြည်သည်လည်း ယခုအိန္ဒိယမြောက်ပိုင်း အိန္ဒိယနှင့်ပါကစ္စတန်တို့ ကိုယ်ပိုင်သူပိုင် အငြင်းပွားနေသည့် ကသ္မီရ-ကသျှမီးပြည်နယ်ဟု ဆိုကြသည်။)

ထိုနဂ္ဂဇိမင်းကြီး၏ မလှမ်းမကမ်းတွင် နံ့သာသွေးနေသောနန်းတွင်းသူ အမျိုးသမီးတစ်ဦး၌ ပတ္တမြားလက်ကောက်ကိုတစ်ဖက်စီ ဝတ်ထားသည်။ ထိုနံ့သာသွေးသော အမျိုးသမီးသည် လက်ကောက်တစ်ဖက်ကို ချွတ်ပြီး ကျန်တစ်ဖက်သို့ပေါင်းကာ ဝတ်ဆင်ရင်း နံ့သာကို ဆက်လက် အားရပါးရသွေးနေသည်။

စုံနံ့သာမြိုင် ဦးကြော့ကတော့ ယခုလို နံ့သာသွေးနေသည့်အခါ နံ့သာတုံးက မွှေးလွန်းလှသည့်အတွက် -

"ရွှေနံ့သာ ခေါက်ကိုလ
ကျောက်ထက်မှာတင်၊
ခန်းဝင်ကမွှေး" ဟု ဤသို့ ကဗျာစပ်သို့ဆိုခဲ့သည်။

ယခုလည်း နန်းတွင်းသူ နံ့သာသွေးနေသည့် နံ့သာကလည်း

မွေးနေသလို သူ့မ၏ လက်ကလည်း နံ့သာသွေးလိုက်၍ လူက လည်းအယိမ်းအနွဲ့အတိုင်း လက်ကောက်နှစ်ဖက်က ပူးဝတ် ထားသည့်အတွက် "တစ်ချွမ်ချွမ်" နှင့် အသံမြည်နေသည်ကို ခင်းကြီး သတိပြုလိုက်မိသည်။

နံ့သာသွေးနေသော နန်းတွင်းသူကလည်း အားရပါးရ သွေးလေ အသံကမြည်လေဖြစ်နေရင်း နဂ္ဂဇိဘုရင်ကြီး၏ အတွေးများမှာ "ဤလက်ကောက်တို့သည် တစ်ဖက်စီ ဝတ် ဆင်ထားစဉ်က အသံမမြည်ခဲ့၊ ယခုအခါ လက်ကောက် နှစ်ကွင်းကို အတူပူးပြီး ဝတ်ဆင်ထားသည့်အတွက် အချင်းချင်း ထိခိုက်ပြီး အသံမြည်ကုန်၏။ ဤသို့ပင် လက်ကောက် နှစ် ကွင်းတို့ တိုက်ခိုက်၍ အသံမြည်နေသလို လောကမှာ တစ်ဦးတည်းနေကြရသည် မဟုတ်သည်ဘဲ နှစ်ဦးသုံးဦး မှစတင်ကာ နေကြရ၍ တစ်ဦးနှင့်တစ်ဦး တစ်ပြည်ထောင်နှင့် တစ်ပြည်ထောင် ငြင်းကြခုန်ကြ တိုက်ခိုက်နေကြသည့် အတွက် အသံတွေသည် 'ဘယ်မှာ ဘယ်သူတွေ ဘာဖြစ်နေကြပြီတဲ့ 'စသည်ဖြင့် အသံများ ပေါ်ထွက်နေရခြင်းဖြစ်သည်။

ငါသည် ဤဂန္ဓာရတိုင်း၌ တက္ကသိုလ်ပြည်နှင့် ကသ္မိရပြည် တို့ကို အုပ်ချုပ်နေရ စီမံနေရ၏။ ငါသည်လည်း တစ်ခုသော လက်ကောက်နှင့်တူစွာ တစ်ယောက်တည်းနေ တစ်စိတ်တည်း သောအာရုံဖြင့် နေရပါလျှင် အေးချမ်းပေလိမ့်မည်။ သူတစ်ပါး

ကို စီမံအုပ်ချုပ်နေရခြင်းထက် မိမိအတွက် မိမိ ကိုယ်ကိုသာလျှင် စီမံအုပ်ချုပ်နေခြင်းငှာသင့်တော်ပေ၏''ဟု ဆင်ခြင်နေသည်။

နဂ္ဂဇိဘုရင်ကြီးသည် နံ့သာသွေးနေသည့် နန်းတွင်းသူကိုလည်း မကြည့်တော့သလို အာရုံလည်း မပြုတော့ဘဲ နန်းတော်ကြီးကိုပင် တရားရိပ်သာအသွင်ဖြင့် တစ်ယောက်တည်းနေဖို့ထက် တစ်စိတ်ထည်းနေဖို့က ပိုကောင်းပေလိမ့်မည်ဟု ဆင်ခြင်လိုက်သောအခါ တရားတော်၏ သဏ္ဍာရသ အေးငြိမ်းခြင်းအရသာတို့သည် တရားအပေါ်အာရုံစိုက်၍ စူးနစ်ဝင်ရောက်သွားသည်နှင့်အမျှ ငြိမ်းအေးမှုအရသာကို ရနေတော့သည်။

သတ္တဝါတို့သည် အစွဲအလန်းကြောင့် အသည်းကျွမ်းကာ ပူပန်နေရ၏။ အစွဲကင်းသော စိတ်သည် ပူပန်မှုကင်း၏။ အနည်းငယ်မျှ အစွဲအလန်းကင်းလျှင် အနည်းငယ်မျှ ငြိမ်းအေးရ၏။ ပူပန်မှုကင်းခြင်း၏အရသာကိုသိသော ထိုနဂ္ဂဇိ ဘုရင်ကြီးသည် ဆက်လက်၍ -

'' ရုပ်ဓာတ်နာမ်ဓာတ်–ပရမတ်တွေကို၊
သူပဲငါပဲ–အစွဲထိုထို၊
ရုပ်နာမ်ခွဲ၍–အစွဲကိုဖြို၊

ရပ်နာမ်ကွဲ-ဘယ်မလဲငါနဲ့ကိုယ်''ဟု ရုပ်တရားနာမ်တရားများအပေါ် ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန် ရှုပွားလိုက်သည့် အခါနဂ္ဂဇိ ဘုရင်ကြီးသည် ''နဂ္ဂဇိ ပစ္စေကဗုဒ္ဓါ'' ဖြစ်သွားရပါသည်။

နန်းတော်ထက်မှာပင် နဂ္ဂဇိဘုရင်ကြီးသည် တစ်ယောက်တည်းနေ တစ်စိတ်တည်း ဖြစ်အောင်ကြိုးစား တရားအားထုတ်ခဲ့၍ ပစ္စေကဗုဒ္ဓါဖြစ်သွားရသည်။ တစ်ယောက်တည်း နေရသူတို့ တစ်စိတ်ထား၍ တရားအာရုံဖြင့်နေတတ်ရန်ဖြစ်၏။

''ဒါယကာ… နဂ္ဂဇိမင်းအဖြစ်က ဤသဘောဖြင့် ငါသည် ရဟန်းဖြစ်လာခဲ့သည်''ဟု မိန့်ကြားတော်မူပါသည်။

သေလံ သုမဋ္ဌံ နရဝီရနိဋ္ဌိတံ၊
နာရီ ယုဂံ ဓာရယိ အပ္ပသဒ္ဒံ။
ဒုတိယဉ္စ အာဂမ္မ အဟောသိ သဒ္ဒေါ၊
တံ ဒိသွာ ဘိက္ခာစရိယံ စရာမိ။

နာရီ၊ မိန်းမသည်။ သေလံ၊ ပတ္တမြားဖြင့် ပြီးသော။ သုမဋ္ဌံ၊ အလွန်ပြေပြစ်သော။ နရဝီရနိဋ္ဌိတံ၊ ပညာရှိသောသူတို့သည် စီရင်အပ်သော။ အပ္ပသဒ္ဒံ၊ အသံမရှိသော။ ယုဂံ တစ်ဖက်တစ်ဖက်၌ တစ်ခုတစ်ခုသော လက်ကောက်အစုံကို။ ဓာရယိ၊ ဆောင်၏။ စ၊ ဆက်၍ဆိုဦးအံ့။ ဒုတိယံ၊ လက်ယာဘက်မှ လက်ဝဲဘက်သို့ ပေါင်း၍ဆင်ယင်သော နှစ်ခုမြောက်

အဖော်ဖြစ်သောလက်ကောက်ကို။ အာဂမ္မ၊ စွဲ၍။ သဒ္ဒေါ၊ အသံသည်။ အဟောသိ၊ ဖြစ်၏။ တံ၊ ထိုလက် ကောက်ကို။ ဒိသွာ၊ မြင်၍။ အဟံ၊ ငါသည်။ ဘိက္ခာစရိယံ၊ ရဟန်းပြုလင့် ဆွမ်းခံသောအကျင့်ကို။ စရာမိ၊ ကျင့်၏။

အိုးထိန်းသည် ဥပါသကာသည် ဤဂါထာကို ဤတရား တော်ကို နာကြားရသည်ရှိသော် 'သာဓု သာဓု ကောင်းလေစွ ကောင်းလေစွ၊ ထိုအာရုံသည် အရှင်ဘုရားတို့ အားသာလျှင် လျှောက်ပတ်၏' ဟုသာဓုခေါ်သည်။

## (၃) တတိယ မထေရ်၏တရား

(ဆွမ်းဒကာ အိုးထိန်းသည် မိသားစု ၄-ယောက်တို့ တရားနာယူနေစဉ် တတိယမထေရ်သည်ဆက်ဟောကြားမည်)

တတိယမထေရ်က ဆက်လက်ဟောကြားရာမှာ ဝိဒေဟ တိုင်း မိထိလာပြည်၌ နိမိမည်သောမင်းသည် နံနက်စာ သုံး ဆောင်ပြီးသော် အမတ်အပေါင်းခြံရံလျက် ဖွင့်လှစ်ထားသော လေသာပြတင်းက အပြင်အဝေးဆီသို့ လှမ်းကြည့်နေသည်။

ထိုအခါ စွန်တစ်ကောင်သည် အမဲသားရောင်းသောဈေးမှ သားတစ်ကိုယူပြီး ကောင်းကင်သို့ ပျံတက်သွားစဉ် ထိုစွန်ကို

ထိုမှ ဤမှ ရောက်ရှိလာကြသည့် ငှက်တို့သည် အာဟာရ ဟူသော အကြောင်းကြောင့် နှုတ်သီးဖြင့် ထိုးကြဆိတ်ကြ လုကြယက်ကြကုန်လျက် အတောင်တို့ဖြင့် ရိုက်ခတ်ကုန်လျက် ခြေတို့ဖြင့်လည်း နင်းကြကန်ကြကုန်လျက် စုဆုံလိုက်နေကြ သည်။

ထိုသားတစ်ကို ယူထားသော စွန်သည် မိမိအား ဝိုင်းအုံ ညှင်းဆဲသည်ကို သည်းမခံတော့၍ ထိုသားတစ်ကို စွန့်လွှတ် လိုက်ရတော့သည်။ သားတစ်ကို စွန့်လွှတ်လိုက်မှ ချမ်းသာ သွားသည်။

သားတစ်ကိုရသော နောက်စွန်တစ်ကောင်ကိုလည်း ကျန် သော ငှက်တို့သည် ဝိုင်းဝန်းထိုးဆိတ်လုယက် ကန်ကြကုန် ၏။ ထိုစွန်သည်လည်း သည်းမခံနိုင်သည့်အတွက် သားတစ် ကို စွန့်ရပြန်သည်။ ထိုသို့ပင် သားတစ်ကို ရသောစွန်ကို ကျန် စွန်များ ငှက်များက ဝိုင်းအုံလိုက်ကြ တိုက်ကြခိုက်ကြ လုကြယက်ကြနှင့် ထိုစွန်ကလည်း သားတစ်ကို စွန့်လွှတ် လိုက်မှ ချမ်းသာရာကို ရရှိခဲ့သည်ကို တွေ့မြင်နေရသည်။

ထိုငှက်တို့ကို မြင်၍ နိမိမင်းသည် ''အကြင်ငှက်သည် သားတစ်ကိုယူ၏။ ထိုသားတစ်ကို ယူသောငှက်အားသာလျှင် အာဟာရဟူသော အကြောင်းကြောင့် ဆင်းရဲရ၏။ အကြင် အကြင်ငှက်သည် သားတစ်ကို စွန့်လွှတ်၏။ ထိုသားတစ်ကို

စွန့်လွှတ်သောငှက်သာလျှင် ချမ်းသာကိုရ၏။

ပစ္စည်းဥစ္စာဟူသော သားတစ်၊ ရာထူးဌာနန္တရဟူသော သားတစ်၊ မင်းစည်းစိမ်သားတစ်စသော ငါးပါးကုန်သော ကာမဂုဏ်တို့ကိုလည်း အကြင်အကြင်သူတို့သည် နှစ်သက်၍ ယူကြကုန်၏။

ပစ္စည်းဥစ္စာဟူသော သားတစ်ကို အလိုရှိသူတို့သည် ပစ္စည်းဥစ္စာဟူသော သားတစ်ကို ရလိုဇောဖြင့် တိုက်ကြခိုက်ကြ လုယက်နေကြသည်။ ရာထူးဌာနန္တရဟူသော သားတစ်ကို အလိုရှိသူတို့ကလည်း ရာထူးဌာနန္တရကို ရလိုဇောဖြင့် တိုက်ကြခိုက်ကြ လုယက်နေကြသည်။ ထိုကာမဂုဏ်တို့ကို ရလိုဇောရှိသူတို့သည် ရလိုဇောပြင်းပြသလောက် ဆင်းရဲကြရကုန်၏။ စိတ်၌ ခံစားကြရကုန်၏။ ထိုကာမဂုဏ်တို့ကို မယူသော မနှစ်သက်ကုန်သောသူတို့အား ချမ်းသာကြကုန်၏။

သံသရာဝဋ်မှလွတ်မြောက်လိုသော သူတို့သည်လည်းကောင်း၊ စိတ်ချမ်းချမ်းသာသာ နေလိုသောသူတို့သည်လည်း ကောင်း ဝတ္ထုကာမ ကိလေသာကာမဟူသော ငါးဖြာဖုံဖုံ ကာမဂုဏ်တို့ကို စွန့်လွှတ်မှ ချမ်းသာကြမည်ဖြစ်သည်။

ပစ္စည်းဥစ္စာဟူသော ဝတ္ထုကာမ၊ သားသမီး ဇနီးမယား လင်ယောကျ်ားတည်းဟူသော ကိလေသာကာမတို့၌ စွဲလန်းမှု နှစ်သက်မှု တွယ်တာမှုများ အစွဲများ ဖြုတ်နိုင်သူအားသာ

ချမ်းသာနိုင်မည်။ ထို့ကြောင့် -

" သံသရာဝဋ်စက်-လွတ်ထွက်လိုသော်၊

စိတ်တွေအေးချမ်း-ရှင်လန်းလိုသော်၊

အစွဲတွေဖြုတ်-အားထုတ်ပျော်ပျော်၊

အစွဲပြုတ်-တဲကုတ်ရွှေနန်းတော်"။

ဤကာမဂုဏ်တို့သည် များစွာကုန်သော သူတို့နှင့် ဆက်ဆံကုန်၏။ ငါအားကား (၁၆၀၀၀)တစ်သောင်း ခြောက်ထောင်ကုန်သော မောင်းမမိန်းသံတို့သည် ရှိကုန်၏။ စွန်သည် နှုတ်သီးမှ သားတစ်ကို လွှတ်သကဲ့သို့ ငါသည်လည်း ငါးပါးကုန်သော ကာမဂုဏ်တို့ကိုစွန့်၍ ချမ်းသာစွာ နေခြင်းဟာ သင့်တော်ရာ၏"ဟု စဉ်စားနေသည်။

ထိုသို့စဉ်းစားနေသော နိမိမင်းသည် စဉ်းစားနေသော လေသာပြတင်းပေါက်နားမှာပင် သံဝေဂဉာဏ်များ အဖန်ဖန် ဖြစ်စေလျက် ကာမဂုဏ်တို့၏ အပြစ်ကိုလည်းမြင်လာသည်။ ကာမဂုဏ်ဟူသည် -

အာသဝတရား, သြဃတရား, ယောဂတရား, ဂန္ထတရား, ဥပါဒန်တရား, နီဝရဏတရား, အနုသယတရား, သံယောဇဉ်တရား, ကိလေသာတရားတို့ပါတကား။ ဤတရား အားလုံးတို့သည် သတ္တဝါတို့အား ဝဋ်၌လည်စေပြီး ဘေးဒုက္ခ အမျိုးမျိုးကို ပေးတတ်စွတကားဟု ဝိဃနာတရားများကို အဖန်

ဖန် ရှုပွားဆင်ခြင်လိုက်သောအခါ နန်းတော်လေသာ ပြတင်းဝ နားမှာပင် ပစ္စေကဗောဓိဉာဏ်ကို ရရှိသွား၍ “နိမိပစ္စေက ဗုဒ္ဓါ” ဖြစ်သွားရလေပြီ။

“ဒါယကာ…အဲဒီ “နိမိပစ္စေက ဗုဒ္ဓါ”ဟူသည် ငါပင် ဖြစ်၍ ငါသည် ဤသို့ ရဟန်းဖြစ်လာခဲ့ပါသည်”ဟု မိန့် တော်မူလိုက်သည်။

ဒိဇာ ဒိဇံ ကုဏပ'မာဟရန္တံ၊
ဧကံ သမာနံ ဗဟုကာ သမေစ္စ။
အာဟာရဟေတူ ပရိပါရယိံသု၊
တံ ဒိသွာ ဘိက္ခာစရိယံ စရာမိ။

ကုဏပံ၊ သားတစ်ကို။ အာဟန္တံ၊ ဆောင်သည်။ သမာနံ၊ ဖြစ်သော။ ဧကံ ဒိဇံ၊ ငှက်တစ်ကောင်ကို။ ဗဟုကာ၊ များကုန် သော။ ဒိဇာ။ ငှက်တို့သည်။ သမေစ္စ၊ အညီအညွှတ်စည်းဝေး၍။ (ဝါ) အားလုံးစုပေါင်း၍။ အာဟာရဟေတူ၊ အာဟာရဟူသော အကြောင်းတို့ကြောင့်။ ပရိပါရယိံသု၊ ထိုးဆွ၍လိုက်၏။ တံ၊ ထိုငှက်ကို။ ဒိသွာ၊ မြင်၍။ အဟံ၊ ငါသည်။ ဘိက္ခာစရိယံ၊ ရဟန်းပြုလင့် ဆွမ်းခံသောအကျင့်ကို။ စရာမိ၊ ကျင့်၏။

အိုးထိန်းသည် ဥပါသကာသည် ဤဂါထာကို ဤတရား တော်ကို နာကြားရသည်ရှိသော် “သာဓု သာဓု ကောင်းလေစွ ကောင်းလေစွ၊ ထိုအာရုံသည် အရှင်ဘုရားတို့အားသာလျှင်

လျှောက်ပတ်၏ ဟု သာခုခေါ်သည်။

## (၄) စတုတ္ထ မထေရ်၏ တရား

(ဆွမ်းဒကာ အိုးထိန်းသည် မိသားစု ၄-ယောက်တို့တရား နာယူနေစဉ် စတုတ္ထမထေရ်သည်ဆက်ဟောကြားမည်)

နောက်ဆုံး စတုတ္ထ မထေရ်က ဆက်လက်ဟောကြားရာမှာ ဥတ္တရပဉ္စာလတိုင်း ကပိလမြို့၌ ဒုမ္မုခ မည်သောမင်းသည် နံ့နက်စာသုံးဆောင်ပြီးသော် ကောင်းမြတ်သော တန်ဆာများဖြင့် တန်ဆာဆင်ပြီး အမတ်အပေါင်းခြံရံလျက် ဖွင့်လှစ်ထားသော လေသာပြတင်းက မင်းရင်ပြင်ဆီကို လှမ်းမျှော်ကြည့်လျက် နေသည်။

ထိုစဉ် နွားခြံကို ဖွင့်လှစ်လိုက်သည့်အတွက် နွားတို့သဘာဝအတိုင်း မိတ်လိုက်ချိန်ဖြစ်၍ နွားလားဥသဘတို့သည် နွားမတစ်ကောင်နောက်သို့ တစ်ဟုန်ထိုး ပြေးလွှား စုံပြုံလိုက်နေကြသည်။ အလွန်ခွန်အားကြီးသော နွားလားဥသဘကြီးသည် နွားလဘို့ကလည်းအလွန်ကြီးသည်ဖြစ်၍ တစ်လူပ်လူပ်နှင့် ဦးချိုနှစ်ဖက်ကလည်း ဓားချွန်ကဲ့သို့ ချွန်မြနေသည်။

ထိုနွားလားဥသဘကြီးသည် လာတိုင်းလာတိုင်းကုန်သော

နွားထီးတို့အား သူ၏ အားကောင်းလှသော ဦးချိုတို့ဖြင့် ဝှေ့ရမ်းနေသည်။

ကိလေသာနှိပ်စက်ခြင်း ခံနေရသော အဆင်းအားဖြင့်လည်း ပြည့်စုံ ၊ ခွန်အားဖြင့်လည်းပြည့်စုံသော ထိုနွားလား ဥသဘ ကြီးသည် နွားမအနီးသို့ချဉ်းကပ်လာသော အခြားနွားထီး တစ်ကောင်ကို ထက်လှသော ဦးချိုတို့ဖြင့် နောက်ခြေ၏ ရှေ့နား ဝမ်းဗိုက်ကို ထိုးဝှေ့လိုက်သည့်အတွက် အူများအခွေ လိုက် ထွက်ကျလာသည်။ အဝှေ့ခံရသော ထိုနွားထီးလည်း အော်ညီးပြီး အဝှေ့ခံရသော ထိုနေရာပင်လဲကျကာ ပွဲချင်းပြီး သေဆုံးသွားသည်။

ဝှေ့သောနွားလားဥသဘသည်လည်း ကိလေသာနှိပ်စက်၍ ဝှေ့လိုက်ခြင်းဖြစ်သည်။ အဝှေ့ခံရသော နွားထီးသည်လည်း ကိလေသာအနှိပ်စက်ခံနေရ၍ အဝှေ့ခံရခြင်းဖြစ်သည်။

သတ္တဝါတို့သည် ကာမဟူသော, ကိလေသာဟူသော အ ကြောင်းကြောင့် တုန်လှုပ်နေကြရ၏။ ထိုကာမ ကိလေသာ တို့ကြောင့် သတ္တဝါတို့သည် ဆင်းရဲခြင်း အသက်ကုန်ခြင်းသို့ ရောက်ကြရကုန်၏။

နွားမတည်းဟူသော ကိလေသာကာမနောက်သို့ နွားတစ် သိုက်တို့သည် လိုက်၍ တိုက်ကြခိုက်ကြ လုကြယက် ကြနှင့် ရှိပေစွတကား။ သတ္တဝါတို့သည် နွားမတည်းဟူသော ကိလေ

သာကာမနောက်သို့ နွားတစ်သိုက်တို့သည် လိုက်နေကြသလို စည်းစိမ်ဥစ္စာဟူသော ဝတ္ထုကာမ၊ ရာထူး အာဏာဟူသော ကိလေသာကာမ၊ မင်းစည်းစိမ်ဟူသော ဝတ္ထုကာမ၊ မင်းမိဖုရားတည်းဟူသော ကိလေသာကာမ၊ သားသမီးတည်းဟူသော ကိလေသာကာမ၊ ဝန်ကြီး ဝန်ကလေး အမတ်ရာထူးစသော ကိလေသာကာမ၊ ဝတ္ထုအာရုံ၊ ကိလေသာအာရုံ ကာမဂုဏ်တို့ နောက်သို့ စုပြုံလိုက်နေကြပါလား။

သတ္တဝါတို့သည် ကာမဟူသော, ကိလေသာဟူသော အကြောင်းကြောင့် တုန်လှုပ်နေကြရ၏။ ငိုကြွေးမြည်တမ်းကြရကုန်၏။ ထိုဝတ္ထုကာမ ကိလေသာကာမတို့ကြောင့် သတ္တဝါတို့သည် အသက်ကုန်ခြင်းသို့ ရောက်ကုန်၏။

သတ္တဝါတို့တွင် ဦးချိုရှိသော သတ္တဝါတို့သည် ဦးချိုကို အားကိုးကြသလို၊ အစွယ်ရှိသော သတ္တဝါတို့သည် အစွယ်ကို အားကိုးကြသလို ပစ္စည်းခွန်အားရှိသော သတ္တဝါတို့သည် ပစ္စည်းကိုအားကိုးကာ ကျန်သတ္တဝါတို့အားလွှမ်းမိုး နှိပ်စက်ကြကုန်၏။

ရာထူး,အာဏာရှိသောသူတို့သည်လည်း ရာထူးအာဏာကို အားကိုးကာ ကျန်သတ္တဝါတို့အား လွှမ်းမိုး နှိပ်စက်ကြကုန်၏။ သတ္တဝါတို့သည် မိမိပိုင်ဆိုင်သော ခွန်အားတစ်မျိုးမျိုးကို အားကိုးကာ အခြားသောသတ္တဝါတို့အား လွှမ်းမိုးနှိပ်စက်ကြ

ကုန်၏။ သတ္တဝါတို့သည် မိမိတို့အားသန်ရာနှင့် အားနည်းသည့်သူကို ဖိနှိပ်အနိုင်ယူကြပေစွာ့တကား။

ဥသဘာ ဟ မဒ္ဒိံ ယူထဿ မဇ္ဈေ၊
စလက္ကကုံ ဝဏ္ဏဗလူပပန္နံ။
တံ မဒ္ဒသံ ကာမဟေတု ဝိတုန္နံ၊
တံ ဒိသွာ ဘိက္ခာစရိယံ စရာမိ။

ယူထဿ၊ နွားအပေါင်း၏။ မဇ္ဈေ၊ အလယ်၌။ စလက္ကကုံ၊ လှုပ်သော လဘို့ရှိသော။ ဝဏ္ဏဗလူပပန္နံ၊ အဆင်းအားဖြင့် ပြည့်စုံသော။ ဥသဘံ။ ဥသဘကို။ အဟံ၊ငါသည်။ အဒ္ဒိံ၊ မြင်ရ၏။ ကာမဟေတု၊ ကာမဟူသောအကြောင်းကြောင့်။ ဝိတုန္နံ၊ နှိပ်စက်သော။ တံ၊ ထိုဥသဘကို။ အဒ္ဒသံ၊ မြင်ပြန်၏။ တံ၊ ထိုဥသဘကို။ ဒိသွာ၊ မြင်၍။ အဟံ၊ ငါသည်။ ဘိက္ခာစရိယံ၊ ရဟန်းပြုလင့် ဆွမ်းခံသောအကျင့်ကို။ စရာမိ၊ ကျင့်၏။

သူတော်ကောင်းတို့၏ နယ်မြေ၌ ကြင်နာခြင်း, သနားခြင်း,စောင့်ရှောက်ခြင်းတို့ဖြစ်တတ်ကြသော်လည်း ကိလေသာ ထူပြောသောနယ်မြေ၌ သတ္တဝါတို့သည် ကိလေသာတို့ကြောင့် သိသိသာသာတစ်မျိုး မသိမသာတစ်မျိုး ဖြင့် သူနိုင်ငါနိုင် သူပိုင်ငါပိုင် အပြိုင်လုယက် အနိုင်လုယက်ကြကုန်၏။

"ငါသည် ဤသတ္တဝါတို့ကို တုန်လှုပ်စေတတ်သော အသက်ကို သေစေတတ်သော ကိလေသာတို့ကို ပယ်ခြင်းငှာ သင့်ပေစွတကား" ဟု ကြံစည်ပြီ ထိုမင်းသည် လေသာပြတင်း တံခါးရှေ့ ရပ်လျက်သာလျှင် ကိလေသာတို့၏ အပြစ်ကို ကောင်းစွာသိမြင် ဉာဏ်ဖြင့်ယှဉ်၍ လက္ခဏာယဉ် သုံးပါး တင်၍ ဆင်ခြင်လိုက်သောအခါ ပစ္စေကဗောဓိဉာဏ်ကို ရရှိ သွား၍ "ဒုမ္မုခ ပစ္စေက ဗုဒ္ဓါ" ဖြစ်သွားရလေပြီ။

"ဒါယကာ ... အဲဒီ "ဒုမ္မုခပစ္စေက ဗုဒ္ဓါ" ဟူသည် ငါပင်ဖြစ်၍ ငါသည် ဤသို့ ရဟန်းဖြစ်လာခဲ့ပါသည်" ဟု မိန့်တော်မူလိုက်သည်။ (သာဓု ..သာဓု .. သာဓုပါဘုရား)

ဆွမ်းဒါယကာသည် ပစ္စေကဗုဒ္ဓါ တစ်ပါးတရား ဟောပြီး တိုင်း "အရှင်ဘုရား ..၊ ထိုအာရုံတို့သည် အရှင်ဘုရားတို့အား သာလျှင် လျှောက်ပတ်ကုန်၏" ဟု လျှောက်ပြီးသော် ပစ္စေက ဗုဒ္ဓါ လေးဆူတို့သည် ဟိမဝန္တာရှိ ဂန္ဓမာဒနတောင်သို့ ပြန်ကြွ ကုန်၏။

## ဆွမ်းဒကာသည်
## ဘုရားလောင်းတော်ပင် ရဟန်းပြုလို

ဆွမ်းဒါယကာဟူသည် အခြားသူမဟုတ်၊ ဘုရားရှင်၏ အလောင်းတော်ဖြစ်သည်။ ဘုရားအလောင်းတော်ဖြစ်သော

ဆွမ်းဒါယကာသည် ပစ္စေကဗုဒ္ဓါ လေးဆူတို့၏ အလွန်ကောင်းမွန်သည့် ကိုယ့်တွေ့တရားတော်များကို နာယူရပြီး ပစ္စေကဗုဒ္ဓါတို့ကို အားကျကာ ရဟန်းပြုလိုစိတ်များ ဖြစ်ပေါ်လာသည်။

သို့ဖြင့် နံနက်စာအဖြစ် ဆွမ်းကျန်များကို စားပြီးသည်ရှိသော် မယားကိုခေါ်၍ "ရှင်မ..လေးဆူကုန်သော ပစ္စေကဗုဒ္ဓါတို့သည် မင်းအဖြစ်ကိုပင် အသီးအသီး စွန့်လွှတ်ကြ၍ ရဟန်းပြုကြလျက် နောက်ဆံမတင်း ကြောင့်ကြခြင်း အလျဉ်းမရှိကုန်သည်ဖြစ်၍ ချမ်းသာသဖြင့် နေကြရကုန်၏။ ငါသည်ကား အခစားဖြင့် အသက်ကို မွေးရ၏။ ငါ့အား အိမ်၌နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သင်သည် သားငယ်သမီးငယ်တို့ကို ကျွေးမွေး၍သာ အိမ်မှာနေရစ်ပါလော့၊ ငါသည် ရသေ့ရဟန်းပြုလိုပါသည်"ဟု ဆိုလိုက်သည်။

## ဆွမ်းဒါယိကာမ က ဦးစွာ ရသေ့မပြု

မယားဖြစ်သူ အိမ်ရှင်မကလည်း ပစ္စေကဗုဒ္ဓါတို့၏ တရားကိုနာယူသည်မှ စ၍ "သခင်..အကျွန်ုပ်၏လည်း ပစ္စေကဗုဒ္ဓါတို့၏ တရားစကားကို ကြားနာရသော ကာလမှစ၍ အိမ်၌နေလိုစိတ်တို့ မရှိတော့ပါ၊ ရှင်အနေနဲ့ ယခုလို သွားမည် ဆိုကလည်း ရှင်ရဲ့ အခွင့်ရေးကောင်းဖြစ်သလို ကျွန်မမှာလည်း ရဟန်းပြုဖို့ရန် အခွင့်ရေးကောင်းပင်ဖြစ်သည်၊ ငှက်ကို သတ်

သော ယောကျ်ားတို့၏လက်မှ လွတ်ထွက်သော ငှက်မလို ကျွန်ုပ် သည်လည်း တစ်ယောက်ထီးတည်း သွားလိုပါသည်'' ဟု ဆိုလိုက်သည်။

## မိန်းမက ပိုဉာဏ်ကောင်း

အိမ်ရှင် ဇနီးသည်၏ စကားကို ဘုရားလောင်း ယောကျ်ား သည် ဆိတ်ဆိတ်နေလျက်ရှိသည်။ ထိုယောကျ်ား၏ မယား သည် ယောကျ်ားကို လှည့်စားပြီး ရှေးဦးစွာ ရဟန်းပြုလို သည်ဖြစ်၍ ''သခင် ...၊ ရေခပ်ဆိပ်သို့ ကျွန်မသွားဦးအံ့၊ ကလေးငယ်တို့ကို ကြည့်ထားပါဦး''ဟု ရေအိုးကိုယူကာ ရေခပ်သွားဟန်ဆောင်ပြီး မြို့အနီးရှိ ရသေ့မတို့ကျောင်းသို့ သွား၍ ရသေ့ရဟန်းပြုတော့သည်။ (ဇာ၊၄၁၃၊ ၃၅၄။ ကုမ္ဘကာရ ဇာတ်)

လူတို့သည် ဤသို့သော ဇာတ်တော်ကိုကြည့်၍ 'အမျိုး သမီးများက ဖြတ်ထိုးဉာဏ်ပိုကောင်းသည်' ဟု ဆိုကြခြင်း ဖြစ်ပေလိမ့်မည်။

## ယောကျ်ားရဟန်းဝတ်

ယောကျ်ားဖြစ်သူသည် မယားမလာခြင်းကို သိ၍ သား ငယ် သမီးငယ်များကို ကျွေးမွေးစောင့်ရှောက်နေရသည်။

သားငယ်သမီးငယ်တို့ အတော်အတန်ကြီးပြင်းလာသောအခါ ချမ်းသာဆင်းရဲကို သိစေခြင်းငှာ ထမင်းချက်သောအခါ အနည်းငယ် မနပ်အောင်လည်း ချက်ကျွေး၏။ ထမင်းများကို အတန်ငယ် ပျော့အောင်လည်း ချက်ကျွေး၏။ ဆားငန်အောင်လည်း ချက်ကျွေး၏၊ ဆားပေါ့အောင်လည်း ချက်ကျွေး၏။

ထို့သို့ထမင်းဟင်းတို့ကိုချက်ကျွေးသည်ရှိသော် ကလေးတို့က "ဖေဖေကြီး..ယနေ့ ထမင်းသည်မနပ်၊ ယနေ့တော့ ပျော့လှ၏၊ ယနေ့တော့ ဆားငန်၏၊ ယနေ့တော့ ဆားပေါ့၏" ဟု ပြောဆိုကြသည်။

ထိုစကားကို ကြားသော ဖခင်ဖြစ်သူသည် "သားတို့ သမီးတို့ ဟုတ်ပေ၏" ဟုဆိုကာ စိတ်တွင်လည်း " သားတို့ သမီးတို့သည် ယခုအခါ စိမ်းကုန်၊ ကျက်ကုန်၊ ငန်ကုန်၊ ပေါ့ကုန်သည်တို့ကို သိကုန်၏။ မိမိတို့၏ သဘောအားဖြင့် အသက်ရှည်အံ့သောငှာ တတ်နိုင်ပေလိမ့်မည်၊ ငါသည် ရဟန်းပြုရန် အချိန်တန်ပြီ" ဟုကြံစည်နေသည်။

ထိုသားသမီးတို့အား မိဘတို့ထံခေါ်ဆောင်သွား၍ "အို..မိခင် ဖခင်တို့..ဤသူငယ်တို့ကို ကောင်းမွန်စွာ ကျွေးမွေးစောင့်ရှောက်ပေးကြပါ" ဟု အပ်နှင်း၍ ဆွေမျိုးများ၊ သားသမီးများ ငိုကြွေးစဉ်မှာပင် အိမ်မှ ထွက်ခွါ၍ မြို့နှင့်မနီးမဝေးရှိကျောင်းသို့ သွားရောက်လျက် ရသေ့ရဟန်းပြု

တော့သည်။

## ရဟန်းနှင့် ရသေ့မ တွေ့ဆုံ

ရသေ့ရဟန်းတို့သဘာဝ ဆွမ်းခံစားကြရ၏။ ရဟန်းနှင့် ရသေ့မတို့လည်း ဗာရာဏသီပြည်သို့ ဆွမ်းခံကြွကြရ၏။

တစ်နေ့သောအခါ ရဟန်းနှင့် ရသေ့မတို့ ဆွမ်းခံသွားရင်း တွေ့ဆုံသောအခါ ရသေ့မက ရှိခိုးပြီး "အရှင်ဘုရား .. သားငယ် သမီးငယ်တို့ကို အရှင်ဘုရားသည် ဖျက်ဆီးအပ်ခဲ့ပြီလားဘုရား" ဟု မေးလျှောက်လိုက်သည်။

အလောင်းတော်သည် "ငါသည် ဤသူငယ်တို့ကို မဖျက်ဆီး၊ ထိုသူငယ်တို့သည် မိမိတို့၏ ချမ်းသာဆင်းရဲကို သိသောကာလရောက်မှ ငါရဟန်းပြုခဲ့၏၊ သူတို့သည် ထမင်းကျက်မကျက်၊ ဆားငန်မငန်တို့ကို သိမှငါ ရဟန်းပြုခဲ့၏၊ သင်သည်လည်း ထိုသူငယ်တို့ကို မအောက်မေ့မူ၍ ရသေ့ရဟန်းဘဝကို မွေ့လျော်စွာ နေပါလော့" ဟုဆိုလိုက်သည်။

သူတို့သည် ထိုအချိန်မှ နောက်၌ တစ်ကြိမ်တစ်ခါမျှ မတွေ့ကြမူ၍ ရဟန်းတရားအားထုတ်လျက် ဈာန်အဘိညာဏ်များရရှိကြပြီး ဗြဟ္မာပြည်၌ဖြစ်ကြရ၏။

<u>ဇာတ်ပေါင်း</u> ရသေ့မသည် ရာဟုလာမယ်တော်ဖြစ်၏၊ သမီးသည် ဥပ္ပလဝဏ် ထေရီမ၊ သားငယ်ရာဟုလာဖြစ်ခဲ့၍၊

ထိုစဉ်အခါ ရဟန်းသည် ငါဘုရားဖြစ်ခဲ့၏ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

(ကုမ္ဘကာရ ဇာတက၊ ၅၊၃၊၃၅၄)

ငါသည် ဤသူငယ်တို့ကို မဖျက်
ဆီး၊ ထိုသူငယ်တို့သည်
မိမိတို့၏ ချမ်းသာဆင်းရဲကို
သိသော ကာလရောက်မှ
ငါရဟန်းပြုခဲ့၏၊
သူတို့သည် ထမင်း ကျက် မကျက်၊
ဆားငန်မငန်တို့ကို သိမှ
ငါရဟန်းပြုခဲ့၏၊
သင်သည်လည်း ထိုသူငယ်တို့ကို
မအောက်မေ့မူ၍
ရသေ့ရဟန်းဘဝကို
မွေ့လျော်စွာ နေပါလော့”

အမှတ်(၁၀)

## အချင်းချင်းကူညီ ချမ်းသာသည်

* ဘဝတစ်ကွေ့၊
ခဏတွေ့ ခဏကြုံ၊
ဖြစ်ပျက်ကယ်စုံ၊
ဆုံလာကြ ခုချိန်တွင်း။

* သူလိုအင် ငါကူလို့
ငါ့ကိုပင် သူကူလို့
စိတ်ထားဖြူ ကူညီကြရင်
ကောင်းလှဘိခြင်း။ ဟူသည့်ကဗျာလိုပင် လူ့ဘဝဟူ
သည် ကြာမြင့်စွာ နေကြရသည်မဟုတ်ကြဘဲ၊ ရေဗွက်ပမာ

တစ်ခဏတာ တွေ့ဆုံကြရသည့် ဘဝတိုတို လျှပ်လိုခဏ၌ အမုန်းတရားတို့နှင့် နှလုံးသားမှာ အမုန်းပွား ပူလောင်နေရလျှင် လူဖြစ်ရကျိုးမနပ်ပါပေ။ အပူကင်းစင်သော ဘဝဖြင့် နေကြရမှသာ လူဖြစ်ရကျိုးနပ်မည် ဖြစ်သည်။

ဘဝတိုတို လျှပ်လိုခဏမှာ အချင်းချင်းရိုင်းပင်း ကူညီခဲ့ကြသည့်အတွက် အားလုံးချမ်းသာကြပုံကို တင်ပြချင်ပါသည်။ ရှေးအခါက တောတစ်တောတွင် သမင်တစ်ကောင်နှင့် ခေါက်ရှာငှက်တို့နေကြသည်။ သတ္တဝါမှန်သမျှ သောက်ရေလိုကြသည့်အတွက် ရေရှိသောနေရာကိုသာ နေကြရသည်။

ရေရှိသောနေရာသို့သွားကြရသည်။ ထိုသတ္တဝါတို့သည် ရေအိုင်သို့ ရေသွားသောက်ရာမှ ရေအိုင်တွင်နေသည့် လိပ်နှင့်လည်း မိတ်ဆွေဖြစ်နေကြသည်။

သူတို့သည် တစ်ကောင်နှင့်တစ်ကောင် အသွင်ခြင်းလည်း မတူ၊ အမြင်ခြင်းလည်းမတူ၊ အသက်မွေးကြရပုံ၊ ဘဝရပ်တည်ကြပုံခြင်းလည်းလုံးဝမတူကြသော်လည်း ခင်မင်ရင်းနှီး နေကြသည်။

## ခေါက်ရှာငှက်ဟူသည်

သမင်ဟုဆိုလျှင် အားလုံးသိပြီးဖြစ်သလို လိပ်ဆိုလျှင်လည်း အားလုံးမြင်ဖူးကြ သိကြသည်။ 'ခေါက်ရှာငှက်' ဟု အမည်ရခြင်းသည်၊ သူသည် အစာရှာဖွေစားသောက်သည့်အခါ သစ်

ပင်ကို နှုတ်သီဖြင့်ခေါက်၍ သစ်ပင်၌ရှိသော ပိုးမွှားများကို စားသောက်ရသည်။

နေပြန်တော့လည်း သစ်ခေါင်းကို ကိုယ်တိုင်နှုတ်သီးဖြင့် သစ်ပင်၌ ခေါက်၍ခေါက်၍ နေအိမ်အတွက် ဖောက်ရသည်။ ထိုသို့ သစ်ပင်ကို နှုတ်သီးဖြင့် ခေါက်သည့် ဖောက်သည့် 'တစ်တောက်တောက်' အသံကို ခပ်ဝေးဝေးကပင် ကြားနေရသည်။ ထို့သို့ စားစရာ အတွက်ခေါက်ရ၊ နေစရာအတွက် ခေါက်ရသောကြောင့် ထိုငှက်ကို 'ခေါက်ရှာငှက်' ဟု ရှေးက နာမည်မှည့်ခေါ်ကြခြင်း ဖြစ်ပေလိမ့်မည်။

တစ်နေ့သောအခါ တောမုဆိုးသည် ရေအိုင်သို့ရောက်လာပြီး ရေအိုင်၌ သမင်ခြေရာကို တွေ့ရှိသည်ဖြစ်၍ သားရေ ကျော့ကွင်းဖြင့် ရေအိုင်အနီးထောင်ထားကာ ရွာသို့ပြန်သွားသည်။

ညဦးယာမ်၌ သမင်သည် ရေသောက်အံ့သောငှာ ရေအိုင်သို့ ရောက်ရှိလာသည်နှင့် ကျော့ကွင်းမိတော့သည်။ သံကြိုးတစ်မျှ ခိုင်မာလှသည့် သားရေကျော့ကွင်းဖြစ်၍ မည်သို့အားကုန် ရုန်းသော်မှ ကြိုးက ပြတ်မသွားပေ။

သို့ဖြင့် မိတ်ဆွေများ သိစိမ့်သောငှာ ရုန်သူကျော့ကွင်းမိနေကြောင်းသိစေရန် အော်မြည်ကာ အသံပေးလိုက်သည်။ ရုန်သူ့လက်တွင်းရောက်နေသော အသံဖြစ်သည်ကို ခေါက်ရှာ

ငှက်နှင့် လိပ်တို့သည် သိလျှင်သိချင်း ညအခါမှာပင် ရောက်လာခဲ့ကြသည်။ 'ဒီဘေးမှ လွတ်အောင် အတူကြိုးစားကြမယ်' ဟု အားပေးစကားပြောကြားကြသည်။

## မိတ်ဆွေချင်းကူညီကြပုံ

ခေါက်ရှာငှက်က လိပ်ကိုလည်း ''အဆွေလိပ်ရေ၊ သင်က သွားကောင်းပေတယ်၊ အဲဒီချွန်ထက်နေတဲ့ သင့်သွားများနဲ့ သားရေကြိုးကို ကိုက်ဖြတ်ပါလေ၊ ကျွန်ုပ်က မုဆိုးမြန်မြန် မလာနိုင်ရန် ရွာကိုသွား၍ တားဆီးပေးပါမယ်၊ သင်ကသာ ကြိုးစားပြီး ကိုက်ဖြတ်ပါလေ့''ဟုဆိုကာ ထွက်ခွါသွားသည်။

ခေါက်ရှာငှက်ထွက်သွားစကပင် လိပ်သည် သမင်၌ မိထားသော ကျော့ကွင်းကို ကြိုးစားပြီးကိုက်ဖြတ်နေသည်။ ခေါက်ရှာငှာသည်လည်း ရွာထိပ်ဖျားသစ်ပင်ထက်၌ မုဆိုးလာသည်ကို စောင့်ဆိုင်းနေသည်။

တောမုဆိုးသည် အရုဏ်လာစ စောစောထကာ ကျော့ကွင်းရှိရာသို့ အိမ်မှ အရှေ့တံခါးဆီသို့ လှံကို ထမ်းလျက် ထွက်ခွါလာသည်။ ထိုစဉ် ခေါက်ရှာငှက်သည် မုဆိုး၏မျက်နှာကို ထိုး၍ အတောင်နှစ်ဖက်တို့ဖြင့်ရိုက်လိုက်သည်။ မုဆိုးသည် ငှက်၏ အတောင်ဖြင့် အရိုက်ခံလိုက်ရသည်ဖြစ်၍ 'နိမိတ်မကောင်း'ဟု မှတ်ယူပြီး အိမ်ပြန်ပြီး ခဏအိပ်လိုက်ပြန်သည်။

နှစ်ကြိမ်မြောက်လည်း မုဆိုးထွက်ခွါလာပြန်တော့လည်း ခေါက်ရှာက်ငှက်က အတောင်ဖြင့်ရိုက်လိုက်ပြန်သည်။ မုဆိုးသည် အိမ်ပြန်ကာပြီး အိပ်လိုက်ပြန်သည်။

မုဆိုးသည် မိုးစင်စင်လင်းသည့်တိုင်အောင် အိပ်လိုက်ပြီး အိပ်ရာမှထကာ အနောက်တံခါးမှ ကျော့ကွင်းထောင်ထားရာ တောသို့ ထွက်ခွါလာသည်။ ခေါက်ရှာငှက်သည် မုဆိုးလာသည်ကို မြင်ရသဖြင့် တောသို့ အမြန်ပြန်လာကာ လိပ်အားကြိုးစားပြီး သရေကျော့ကွင်းကို ကိုက်ဖြတ်ရန် တိုက်တွန်းနေသည်ဖြစ်၍ ကြိုးစားပြီးကိုက်ဖြတ်နေရာ ပါးစပ်တစ်ခုလုံးသွေးများဖြင့် လိမ်းကျံနေသည်။

ဤသို့ပြောဆိုနေကြစဉ် မုဆိုးသည် ကျော့ကွင်းအနီးသို့ပင်ရောက်ရှိလာသည်။ ကြိုးစားပြီး ကိုက်ဖြတ်မှုကြောင့် ကျော့ကွင်း သရေကြိုးသည် တစ်လွန်းသာကျန်တော့သည်။

မုဆိုးသည် အနီးသို့ ရောက်ရှိလာသည်ဖြစ်၍ တစ်လွန်းသာကျန်သောကြိုးကို ကြိုးစားပြီး ရုန်းထွက်ရန် ပြောသဖြင့် သမင်သည် မုဆိုးရန်ကို ကြောက်သဖြင့် အားကုန်ရုန်းလိုက်သည်ဖြစ်၍ ကျော့ကွင်းကြိုးသည် ဖြတ်ထွက်သွားသည်။ မုဆိုးသည် သမင်ကို ရအံ့ဆဲဆဲမှ မရလိုက်သဖြင့် ကြိတ်မနိုင်ခဲ့မရဖြစ်နေသည်။

ကျော့ကွင်းကြိုးအနီး၌ လိပ်ကို မြင်တွေ့သွားသည်ဖြစ်၍ လွယ်အိပ်၌ ထည့်ကာ ယူသွားသည်။ ခေါက်ရှာငှက်သည် ကောင်ကင်မှနေ၍ "အဆွေသမင် .. လိပ်တော့ မုဆိုးအိပ်ထဲ ရောက်သွားသည်၊ လိပ်ကို ပြန်ကယ်ပါအုံး" ဟု ပြောလိုက်သဖြင့် သမင်သည် ခြေနာနေသောအသွင် ထော့နင်းထော့နင်း ဖြင့် မုဆိုးရှေ့မှ မနီးမဝေး သွားနေသည်။

မုဆိုးက 'သမင်သည် အတော်ဒဏ်ရာရနေသည်' ဟု အထင်ရှိသည်နှင့် လွယ်အိပ်ကို သစ်ငုတ်၌ ချိတ်ဆွဲပြီး သမင်နောက်သို့ လှံဖြင့် ချိန်ရွယ်ကာ အားကုန်အပြေးလိုက်တော့ သည်။

ထိုစဉ် ခေါက်ရှာငှက်က "အဆွေသမင် .. လိပ်ထည့်ထားသည့် အိပ်က သစ်ငုတ်မှာချိတ်လို့၊ သူ့ကို သွားယူပေးပါ" ဟု တိုက်တွန်းနေသည်။ သို့ဖြင့် သမင်လည်း နောက်ကလိုက်နေသော မုဆိုးကို မျက်ခြေဖြတ်ပြေးပြီး သစ်ငုတ်မှ လိပ်အိတ်ကို ဦးချိုဖြင့် ချိတ်ပြီး ထွက်ပြေးလွတ်မြောက်သွားကြသည်။

မုဆိုးသည် သမင်ကိုလိုက်ရင်း လိပ်ထည့်သည့် အိပ်ပါ ဆုံးရှုံးသွားသည်ဖြစ်၍ စိတ်ပျက်လက်ပျက်ဖြင့် လှံနှင့် လေးမြားများကို ယူဆောင်ကာ ရွာဆီသို့ပြန်သွားသည်။

သမင်, ခေါက်ရှာငှက်နှင့် လိပ်တို့သည် ကိုယ်စွမ်းရာဖြင့် တစ်ဖက်သားကို ကူပြီခဲ့ကြသည်။ ညီညွတ်ခဲ့ကြသည်၍

သေဘေးမှ လွတ်မြောက်သွားကြသည်။

သူတို့သည် ထွက်ပြေးလွတ်မြောက်သွားသော နေရာ၌ ရေကိုသောက်ရင်း အမောအပန်းဖြေကာ မုဆိုးလက်မှ လွတ်မြောက်လာခြင်းကြောင့် ကျေနပ်ခြင်း ကြည်နူးခြင်း ပျော်ရွှင်ခြင်းတို့ဖြစ်ကြလျက် တစ်နေရာသို့ ရွှေ့ပြောင်းကြကာ တစ်သက်လုံး အေးအတူ ပူအမျှ ပေးမကူညီကြပြီးပျော်ရွှင် အေးချမ်းစွာနေသွားကြသည်။

## ဇာတ်တော်ပေါင်း

ဤဇာတ်တော်ကတော့ ဇာတကဒုကနိပါတ်မှာလာရှိသည့် 'ကုရုင်္ဂမိဂ' ဇာတ်တော်ပင်ဖြစ်သည်။ ထိုစဉ်ကမုဆိုးသည် ရှင်ဒေဝဒတ်အလောင်း၊ ကုရုင်္ဂသမင်သည် ဘုရားလောင်း၊ ခေါက်ရှာငှက်သည် ရှင်သာရိပုတ္တရာအလောင်း၊ ထိုစဉ်အခါက လိပ်သည် ရှင်မောဂ္ဂလာန်၏အလောင်းတော်များဖြစ်ကြသည်။ ဤသို့ ဇာတ်တော်ပေါင်းပါသည်။

ရှေးအခါက သူတော်ကောင်းကြီးများသည် ဘဝမတူကြသော်လည်း တစ်ဦးကို တစ်ဦး ဤသို့အပြန်အလှန် ကူညီကြပြီး အမှီပြုကြကာ အသက်ရှင်သန်ခဲ့ကြသည်ကို သိရသော အခါ -

" ဘဝအရေး၊ ရှုံးမပေးနှင့်
သူရေးကိုယ့်ရာ၊ အဖြာဖြာကို
နိုင်ရာဝန်ထမ်း၊ ကိုယ်စီစွမ်း၍
ဖြောင့်တန်းချီတက်၊ လက်ချင်းယှက်ကာ၊
တွဲလက်မဖြုတ်၊ နောက်မဆုတ်ဘဲ
အားထုတ်ညီညီ၊ ရှေ့သို့ချီသော် ...၊
မည်သူမည်ဝါ၊ မခွဲပါဘဲ
မြဲစွာတိုးတက်၊ ကောင်းကျိုးဆက်လိမ့်။"

(ကုရုဂ်မိဂဇာတက၊ ၄၂၊ ၁၃၉)
(၂၉.၄.၂၀၂၀)

# အခန်း(၂)

ယခုအခန်း၌-ပဋ္ဌာန်းအလင်းရောင် ဆရာတော် ဘဝတစ်ကွေ့ အတွေ့ကြုံ အပိုင်းအစများကို တင်ပြထားသည်။ ဤအခန်းကဏ္ဍအတွက် မှတ်စရာများ ပြုံးစရာများ ပါဝင်ပါလိမ့်မည်။

## ဘဝတစ်ကွေ့
## အတွေ့အကြုံ အပိုင်းအစများ

သကြိ်န်တွင်း ကိုဗစ်ကာလမှ စတင်ကာ ယခုအထိ ဆောင်းပါးများ ကဗျာများရေးသားပေးလိုက်သည့်အတွက် စာဖတ်သူများ၊ တပည့်ရဟန်း, သာမဏေ, သီလရှင်,လူပုဂ္ဂိုလ် အသီးသီးတို့ ဖတ်ရှုခဲ့ကြရပေပြီ။

ယခုအခါမှာတော့ လူတို့နေ့စဉ် ပြောနေသော စကား အမှားများနှင့် စာသင်သားဘဝက တွေ့ခဲ့ကြုံခဲ့ရသည့် မှတ်သားဖွယ် အစိတ်အပိုင်းအနည်းငယ်ကို ပြန်လည် ဖော်ပြပေး ပါဦးမည်။

လက်ရှိပြောဆိုနေကြသည့် စကားတွေထဲမှ အမှားကြာ တော့ အမှန်လိုဖြစ်လာသည့် စကားအမှားများကို တင်ပြပါ မည်။

ယင်းစကား (၄)ခုမှာ -

(၁) နေ့စွဲ၊

(၂) ခုနစ်ရက်သားသမီး၊

(၃) ဘုရားပေးသောအသံ၊

(၄) မရောင်ရာဆီလူး-တို့ဖြစ်သည်။ အခြားလည်း

များစွာရှိနေပါသေးသည်။ ဆက်လက်တင်ပြပါမည်။

(၁) 'နေ့စွဲ' ဟု ရေးကြရာ၌ တစ်ဦးထံတစ်ဦးရေးကြသည့် စာဖြစ်စေ၊ ရုံးစာဖြစ်စေ ရေးကြရာ၌ 'နေ့စွဲ' ဟု မတပ်ရဘဲ 'ရက်စွဲ' ဟု တပ်၍ ရေးရပါမည်။ ယခုရေးကြရာမှာလည်း မှန်သောသူက များပါသည်။

(၂) 'ခုနစ်ရက်သားသမီး' ဟု လူအများ ပြောနေကြသည်။ အမှန်ပြောရမှာက 'ခုနစ်နေ့သားသမီး' ဟုပြောရမည်။ ခုနစ်ရက်ဟုပြောလိုက်ခြင်းဖြင့် ရှစ်ရက်၊ ကိုးရက်စသည်ရက်များ မွေးဖွားကြသူများ မပါဝင်တော့ပေ။ ရက်သည် (၇)ရက်မျှသာ ရှိသည်မဟုတ်ပါ။ နေ့ကား တနင်္ဂနွေ တနင်္လာစသည်ဖြင့် (၇)နေ့သာရှိသည်ဖြစ်၍ လူအားလုံးကို ကိုယ်စားပြုနိုင်အောင် '(၇)နေ့သားသမီး' ဟု ပြောမှ မှန်သည်။

(၃) "ဘုရားပေးသောအသံ "ဟုပြောဆိုနေကြခြင်းသည် လည်းမှားသောပြောဆိုနေခြင်းဖြစ်ရုံမျှမက ဗုဒ္ဓဘာသာကို ကိုးကွယ် ယုံကြည်သူတို့အနေဖြင့် ပို၍ပင် မပြောသင့်သော စကားဖြစ်သည်။ ဗုဒ္ဓဘာသာဘုရားသည် ချမ်းသာအောင် လည်း လုပ်မပေးနိုင်ပါ၊ ဆင်းရဲအောင်လည်း လုပ်မပေးနိုင်ပါ။ အသံကောင်းအောင်လည်း လုပ်မပေးနိုင်ပါ။ အကြောင်းကံ ကောင်းအောင်သာ ဟောပြပေးခြင်း နည်းပေးနိုင်ခြင်း ဖြစ်

သည်။ ကောင်းကျိုး ဆိုးကျိုးရခြင်းသည် မိမိတို့၏ ရှေးအခါက ပြုခဲ့သည့်ကံနှင့် ယခုအားထုတ်မှုကံအားလျော်စွာသာ ရကြခြင်း ဖြစ်သည်။

သားကောင်း သမီးကောင်း များရကြရာ၌ဖြစ်စေ၊ သားဆိုး သမီးဆိုးကို ရကြရာ၌ဖြစ်စေ "ဘုရားပေးတဲ့အတိုင်းပဲ" ဟု ပြောနေခြင်းကလည်း အမှားတစ်ခုပင်ဖြစ်သည်။ အခြားသော ဘာသာများအနေနဲ့ ဤစကားသုံးစွဲလို့ ရကောင်း ရပါလိမ့်မည်။ ဗုဒ္ဓဘာသာခံယူထားသူမှန်သမျှ ဘုရားရှင်က ဘာတစ်ခုမှ မပေးနိုင်သည်ဖြစ်၍ မသုံးထိုက်ပေ။

(၄) 'မရောင်ရာဆီလူး 'ဟူသည့် အဆိုနှင့် ပတ်သက်လို့ လွန်ခဲ့သည့် နှစ်(၄၀)ကျော်က ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်း တိုက်၌ နေစဉ်က အဖြစ်အပျက်၏ အစိတ်အပိုင်း တစ်ခုကို တင်ပြပါမည်။

တစ်နေ့ စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်ဇာတိ၊ ၁၃၁၃-ခုဖွား ဖြစ်သည့် ဦးဝီရိယက 'မရောင်ရာဆီလူး'ဟူသည့် စကား ပြောလာသည့်အတွက် ယင်းစကားသည် အမှန်မဟုတ်ကြောင်း ပြောသည်။ သူကလည်း ရှေးအစဉ်အလာကပင် 'မရောင်ရာ ဆီလူး'ဟု ပြောနေကြသည်ဟု အခိုင်အမာပြောနေသည်။ စာရေးသူက အမှန်တကယ် ရှေးအစဉ်အလာအတိုင်း အမှန်

ဆိုရင်တော့ 'မရောင်ရာဆေးလူးပါ' ဟုပြောလိုက်သည့် အတွက် သူက ဒေါသထွက်လာသည်။

ထိုအရှင်မြတ်သည် ထိုစဉ်က စာချတန်း၊ စာရေးသူက အလတ်တန်း၊ သို့သော်လည်း ခင်မင်ကြသည်၊ အခုလို ငြင်းကြခုံကြသည်ကိုက ဘဝမှာ အမှတ်ရစရာလေးများပင် ဖြစ်သည်။

စာရေးသူက ထိုသို့ပြောလိုက်သည့်အခါ မျက်နှာကထန်ထန် ဒေါသမာန်နှင့် ''ဒီမှာ ဦးတေ .. ဝီရိယဆိုတဲ့သူက တစ်နိုင်ငံလုံးကို လှည့်လည်သွားနေတာ ဒီလို ငြင်းခုံစရာရှိလျှင် ဝီရိယ ရှုံးတယ်ဆိုတာ ဘယ်တော့မှ မရှိစေဘူးမှတ်ထား'' ဟု ကြုံးဝါးလိုက်သေးသည်။

''အေး .ကိုယ်တော် အရှင်ဘုရား နိုင်တာ၊ ရှုံးတာတော့ တပည့်တော်မသိပါဘူး၊ ဒါပေမယ့် အမှန်စကားကတော့ 'မရောင်ရာဆေးလူး' ဆိုတဲ့ စကားက အမှန်ပါ'' ဟု ပြောလိုက်သည်။ ထိုအရှင်သည် စိတ်ကောင်းရှိသော်လည်း ငြင်းခုံမိသည့် အရာကို အလျှော့မပေးတတ်သည်ဖြစ်၍ 'လျှော့ပေးလိုက်ပါ' ဟုစာရေးသူအား လက်တို့ပြီး လာပြော သူများလည်းရှိသည်။

သို့ဖြင့် စာသင်သံဃာများလှသည့် စာရေးသူတို့ ငြင်းပွဲမှာ သံဃာတော် (၅၀)ကျော်တို့ ဝိုင်းအုံကြည့်နေကြသည်။

''ဦးဝီရိယ ..ကိုယ့်တော့်စကား သတိထားဦးနော်၊ ဘယ်

ဟာက ပိုကောင်းတယ် မှန်တယ်ဆိုတာ စဉ်းစားကြည့်ပါ အုံး”

“ဟာ-ကွာ စဉ်းစရာမှ မလိုတာ ဒီဘေးနားက ကိုယ်တော်တွေ အားလုံးကို မေးကြည့် မင်းပြောတဲ့စကား ဘယ်သူမှ မကြားဖူးဘူး”ဟု ဘေးကသံဃာတွေကိုပါ သူ့အင်အားအဖြစ် သူ့ဘက်တော်သားအဖြစ် ဆွဲထည့်ပြောနေသည်။

“အရှင်ဘုရား..စာပေဗဟုသုတရှိသူ မှန်သမျှသည် တပည့်တော်ပြောသည့် ‘မရောင်ရာဆေးလူး’ဆိုတဲ့ စကားကသာ ယုတ္တိရှိလွန်းလွန်းလို့ အမှန်ဟုသိကြပါတယ်ဘုရား” ဟု ပြန်၍ ပြောလိုက်သည်။

‘မရောင်ရာဆီလူး’ဟူသည့် စကား၏ ငြင်းခုံပွဲသည် အထွတ်အထိပ်သို့ ရောက်လာခဲ့သည်။ အခြားသံဃာတော်တို့ကလည်း တိတ်ဆိတ်ငြိမ်သက်စွာ သူပြောတာ ‘ဟုတ်နိုးနိုး’ဖြင့် နားထောင်နေကြသည်။

သို့ဖြင့် “ဦးဝီရိယ..လက်ကို တံခါးညပ်မိတာတို့၊ ကျောက်ခဲနဲ့ ခြေထောက်တိုက်မိတာတို့စတဲ့ ဖြစ်ဖူးတယ် မဟုတ်လား၊ အဲဒါတွေဖြစ်ရင် မိဿလင်ဥတို့ သက်ရင်းကြီးမြစ်တို့ နနွင်းဥတို့နဲ့ လိမ်းရတယ်လေ၊ အဲဒါတွေကဆီမှ မဟုတ်တာ၊ ကိုယ်တော်ပြောတဲ့ ဆီတောင်မှ ဆေးအဖြစ်သုံးရင် ဆေးပဲပေါ့၊ အဲဒီလို သစ်မြစ်သစ်ဖု သစ်ဥများနဲ့ ထုထောင်းပြီး လိမ်းခဲ့ကြ

လို့'မရောင်ရာဆေးလူး'ဆိုတဲ့စကား ဖြစ်ပေါ်လာခဲ့ပြီး အဲဒီစကားကသာ အမှန်ပါ''ဟု အခိုင်အမာပြောလိုက်သည်။

သို့သော်လည်း သူကတော့ ထုံးစံအတိုင်း အလျှော့မပေး ''ဟေ့ ကောင် ..ရှေးကဒီအတိုင်းပဲရှိလာတာပါ၊ မင်းက ခုမှ စတန့်ထွင်ပြီး လာပြောမနေနဲ့''ဟုပြောနေသည်။

''ဒါဆို အရှင်ဘုရားက..ရှေးက ရှေးကနဲ့ချည်း ပြောနေတာ၊ ရှေးက ပြောတယ်ဆိုတာ အထောက်အထားပြ စရာရှိသလား''

'' ဟာ ဒီလိုတော့ ဘယ်ပြစရာရှိမှာလည်း''ဟုဖြေသည်။

စာရေးသူက ကျွန်းသေတ္တာထဲမှာ အဆင်သင့်ရှိထားသည့် စာရေးဆရာ''မန္တလေး ဝင်းလှိုင် ၏ ရှေးမြန်မာတို့ ပြောဆိုခဲ့သော'စကားပုံ ၁၀၀၊ ပုံ ၁၀၀' စာအုပ်ကို ထုတ်ပြပြီး ' ဟောဒီမှာ တွေ့သလား ဒီမှာကြည့် 'မရောင်ရာဆေးမလူးရ' တဲ့''ဟု ပြောလိုက်သည်။

သူက ''ငါတစ်သက်မှာ ဒီရှုံးပွဲဟာ ပထမဆုံး ရှုံးပွဲ'' ဟု ပြောနေသည်။

ငြိမ်ပြီးနားထောင်နေသော ဦးသုစိတ္တက ''အရှင်ဘုရား ဒါ ပထမဆုံး ရှုံးပွဲဆိုတော့ ဒုတိယတို့ တတိယတို့လာအုံးမှာ ပေါ့နော်''ဟု အရွှန်းဖောက် ပြောလိုက်သည့်အတွက် သံဃာအားလုံးတို့ ပြုံးကြရသည်။

"အရှင်ဘုရား ‥ တပည့်တော်က အနိုင်အရှုံးပြောနေတာ မဟုတ်ပါဘူး၊ အမှန်စကားကို အမှန်အတိုင်းသိစေချင် လို့ ပြောနေတာပါ"ဟု လျှောက်လိုက်ပါသည်။

ဤသို့လည်း ဘဝတစ်ကွေ့မှာ တွေ့ကြဆုံကြ ငြင်းကြခုံကြ ရင်း အမှတ်တရတွေလည်း များစွာရှိခဲ့ကြသည်။

နောက် စကား(၂)ခုမျှ တင်ပြေပါချင်ပါသေးသည်။ စကား (၂)ခုမှာ -

(၁) အေ ဇက် နှင့် အေ တူး ။

(၂) သင်္ကန်း ဆွမ်းလား၊ ဆွမ်း သင်္ကန်းလား-တို့ ဖြစ်သည်။

အထက်ဖော်ပြခဲ့သည့်အတိုင်းပင် ပဲခူးမှာနေ့တော့မည်ဟု ဆုံးဖြတ်ထားသည့်အတွက် ရန်ကုန်မှာနေစဉ် လိုအပ်သည့် ပစ္စည်းလေးများကို ကြိုတင်ပြီး စုဆောင်းထားရသည်။ ကျောင်း အပြင်ထွက်ဖို့ခက်ခဲသည့် ကျောင်းတိုက်များ၌နေတော့ မည် ဆိုလျှင် ဤသို့ပင် လုံလောက်အောင် ကြိုတင်ပြင်ဆင်ထား ကြရသည်။

သို့ဖြင့် ရန်ကုန်မြို့၊ မြို့ထဲ လမ်းဘေးဆိုင်မှ မြင်ကျားတံဆိပ် ဟင်းစားဖွန်းတစ်ချောင်းကို (၂)ကျပ်နှုန်းဖြင့် (၆)ချောင်း (၁၀) ကျပ်ဖြင့် ဝယ်ယူခဲ့သည်။ အခြားသံဃာများ လိုအပ်လျှင်

လည်း သုံးရန်ရည်ရွယ်ချက်ဖြင့် ဝယ်ယူလာခြင်းဖြစ်သည်။

ပဲခူး၊ ကြခတ်ဝိုင်းကျောင်းတိုက်၌ တစ်နေ့မှာတော့ အလတ်တန်း အတန်းတူ ဦးဓမ္မေသကနှင့် 'သူ့ဇွန်း ငါ့ဇွန်း'ဟု အငြင်းပွားနေကြသည်။

သို့ဖြင့် ဖော်ပြခဲ့သည့် ဦးဝီရိယက "ကိုယ်တော်တို့ ဘာငြင်း နေကြတာလဲ၊ လာကြ"ဟုခေါ်လိုက်သည်။ သူက ဦးဓမ္မေသကကို စာသင်ပေးနေသည့်သူ ဖြစ်သည်။

ဦးဝီရိယက "ကဲ .. ဓမ္မေသက၊ မင်းက မင်းဇွန်းလို့ ပြောနေတော့ သက်သေပြနိုင်သလား"ဟုမေးသည်။ "ပြနိုင်ပါတယ် အရှင်ဘုရား" "ဒါဆိုပြော" "ဒီမှာ အရှင်ဘုရား ဒီဇွန်းမှာ တပည့်တော်က အင်္ဂလိပ်လို 'အေ ဇက်' လို့ရေးထားတာ အရှင်ဘုရားတွေ့တယ် မဟုတ်လား"ဟု အခိုင်အမာ ပြောနေသည်။

ဒိုင်လူကြီးလုပ်သူ ဦးဝီရိယ၏ ဘေးပတ်းဝန်ကျင်မှ သံဃာတော်တို့သည်လည်း ထုံးစံအတိုင်းဝိုင်းအုံ နားထောင် နေကြသည်။

ဦးဝီရိယက "ကဲ ဒီတစ်ခါ ဦးတေ အလှည့်ပြော၊ ကိုယ်တော်က ကိုယ့်တော့် ဇွန်းလို့ ဘယ်လို အထောက်အထားနဲ့ ပြောမှာလဲ၊ ပြောပါ"

"တင်ပါဘုရား ဒါဟာ တပည့်တော် ဖွန်း ဆိုတာကတော့ အမှန်စကားပါပဲဘုရား"

"အဲဒီလိုဆိုတော့ မင်းမှာက အထောက်အထားမရှိဘူး မဟုတ်လား"

"ရှိပါတယ်ဘုရား၊ ဒီလို 'အေ နဲ့ တူး' လို့ တပည့်တော် ရေးထားတာပါဘုရား၊ အေ ဇက် မဟုတ်ပါဘုရား၊"

"မင်းက .. 'အေဇက်' လို့ မရေးဘဲနဲ့ ဘာလို့ 'အေ တူး' လို့ ရေးရတာလဲ"

"မှန်ပါဘုရား..အဲဒါ တပည့်တော်ရဲ့ ဘွဲ့အမည်ပါဘုရား..၊ အမှန်တော့ အေတူးဆိုတာ 'ဦးတေ' လို့ စကားဝှက်နဲ့ ရေးထားတာပါဘုရား၊ တပည့်တော်ရဲ့ သေတ္တာထဲမှာလည်း အခြားဖွန်းအသစ်များလည်း ရှိပါသေးတယ်ဘုရား၊ အဲဒီဖွန်းတွေကိုလည်း ဒီလို 'အေတူး' လို့ ဒီလိုနေရာမှာပဲ ရေးတာပါ၊ ဒီမှာကြည့်ပါဘုရား" ဟုလျှောက်ထားရင်း ပြလိုက်သည်။

ဦးဝီရိယက 'ကဲ ဓမ္မေသက .. မင်းက အေဇက်လို့ ဘာလို့ ရေးတာလဲ"

"တပည့်တော်က တပည့်တော်ရဲ့ ဖွန်း တွေကို အဲဒီလိုဘဲ ရေးထားတာပါဘုရား"

"ဒါဆို တစ်ခြား အေဇက်လို့ ရေးထားတဲ့ ဖွန်းအပိုပြနိုင်

သလား"

"တပည့်တော်မှာ ပြစရာ မရှိပါဘူးဘုရား"

"ကဲ ဒါဆို အရှင်ဘုရားတို့ ကြားတဲ့အတိုင်းပဲ၊ တရားဆုံး ဖြတ်ချက်အရကတော့ ဦးတေ ဖွန်းဖြစ်သွားပါပြီ၊ မေမွေသက ပြောတာတွေက ယုတ္တိသဘာဝ မကျလို့ပါ"ဟု ဆိုကာ ဆုံးဖြတ်ချက် ချလိုက်ပါသည်။

"အရှင်ဘုရား..တပည့်တော်မှာ ဖွန်းအပိုများ ရှိပါသေး တယ်ဘုရား၊ ဖွန်းအလိုရှိရင် လာယူလို့ ဖိတ်ခေါ်ထားပါတယ်။ ဒီလိုငြင်းရတာက တပည့်တော်ရဲ့ ပစ္စည်းအမှန်ဆိုတာ သိရုံ ပါပဲဘုရား"ဟု လျှောက်လိုက်သည်။

ဤသို့ဖြင့် သံဃာတော်တို့ နှုတ်ဖျား၌ 'အေ တူး - ဦးတေ တဲ့'ဟု ရေရွတ်နေကြသည်။

## (၂) သက်န်း ဆွမ်းလား၊ ဆွမ်း သက်န်းလား

သံဃာတော်တို့က "ဦးတေ ကိုယ်တော်က ကြံ့ကြံ့ဖန်ဖန် တွေးတတ်တောတတ် ပြောတတ်တယ်ဆိုတော့ မေးစရာ တစ်ခုရှိပါတယ်" ဟု စကားပလ္လင်ခံနေသည်။

"အရှင်ဘုရားတို့ကလည်း မေးစရာရှိလျှင် မေးပါ အကြီးကြီး ချီမနေပါနဲ့။ ဒါပေမယ့် တပည့်တော်သိရင် ဖြေမယ်ပေါ့၊ မသိရင်တော့ မဖြေဘူးပေါ့။ ကဲ-မေးပါ"

"ဒီလိုဗျ ..တပည့်တော်တို့ နေ့စဉ် ပစ္စဝေက္ခဏာ ဆင်ခြင်တဲ့အခါ ပါဠိမှာဆိုရင် သင်္ကန်းက စဟောတယ်၊ မြန်မာလိုကြတော့ 'ဆွမ်းသင်္ကန်းလို့' ဆွမ်းက စပြောနေကြတယ်။

"အော် .. အရှင်ဘုရားတို့ မေးလိုတာက 'သင်္ကန်း ဆွမ်းလား' ဆွမ်းသင်္ကန်းလား' သင်္ကန်းက စပြောတာ မှန်သလား။ ဆွမ်းက စပြောတာမှန်သလား' ဒီလိုမေးလိုတာပေါ့'ဟု မေးခွန်းကို အတိအကျ ပြောလိုက်သည်။

"ကဲ နားထောင်ကြပါ။ တပည့်တော်တို့ မြန်မာတွေ ပြောနေတဲ့'ဆွမ်းသင်္ကန်း'ဆိုတဲ့ ဆွမ်းက စတာကို ပြောပြပါမယ်"

"တပည့်တော်တို့ ..၊ ဆွမ်းကစတင်ပြီး မြန်မာတွေ ပြောပြောနေကြတာက 'သမုဒ္ဒရာဝမ်းတစ်ထွာ' ဆိုတဲ့အတိုင်း

ပဲ၊ စားဖို့အတွက်က နေ့စဉ်ရှာဖွေနေကြရပါတယ်။ တစ်ခါ စားထားရင်လည်း တစ်ပတ် ဆယ်ရက်နေလို့မှ မရတာ၊ ဒီလို နေ့စဉ်နေ့တိုင်း တစ်နေ့ကို (၂)ကြိမ်လောက်ကို စားနေကြရတော့ အစားအတွက်က အမှန်တကယ် ရှာဖွေရတာပေါ့၊ တစ်ခါရှာထား တစ်ခါချက်ထားရင် တစ်လနေရတယ်လို့မှ မရှိတာ။

သင်္ကန်းက တစ်စုံကို အခုလို ယပ်သင်္ကန်း အညွှံ့စားတောင် တစ်စုံဆိုရင် သုံးလလေးလလောက်တော့ ပြီးသွားတယ်လေ။ ဒီလိုပါပဲ အဝတ်သင်္ကန်းအတွက်က တစ်ခါ ရှာထားရင် လများစွာအထိ ဖြစ်ပေမယ့်၊ အစားက ဒီလိုမဖြစ်တဲ့အတွက် 'ဆွမ်းသင်္ကန်း' လို့ ရှာဖွေရတဲ့ ပရိယေသနဒုက္ခကို ကြည့်ပြီး ဆွမ်းကို ဦးစွာပြောနေတာပါ'' ဟုပြောပြသည်။

## ဘုရားဟောတာ မှားသလား

သံဃာတော်တို့သည် ညနေ စာအံကျောင်းနှင့် စာဝါခေတ္တနားချိန်တို့၌ အချင်းချင်းစာတွေ စကားတွေပြောဖြစ်ကြ၏။

''ဦးတေ .. ကိုယ်တော်ပြောတာ သဘာဝကျတယ်ဆိုတော့ ဘုရားဟောထားတဲ့ သင်္ကန်းက စဟောတာတောင် မှားသလို ဖြစ်မနေဘူးလား'' ဟု မေးလိုက်ပါသည်။

''သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ဟောတာဖြစ်လို့မမှားပါ

ဘူး"။

"ဘယ်လို မမှားရမှာလဲ ကဲ ရှင်းပြစမ်းပါအုံး ဉာဏ်ကြီးရှင်ရဲ့"

"အရှင်ဘုရားတို့က··အဲဒီလို တပည့်တော်ကို ဉာဏ်ကြီးရှင်လို့တော့ မစနဲ့လေ၊ သိသလောက်တော့ ပြောပြပါမယ်"

"ဒီလိုပါ အရှင်ဘုရားတို့ ··၊ ဘုရားရှင်က သင်္ကန်းကို စတင်ဟောကြားရတာက အရှင်ဘုရားတို့ ဆွမ်းဆိုတာ အချိန်တိုင်းစားစရာ မလိုဘူးလေး၊ ဆွမ်းနဲ့ ကင်းကွာပြီး နာရီများစွာနေလို့ရပေမယ့်၊ သင်္ကန်းကို ချွတ်ထားပြီး ကိုယ်တုံးလုံးတည်းနေလို့မှ မရတာ၊ သင်္ကန်းကကိုယ်နဲ့မကွာဘဲ အမြဲတမ်းခန္ဓာကိုယ်နဲ့ ကပ်ထားရတာလေ။ အဲဒီလို အရေးကြီးလို့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ သင်္ကန်းကို စဟောခဲ့တာပါ"ဟု ပြောလိုက်ပါသည်။

"ကိုယ်တော် ပြောပြတော့လဲ နှစ်မျိုးလုံးမှန်နေတာပေါ့"ဟု ပြောနေကြသည်။ သူတို့ အားလုံး ကျေနပ်သွားကြသည်။

# အပိုင်းအစများ (၂)
## (ဘုရားရှင်၏ အသံအင်္ဂါရှစ်ပါး)

အပိုင်းအစများကို ဆက်လက် ဖော်ပြပါဦးမည်။ ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက်နေစဉ်က အဖြစ်အပျက် (၂)ခုကို စာဖတ်သူများလည်း ဗဟုသုတလည်းဖြစ်ဖွယ်၊ စာမှတ်နည်း လည်းသိဖွယ်ဖြစ်သည့်အကြောင်းအရာများကို တင်ပြပါမည်။

### မေးခွန်း(၁)

မေးခွန်းက 'မြတ်စွာဘုရား၌ အသံအင်္ဂါရှစ်ပါး ရှိ၏ဟု ဆိုရာ ထိုအသံအင်္ဂါရှစ်ပါးကို ပါဠိမြန်မာတွဲစပ် ဖော်ပြပါ' ဟု ပထမကြီးတန်း၌ မေးထားသည်။ စာသင်သားများ၌ အဘိဓာန် ဂါထာပုဒ်ရေပေါင်း (၁၂၀၃)ပုဒ်ထဲတွင် အနည်းဆုံး

အဘိဓာန် ဂါထာပုဒ်ပေါင်း(၇၀၀)ကျော် ကျက်မှတ်ကြရသည်။

အဘိဓာန်ကျက်ရသည်မှာ ဂါထာတွေကများခြင်း၊ အဆက်အစပ်မရှိခြင်းတို့ကြောင့် အလင်္ကာကျက်ရသည်ထက် ပိုခက်သည်။ ပါဠိရရုံမျှဖြင့်ကား မပြီးသေး၊ အနက်ပါ သိရပါလိမ့်မည်။ ယခုမေးခွန်းမှာလည်း 'ပါဠိ-မြန်မာ'တွဲစပ် ဖော်ပြပါဟု မေးထားသည့်အတွက် အနက်ပါကျက်ထားမှ ဖြေနိုင်မည်။

ထိုသို့အနက်ပါကျက်ရာ၌ ခက်ခဲသည့်အတွက် ကဗျာလင်္ကာများဖြင့် မှတ်သားရသည်လည်း ရှိနေသေးသည်။ သို့ဖြင့် ဖော်ပြပါမေးခွန်းကို ပါဠိရသော်လည်း ထိုမေးခွန်းတွင် အနက်က မထင်ဖြစ်နေသည့် ပါဠိမှာ'နိန္နာဒိ'ဖြစ်သည်။ ထိုပါဠိ၏ အနက်ကို မှတ်မှတ်သားသားကျက်ထားပါလျက်နှင့် မရဘဲရှိနေသည့်အတွက် စိတ်ထဲ အခဲမကျေဖြစ်နေသည်။

စာဖြေသောအခါ'နိန္နာဒိ'-'စဥ့်အိုးထဲ၌ အော်သည့်အသံ၊ တောထဲအော်သည့်အသံ'ဟုဖြေခဲ့သည်။ အမှတ်လည်းရသည်။ သို့သော် သူ့မူရင်း အဖြေမှန်မှာ 'နိန္နာဒီ=ပဲ့တင်ထပ်သည်' ဟု ပင်ဖြစ်သည်။ အမှတ်ပေးသူအရှင်က 'အဓိပ္ပါယ်တူသည်' ဟု ယူဆသည့်အတွက် အမှတ်ရခြင်းဖြစ်သည်။ သို့သော်လည်း သူ့အရှိအတိုင်းဖြေနိုင်လျှင် ပိုကောင်းသည်။

ထိုသို့စာဖြေသောအခါ ဝေဝါးမနေရအောင် မြတ်စွာဘုရား၌ အသံအင်္ဂါရှစ်ပါးကို ကဗျာလင်္ကာဖြင့် မှတ်တမ်း တင်ထား

ခဲ့သည်။ ဘယ်သောအခါမှ မမေ့ရအောင် နှုတ်ရအာဂုံဆောင် ထားတော့သည်။

အဘိဓာန်ပါဠိကား ဂါထာအမှတ် (၁၂၉)၌ -
ဝိသဠ မဋ္ဌု ဝိညေယျာ၊ သဝနီယာ ဝိသာရိနော။
ဗိန္ဒု ဂမ္ဘီရ နိန္နာဒီ၊ တွေ့ဝ မဋ္ဌဂိကော သရော။
(ထို ၈-ပါးကို ကဗျာဖြင့် အစဉ်အတိုင်းမှတ်သားရန်)

ဆောင် = သန့်ရှင်း သာယာ၊ သိလွယ်ပါ၍၊ နာချင်ဖွယ်ဆို၊ ဖရိုမကွဲ၊ လုံး,နက်နဲလတ်၊ ပွဲတင်ထပ်၊ ရှစ်ရပ်သံအင်္ဂါ။

အဘိဓာန်၌လာရှိသော အသံအင်္ဂါရှစ်ပါးသည် မြတ်စွာဘုရားရှင်၏ အသံတော်သာဖြစ်သည့်အတွက် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့လည်း သိထားသင့်သည်ဟု ယူဆမိပါသည်။

ဤသို့ဖြင့် စာပေသင်ကြားသည့်ပုဂ္ဂိုလ်တို့သည် တပည့်တို့အား မှတ်သားရလွယ်ကူအောင် လင်္ကာဆောင်ပုဒ်များ၊ နိယာမ်များ၊ ကဗျာများဖြင့် သင်ပေးကြသည့်အတွက် စာများကို ကြာမြင့်စွာမှတ်သားထားနိုင်၊ ထိန်းထားနိုင်ကြသည်။

## မေးခွန်း(၂)
## (နတ်ပြဿဗာ အသီး)

ယခုအမှတ်တရ မေးခွန်း(၂)ကတော့ အကြီးတန်း ယမိုက် မေးခွန်း ဖြစ်သည်။

ထိုမေးခွန်းမှာ- "စိတ္တယမိုက်၏ မာတိကာ နယလာ ယမကပုစ္ဆာ အားလုံးတို့တွင် ပုစ္ဆာအရေအတွက်ကို ဂဏန်း သင်္ချာဖြင့် ဖော်ပြပါ"ဟု မေးသည်။

မေးခွန်းအဖြေမှာ စိတ္တယမိုက် ဥဒ္ဒေသလာ ပုစ္ဆာပေါင်းမှာ (၇၁၃၁၆)ပုစ္ဆာ ဖြစ်ပါသည်။

ဤမေးခွန်း၏အဖြေကို ထိုစဉ်က စာဖြေသံဃာ(၁၀၀) ဝန်းကျင်အနက် စာရေးသူတစ်ယောက်သာ မှန်သည်။ မေးခွန်း ကို ဖတ်ရသူတို့ကလည်း ဤပုစ္ဆာကို ဖြေဆိုနိုင်သူ မရှိနိုင်ဟု စာစစ်ကြရင်း ပြောဆိုနေစဉ်မှာပင် အဖြေမှန်သူပေါ်လာသည့် အတွက် 'ဘယ်အဆောင်က ဘယ်အရှင်လဲ'ဟု မေးကြသည်။

စာစစ်သည့်အထဲ စာရေးသူအား အာမခံ(၂)ပါးဖြစ်သူ အရှင်ဝိဝေက(ဘုတလင်)နှင့် အရှင်ဇာနေယျ (အိမ်မဲ ယခု အမှတ်(၆)ဝိုင်း)လည်း ပါဝင်နေကြသည့်အတွက် အခြား သံဃာတော်တို့က 'ကိုယ်တော်တို့ ကိုယ်တော် မဟုတ်လား' ဟု မေးကြသည်ဟု ပြန်ပြောသည်။

ထိုစာကို ယမိုက်အရကောက်ကျမ်း စာမျက်နှာ (၄၅၀) ၌ အရကောက်ဆရာတော်က ဂါထာဖြင့် ရေးပြထားသည်။

ဧကေသတ္တတိသဟဿံ၊ တိသတသောဠသုတ္တမံ။

သဗ္ဗေသံ စိတ္တယမကေ၊ ပုစ္ဆာနံ သချံမုဒ္ဒိသေ။ ဟု စီကုံးထားသည်။

နယ,ယမက, ပုစ္ဆာ, အတ္တ စသည်ဖြင့် အလွန်များပြားနေပါလျက် ဤမျှခက်ခဲသည့် ပုစ္ဆာကို ဘာပြုလို့ဖြေဆိုနိုင်တာလဲဟု လာရောက်မေးမြန်းခဲ့သူ အရှင်တွေများလျက် ရှိသည်။

များရခြင်းကလည်း ပုစ္ဆာမေးသည့် စာချဘုန်းကြီး ကိုယ်တိုင်ကပင် စာဝါ၌ အံ့အားသင့်ကြောင်း ပြောပြသည်လည်း ပါပေလိမ့်မည်။

သို့ဖြင့် စာရေးသူက အခြားနေရာတို့၌ အရကောက်ဆရာတော်သည် ယမကအရေအတွက်ကိုသာ ဂါထာဖြင့် ပြန်လည်ရေးပြလေ့ ရှိသည်။

ယခုမူကား အတော့်ကို သိစေလိုသည်ဖြစ်၍ ပုစ္ဆာအရေအတွက်ကိုပင် ဂါထာဖြင့်တစ်ဖန် ရေးပြထားသည့်အတွက် လွန်စွာသိစေလိုသည်ဟူသော သဘောရှိ၍ မှတ်လိုစိတ်ဖြစ်လာသည်။ ဂဏန်းသင်္ချာကြည့်လိုက်တော့ ပုစ္ဆာပေါင်းမှာ (၇၁၃၁၆)ပုစ္ဆာကို စေ့စေ့ ကြည့်လိုက်တော့ မှတ်မိပါပြီ။

အခြားကျောင်းဆောင်မှ လာရောက်မေးမြန်းသည့် အရှင်မြတ်များကိုတော့ 'နတ်ဩဇာအသီး'ဟု ပြောပြထားခဲ့သည်။ 'နတ်ဆိုတာ ၇၊ ဩဆိုတာ ၁၊ ဇာဆိုတာ ၃၊ အ ဆိုတာ ၁၊ သီးဆိုတာ ၆'ဟု ပေါင်းလိုက်တော့ '၇၁၃၁၆'ပုစ္ဆာ' ဟု ရှင်းပြလိုက်သောအခါ မှတ်နည်းကို သိရှိသွားကြပြီး 'အော်..ဒီလို မှတ်ရတာပါလား'ဟု ပြောကြသည်။

အမှန်စင်စစ် ယမကရေတွက်နည်းသည် အဆင့်ဆင့်မြှောက်ရသောနည်းကသာ ကောင်းမွန်မှန်ကန်သော နည်းဖြစ်သည်။ သို့သော်လည်း ယာယီမှတ်ရန် ဖြစ်သည်။

## မူရင်း အမှန် ကြံဆချက်

စောစောက ပုစ္ဆာကို အမှန်တကယ် ဖြေဆိုနိုင်ခဲ့သည်မှာ ဖော်ပြပါ မှတ်နည်းတို့ကြောင့် မဟုတ်ခဲ့ပါ။ ပုစ္ဆာပေါင်းမှာ (၇၁၃၁၆)ပုစ္ဆာကို သေချာကြည့်သည့်အခါ သဘောပေါက်သွားသည်က -

ထိပ်ဆုံးက (၇)သည် စာရေးသူက စနေသားဖြစ်နေ၍ (၇)၊ ကျန်ဂဏန်း(၄)လုံးဖြစ်သော(၁၃၁၆)တို့က စာရေးသူ၏ မွေးသက္ကရာဇ် ခုနှစ်ဟု မှတ်သားခဲ့သည်။ ထိုသို့မှတ်သားခဲ့သည့်အတွက် တစ်သက်စာ မှတ်မိခဲ့သည်။

ထိုသို့ အမှန်အတိုင်းကိုမူ အဆောင်တူ၊ အသက်တူ

အရှင်မြတ်များကို ပြောကြားခဲ့ပြီး ကျန်သံဃာတို့အား ‘နတ်ဩဇာအသီး’ ဟုသာ ပြောပြ ရှင်းပြခဲ့သည်။

ထိုစဉ်က စာရေးသူသည် အကြီးတန်း၌ အသက်ကြီးစာရင်းတွင် ပါဝင်နေသည့်အတွက် သံဃာတော်များ (သို့မဟုတ်) လူအများတို့သည် ငယ်စဉ်ကာလ၌ အသက်ကြီးနေသည်ကို မသိစေလိုပေ။ အတန်းကငယ်ငယ် အသက်ကြီးကြီးဆိုလျှင် အဆင်မပြေသည့်အတွက် ကြော်ငြာထားသည့်စကားက–

“အသက်ကိုလည်း မမေးနဲ့
ဂေဇက်ကိုလည်း မမေးနဲ့
ထည်ကိ(ထန်းလျက်)ကိုလည်း မကျွေးနဲ့” ဟု ဖြစ်သည်။

အသက်ကိုမမေးနဲ့ဟူသည် အသက်ကြီးနေသည်ကို သိမှာစိုးရိမ်ကြသည်။ ဂေဇက်မမေးနဲ့ဟူသည် စာမေးပွဲ ကျတတ်သည်က များသည့်အတွက် စာမေးပွဲကျသည်ကို မေးမိလျှင်သူ့ကို နှိပ်စက်သလိုဖြစ်နေသည့်အတွက် ထိုသို့ဆိုသည်။

ထန်းလျက်ကို မကျွေးနဲ့ဟူသည်ကတော့ ညအခါ ဆာလောင်မွတ်သိပ်နေရသည့်အထဲ အစာကြေတတ်သည့် ထန်းလျက် ကျွေးပြန်တော့ အစာကြေစရာမရှိရသည့်အထဲ ထန်းလျက်စားလျှင် ပိုဆိုးတတ်သည့်အတွက် ထိုသို့ ဆိုရိုးရှိခဲ့ခြင်း ဖြစ်သည်။

ဖော်ပြခဲ့သည့် စာမေးပွဲပုစ္ဆာနှင့် ဆက်စပ်ပြီး အတွေးသစ်များ တစ်စုံတစ်ရာ ရရှိနိုင်လိမ့်မည်ဟု ယူဆမိသည်။

ထိုဖြေဆိုခဲ့သည့် "နတ်ဩဇာအသီး"ဟု ဆိုခဲ့ခြင်းမှာ တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ကောဇာသက္ကရာဇ် ၁၁၁၄-ခုနှစ်ကစတင် မင်းဖြစ်ခဲ့သော်လည်း အမည်(၅)မျိုးရရှိသည့် ရွှေဘို၌ စတင်ထီးနန်းစိုက်သည်ကတော့ နောက်တစ်နှစ်မှ ဖြစ်သည်။

ထိုကုန်းဘောင်ထီးနန်းကို စတင်တည်ခဲ့သည့် ၁၁၁၅-ခုနှစ်ကို" ဥဩအော်မြည်-ကုန်းဘောင်တည်"ဟု မှတ်တမ်းတင်ထားခဲ့ကြသည့်အတွက် အလွယ်တကူ မှတ်မိကြရသည်။

ထို့ပြင် မန္တလေးမြို့သို့ မဟာမြတ်မုနိဘုရားကြီး ရောက်ရှိလာသည်မှာ ကောဇာသက္ကရာဇ် ၁၁၄၆-ခုနှစ်က ဖြစ်သည်။ ထိုရောက်ရှိလာသည့်နှစ်ကိုမူ -

"ဥဩရေသောက်-မုနိရောက်"ဟုမှတ်တမ်းတင်ခဲ့ကြသည်။

ထို့ပြင်မန္တလေးမြို့ကြီးကို မင်းတုန်းနှင့် ကနောင်ညီနောင်တို့က ကောဇာသက္ကရာဇ် ၁၂၂၁-ခုနှစ်က တည်ခဲ့ကြသည်။ ထိုတည်သည့်ခုနှစ်ကိုမူ "အုတ်ကျစ်ကျော်အေး-မန္တလေး"ဟု မှတ်တမ်းတင်ခဲ့ကြသည်။

ထို့ပြင် ပုဂံနေပြည်တော်ပျက်စီးစဉ် ပင်းယမြို့ကို စတင်တည်ခဲ့သည်။ ထိုပင်းယနေပြည်တော်ကို စတင်တည်သည့် ၆၇၄-ခုနှစ်ကိုမူ "သော်တာလ ပင်းယတည်" ဟုမှတ်တမ်းတင်ခဲ့ကြသည်။

ဤသို့ပင် အခြားသောသမိုင်းမှတ်တမ်းများကိုလည်း မှတ်သားခဲ့ကြသည်။ မြန်မာတို့သည် တစ်စုံတစ်ခုကို မှတ်သားနိုင်ရန် ကဗျာလင်္ကာများ၊ အဆိုအမိန့်များ၊ သင်္ချာများဖြင့် မှတ်တမ်းတင်ခဲ့ကြသည့်အတွက် များများမှတ်သား မိနေခြင်းဖြစ်သည်။ ယဉ်ကျေးမှုတစ်ရပ်လည်း ဖြစ်သည်။

အပိုင်းအစများ(၃)
(အပိုင်းအစများအတွက် ဆက်လက်တင်ပြပါမည်။)

**အူမတောင့်မှ သီလစောင့်မည်။**

**ရဲဘော်မသေ သေသော်ငရဲမလား**-ဟူသောစကားများလည်း မှားသောစကားများသာ ဖြစ်သည်။

'အူမတောင့်မှ သီလစောင့်မည်'ဟူသော စကား၏ မူရင်းမှာ 'သီလစောင့်မှ အူမတောင့်မည်'ပင် ဖြစ်သည်။ အူမတောင့်မှ ဗိုက်ပြည့်မှပဲ သီလစောင့်မည်။ အူမ မတောင့်တင်းလျှင် သီလမစောင့်ဘူး၊ သတ်ချင်သတ်မည်၊ ခိုးချင်ခိုးမည်၊ တိုက်ချင်တိုက်မည်၊ အဓမ္မကျင့်ချင်ကျင့်မည်၊ ဗိုက်ပြည့်ဖို့သာ အဓိက'ဟု အဓိပ္ပါယ်ရောက်သည့်အတွက် အလွန်ကြောက်စရာကောင်းသော စကားဖြစ်သည်။ ငါးပါးသီလဟူသည် လူမှန်သမျှ မလွန်ကျူးရာသော တားမြစ်ထားသော ဝါရိတ္တသီလ ဖြစ်သည်။

(အပါဒါင္ဌ၊၂၊၂၁၀။ ဝိသုဒ္ဓိမဂ်မဟာဋီကာ၊ ၃၂)

ရှေးအခါကလူတို့သည် စကားတစ်ခွန်းကို ပြောကြရာ၌ ဇာတ်တော်နိပါတ်တော်တို့နှင့် ယှဉ်စပ်ပြီး ပြောလေ့ပြောထ ရှိကြသည်။ သီလစောင့်မှ အူမတောင့်မည်ဟူသောစကား ဖြစ်ပေါ်လာခဲ့ခြင်းမှာ ငါးရာငါးဆယ်ဇာတ်တော်တို့တွင် သီလ စောင့်ထိန်းကြသည့်အတွက် မျက်မှောက်သောဘဝ၊ သံသရာ ဘဝတို့၌ အူမတောင့်ရုံမျှမက ရှင်ဘုရင်ကြီးများပင် ဖြစ်သွား ကြသည်များရှိသည်ကို သိရှိနိုင်သည်။

ဂင်္ဂမာလာဇာတ်တော်၌ အလောင်းတော် သူဆင်းရဲသည် နေ့ဝက်ဥပုသ်သီလယူပြီး နောက်နေ့နံနက်စော ကွယ်လွန် အနိစ္စရောက်ပြီး ဗာရာဏသီမင်းကြီး၏ မိဖုရားခေါင်းကြီး ဝမ်းမှာပဋိသန္ဓေနေပြီး လူဖြစ်လာ 'ဥဒယမင်းသားလေး' ဟု ဖြစ်လာခဲ့သည်။ နောင်တွင် ဥဒယမင်းကြီးဖြစ်လာခဲ့သည်။ ထိုဇာတ်တော်၌ နေ့ဝက်သီလ၏ ကောင်းကျိုးကို သိရှိပြီး ဂင်္ဂမာလဆေတ္တာသည် ရဟန်းပြုပြီး ပစ္စေကဗုဒ္ဓါပင် ဖြစ်ခဲ့ရ သည်။ ဤမျှအထိ သီလကျေးဇူးများလှသည်။

နာမည်ကျော် ဂရုဓမ္မဇာတ်တော်ကိုကြည့်၍လည်း ရှေး ပညာရှိတို့သည် ""သီလစောင့်မှ အူမတောင့်မည်"" ဟု ဆိုခဲ့ ကြခြင်း ဖြစ်သည်။

ထို့ကြောင့် ရှေးအခါက လူတို့သည် သီလစောင့်ထိန်း

လိုစိတ်တို့ ဖြစ်ပေါ်လာစေရန်၊ သီလစောင့်ထိန်းခြင်းကို အားပေးရန်၊ ဘ၀ကိုသီလစောင့်ထိန်းခြင်းဖြင့် မြှင့်တင်ပေးရန် အတွက် "သီလစောင့်မှ အူမတောင့်မှာ" ဟူသော အားပေး စကား ပြောကြားခဲ့ခြင်းဖြစ်သည်။

ရဲဘော်မသေ သေသော်ငရဲမလား-ဟူသော စကား၏ မူရင်းမှာ "ရဲသော်မသေ သေသော်ငရဲ မလား" ဟု ပင်ဖြစ် သည်။ ဖော်ပြပါစကားနှစ်ခုသည် အသံခြင်းနီးနေသည့်အတွက် ကာလကြာသောအခါ ထိုသို့ပြောင်းလဲလာခြင်း ဖြစ်သည်။

လွတ်လပ်ရေးခေတ်က ရဲဘော်များလိုအပ်နေသည့်အတွက် ရဲဘော်များကို အားပေးစကားပြောရင်း အခုလိုစကား ပြောင်း လဲ သွားခြင်းလည်း ဖြစ်နိုင်သည်။

ရဲဘော် ရဲဘက်များကို 'မင်းတို့လုပ်ချင်ရာလုပ် ငရဲ မရောက်ဖူး' ဟု ဆိုရာရောက်၍ အကုသိုလ်ကို အားပေးသလို ဖြစ်သွားနိုင်သည်။

အမှန်စင်စစ် အသီတိနိပါတ် မဟာသုတသောမဇာတ်တော်၌ မဟာသုတမင်းသည် နန္ဒပုဏ္ဏား၏ တရားလေးပုဒ်ကို နာ ကြားပြီး လူသားစား ဗြဟ္မဒတ်မင်းတစ်ဖြစ်လဲ ပေါရိသာဒထံ အစားခံရန် ရဲရဲကြီး ပြန်သွားနိုင်ခဲ့သည်။ လူသားစားမည့်

ပေါရိသာဒကပင် အံ့အားသင့်သွားရသည်။ ရဲရင့်စေသည့် သေဝံ့သည့် တရားကို မေးမြန်းခဲ့၏။ ပြန်ဟောကြားခိုင်း၏။

တရားရှိသူသည် ရဲရင့်သူဖြစ်သည်။ မည်သည့်အရာကို မဆို ရင်ဆိုင်ရန် အဆင်သင့်ရှိနေသည်။ ဤသို့ ကုသိုလ်တရား တို့၌ ရဲရင့်စွာပြုခြင်းသည် မသေရာဖြစ်သော နိဗ္ဗာန်အထိ ရောက်နိုင်သည်။ အကယ်၍ ပြုလုပ်သော ဘဝ၌ သေသွား သော်မှ အဆိုးဆုံးသော ငရဲကိုတော့ မည်သို့မျှ မရောက်နိုင် သည့်အတွက် "ရဲသော်မသေ သေသော်ငရဲမလား" ဟု ဆိုရိုး စကား ပြုခဲ့ခြင်းဖြစ်သည်။

ဤသို့သော မဟာသုတသောမဇာတ်စသော ဇာတ်တော် တို့ကို ရှင့်ပြီး "ရဲသော်မသေ သေသော်ငရဲမလား" ဟူသော စကားဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

(မဟာသုတသောမ ဇာ၊၄၊၅၊၅၃၇)

## ကိုဗစ်ဖြစ်ချိန် ဆွမ်းခံမထွက်ကြ

ကူးစက်လွယ်သည့် ကိုဗစ်ရောဂါကြောင့် လူအများအစား ဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အနေဆင်းရဲနေချိန် ဆွမ်းခံထွက်လို့ မတော်သည့်အတွက် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ သံဃာတော် တို့သည် တစ်ပါးချင်းဆွမ်းခံ၊ စုပေါင်းကြွသည့် တန်းဆွမ်းခံတို့ မကြွတော့ဘဲ ခဏရပ်နားထားကြရသည်။

မြန်မာပြည်၏ အလှသင်္ကေတဟု ဆိုနိုင်သည့် မည်သည့်နိုင်ငံမှာမှ မရှိသည့် မြန်မာနိုင်ငံ၏ သဘာဝပန်းချီအစစ်ဖြစ်သည့် နံနက်ခင်း ကြေးစည်သံတွေ တစ်ဝေဝေဖြင့် သံဃာတော်တို့ တန်းဆွမ်းခံကြွရောက်လာခိုက် မိမိတို့ တတ်စွမ်းသည့်လှူဖွယ်ဝတ္ထုတို့ဖြင့် လောင်းသူလှူသူ ပူဇော်သူတို့ လှုပ်ရှားနေသည့် မြင်ကွင်းအလှပန်းချီသည် ပန်းချီကျော်တို့ ရေးဆွဲလို့မမီလောက်အောင် လှပနေသည်။

ထိုဆွမ်းခံတန်းကို မြင်တွေ့ကြသည့် နိုင်ငံခြားသားများသည် ဓာတ်ပုံမရမက ရိုက်ကူးကြသည်ကိုလည်း မကြာခဏတွေ့ကြပေလိမ့်မည်။ သို့သော် ယခုအခါမှာမူ ထိုပန်းချီကားသည် ကိုဗစ်ဖျက်လို့ တစ်ခဏတာ ပျက်နေရသည်။ ထိုအကြောင်းအရာကို ကဗျာရေးဖြစ်သွားသည်က-

နံနက်လင်းကြည်၊ မြန်မာပြည်တွင်
ကြေးစည်သံတွေ၊ တစ်ဝေဝေဖြင့်
နေရာမရွေး၊ ခပ်ဝေးဝေးကို
မျှော်ငေးကြည့်သော်၊ သံဃာတော်တို့
ဖူးမြော်ရခိုက်၊ သပိတ်ပိုက်၍
လမ်း၌စဉ်တန်း၊ အမြင်ဆန်းဘိ
တန်းဆွမ်းကြွပြီ၊ မြန်မာပြည်၏
ပန်းချီအစစ်၊ အလှသစ်ကို

ကိုဗစ်လာဖျက်၊ အလှုပျက်ခဲ့
လက်တွဲညီညီ၊ ရှေ့သို့ချီ၍
မြန်ပြည်အလှ၊ ပြန်ကာစစို့..ဟု ရေးဖြစ်သွားသည်။

မြန်မာပြည်သူ ပြည်သားတို့သည် သံဃာတော်များ ဆွမ်းခံမထွက်နိုင်ကြသည်ဖြစ်၍ ကျောင်းတိုက်များသို့ လာရောက်ဆွမ်းများ လှူဒါန်းကြသည်။

## လူတို့ အစားဆင်းရဲချိန် ဆွမ်းခံထွက်ရသလား

ဘုရားရှင်သည် သံဃာတော်ပေါင်းများစွာတို့နှင့်အတူ နာဠန္ဒာမြို့သို့ ရောက်ရှိလာပြီး ပါဝါရိကသူဌေး၏ သရက်တော ဥယျာဉ်၌ သီတင်းသုံး နေတော်မူ၏။ ထိုအချိန် နာဠန္ဒာမြို့သူ မြို့သားတို့သည် ငတ်မွတ်ဆင်းရဲနေချိန်ဖြစ်သည်။

သံဃာအများ အပြားနှင့် ရောက်ရှိလာသည့် မြတ်စွာဘုရားအား ဒေသခံ နိဂဏ္ဍနာဋပုတ္တကတို့က စွပ်စွဲရန် အကွက်ဆိုက်ရောက်ခဲ့သည်။ နိဂဏ္ဍနာဋပုတ္တသည် အသိဗန္ဓက၏သား ဂါမဏိမည်သော ရွာသူကြီးကို အကွက်ကျကျ စွပ်စွဲတတ်ရန် သင်ပေးလိုက်သည်။

သို့ဖြင့် ရွာသူကြီးသည် ဘုရားထံရောက်လာပြီး "အရှင်ဘုရား.. အရှင်ဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် လူဒါ

ယကာ ဒါယိကာမတို့အား အစဉ်သနားခြင်း၊ စောင့်ရှောက်ခြင်း၊ ငဲ့ညှာခြင်းများကို ချီးမွမ်းတော်မူသည်မဟုတ်ပါလော" ဟု လျှောက်သည်။

မြတ်စွာဘုရားက "အေး..ရှာသူကြီးမှန်ပေ၏" ဟု မိန့်တော်မူလိုက်သည်။

ရှာသူကြီးက "အရှင်ဘုရား..ထိုသို့ဖြစ်လျှင် အဘယ့်ကြောင့် များစွာသောသံဃာနှင့်အတူ အစားအစာ ခေါင်းပါးသော၊ အသက်မွေးရန်ခက်ခဲသော၊ မစားရလို့ အရိုးတွေတောင် လိုပုံနေသော ဤနာဠန္ဒာမြို့သို့ ကြွရောက်လာပါသနည်း၊ အရှင်ဘုရား ကြွရောက်တော်မူခြင်းသည် လူဒါယကာ ဒါယိကာမတို့အား နှိပ်စက် ညှင်းဆဲ ဖျက်ဆီးသလို ဖြစ်မနေဘူးလော" ဟု အကွက်ကျကျ လျှောက်တင်လိုက်သည်။

ဘုရားရှင်က မည်သို့မျှ မတုန့်ပြန်နိုင်အောင် ချည်ပြီးတုပ်ပြီး လျှောက်ထားလိုက်ခြင်းဖြစ်ရုံမျှမက နာဠန္ဒာမြို့သူမြို့သားတို့ အားလည်း အကြည်ညိုပျက်စေရန် ရည်ရွယ်ပြီးစွပ်စွဲလိုက်ခြင်း ဖြစ်သည်။

ဘုရားရှင်က "ရှာသူကြီး..၊ ဤကမ္ဘာမှ နောက်ပြန်ရေသော် (၉၁)ကမ္ဘာတိုင်အောင် ကျက်ပြီး ချက်ပြီးဆွမ်းကိုလောင်းလှူရုံမျှဖြင့် ဆင်းရဲမွဲတေသွားသူဟု တစ်ဦးတစ်ယောက်မျှ ငါဘုရားမြင်တော်မမူ၊ စင်စစ် ဆွမ်းလောင်းလှူ

ခြင်းကြောင့်၄င်း၊ မှန်သောသစ္စာကြောင့်၄င်း၊ အကျင့်သီလ ကြောင့်၄င်း၊ ကြွယ်ဝကုန် ချမ်းသာကုန် များသောရွှေငွေ ဥစ္စာပစ္စည်းရှိကြကုန်၏'' မိန့်တော်မူလိုက်သည်။

ဆက်လက်၍ ဘုရားရှင်က ''ရွာသူကြီး .. လူဒါယကာ ဒါယိကာမတို့ စီးပွား ဥစ္စာပျက်စီးခြင်းသည် ဤ(၈)ပါးသော အကြောင်းတို့ဖြစ်၏။ ဂါမဏိ ရွာသူကြီး ရှစ်ပါးဟူသည်-

(၁) မင်းသိမ်းဆည်းခြင်း၊

(၂) ခိုးသားစားပြလုယက်ခြင်း၊

(၃) မီးလောင်ခြင်း၊

(၄) ရေနစ်မြုပ်ခြင်း၊

(၅) မြေမြှုပ်ထားသောပစ္စည်းများ နေရာရွှေ့သွားခြင်း။

(၆) ကြိုးစားအားထုတ်မှု လွဲမှားခြင်း၊

(၇) အိမ်တွင်း၌ ဖျက်ဆီးမည်သူရှိလာခြင်း၊

(၈) ပစ္စည်းဥစ္စာဟူသည် ပျက်ချိန်တန်လျှင် ပျက်တတ်သည့် သဘာဝရှိခြင်း။ ဤ(၈)မျိုးသော အကြောင်းတို့ကြောင့် ပျက်စီးတတ်ကြကုန်၏''ဟု မိန့်တော်မူလိုက်သည်။

အသိဗန္ဓကဓ၏သား ရွာသူကြီးသည် ဘုရားရှင် ရှင်းပြသည့် တရားကို အလွန်နှစ်သက်သဘောကျသည်ဖြစ်၍ ဘုရားရှင် အား ''အရှင်ဘုရား ယနေ့ကို အစပြု၍ အသက်ထက်ဆုံး

ရတနာ သုံးပါးကို ဆည်းကပ်ကိုးကွယ် ယုံကြည်သူ ဥပါသကာဟု မှတ်တော်မူပါဘုရား”ဟု လျှောက်ထားလိုက်သည်။

(ဧတာတော သော ဂါမဏိ ဇေကနဝုတိကပ္ပေ ယမဟံ အနုဿာမိ နာဘိဇာနာမိ ကိဉ္စိ ကုလံ ပက္ကာဘိက္ခာနုပ္ပဒါနမတ္တေန ဥပဟတပုဗ္ဗံ။)

(သံယုတ္တနိကာယ်၊ သဠာယတန၊ ကုလသုတ်၊ (၅၀၇။ ၄၂၊ ၁၄၃)

## အဘာယဇာတကအင်း အကြောင်း

အဘာယဇာတကအင်း-ဘေးအန္တရာယ်ကင်း စေသော အင်းဟူ၍လည်းကောင်း။ သောဠသအင်းဟူ၍လည်း ကောင်း။ အစကြိုးကြာအင်းဟူ၍လည်းကောင်း ခေါ်ကြ သည်။

အလျားအနံ၊ ဒေါင်လိုက်၊ ဒေါင့်တန်းစသည်ဖြင့်မည် သို့ပင် ပေါင်းပါစေ (၃၄)ပေါင်းခြင်း ရလဒ်ရပေ၏။ အဘာယဇာတက အင်းအကြောင်းကို မတင်ပြမီ ကမ္ဘာ ကျော် ပန်းပုဆရာကြီး 'ဒူရာ'၏ ''ကမ္ဘာကျော်အင်း'' အကြောင်းကို စတင်ဖော်ပြပါမည်။

### ကမ္ဘာကျော် ဒူရာ ၏ အင်း

ယခုတင်ပြမည့် ကမ္ဘာကျော် ဂျာမန်ပန်းပုဆရာကြီး 'ဒူရာ'ဆိုသူ၏ ''ကမ္ဘာကျော်အင်း''ကို လွန်ခဲ့သော နှစ်(၃၀)ကျော်က မဂ္ဂဇင်းတစ်ခုထဲ၌ တွေ့ရှိရသည့်အတွက် ယင်းဆောင်းပါးကို အန္တရာယ်ကင်းလိုကြသည့် ပရိသတ် တို့အား စိတ်ခွန်အား ကုသိုလ်ခွန်အားများ ဖြစ်ပွားစေရန် တင်ပြလိုက်ပါသည်။

ကမ္ဘာကျော်ဂျာမန် ပန်းပုဆရာကြီး 'ဒူရာ' ဆိုသူရှာဖွေတွေ့ရှိခဲ့သော အံ့ဖွယ်စတုရန်း ဂဏန်းများကို ထည့်သွင်းခဲ့သည့် ''ကမ္ဘာကျော်အင်း'' ဖြစ်လာခဲ့ပါသည်။ ထိုစဉ်ကလည်းယခုအခါလို အန္တရာယ်များ ပေါ်လာချိန်၌ အန္တရာယ်ကင်းကြကြောင်း တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ ထိုဆရာကြီး၏ အင်းပုံစံကို ဖော်ပြပါဦးမည်။

**ဒူရာ၏အင်း**

**(ဘေးအန္တရာယ်ကင်းစေသောအင်း)**

| | | | |
|---|---|---|---|
| ၁၆ | ၃ | ၂ | ၁၃ |
| ၅ | ၁၀ | ၁၁ | ၈ |
| ၉ | ၆ | ၇ | ၁၂ |
| ၄ | ၁၅ | ၁၄ | ၁ |

လယ်ဗဟို ဆုံမှတ်ဘေး၌ ဖော်ပြထားသည့် ပေါင်းသော် (၄)ကွက်ကို ပေါင်းသော် (၃၄)မရသည်ကို တွေ့ရှိရသည်။ သို့သော် ဂျာမန်ပန်းပုဆရာကြီး အန္တရာယ် ကင်းခြင်းကိုတော့ အားလုံးအသိအမှတ် ပြုနေကြဆဲ ဖြစ်သည်ဟု ဆိုသည်။

ဒူရာ၏ စတုရန်းအင်းကွက် ပေါ်ပေါက်ခဲ့သည်မှာ ခရစ်နှစ်၁၅၁၄-ခုနှစ်က ပေါ်ခဲ့သည်ဖြစ်ရာ ယခုနှစ်ပေါင်း

(၅၀၆)နှစ်ပင် ရှိခဲ့ပြီ။ မည်ကဲ့သို့သော ယုတ္တိဖြင့် ဖြစ်ပေါ်ခဲ့သည်ကိုမူ မသိခဲ့ရပါ။

## အဘယဇာတကအင်း

ယခုအဘယဇာတကအင်းသည် ဘုရားအလောင်းတော်ဘဝတို့တွင် မည်သူကမျှ အန္တရာယ်ပြုလို့မရနိုင်ခဲ့သော ဘဝပေါင်း ၁၃၆-ဘဝကို ရှေးပညာရှင်တို့က ကဗ္ဗာလကာ ဖွဲ့သီကာ ဘေးအန္တရာယ်ကင်းစေသော ဘုရားရှိခိုး အဖြစ်ဖြင့် ပူဇော်ခဲ့ရာ နှစ်ပေါင်းတစ်ရာကျော် နှစ်ရာနီးပါးရှိပြီ ဖြစ်သည်။ ယင်းတို့သည်ပင် "ဘေးအန္တရာယ် မရှိသော အဘယ ဇာတအင်း" ဟု နာမည်ကျော်ခဲ့ရသည်။

ယခုအစကြိုးကြာ အင်းကမူ ဘယ်လိုပင်ပေါင်းပေါင်း (၃၄)ရ သည်သာဖြစ်သည်။ ၃·၄ တို့၏ အဓိပ္ပါယ် ဖြစ်ဟန်ကို တက္ကသဘောဖြင့် ကြံစည်စဉ်းစား ကြည့်ရလျှင် ၃နှင့်၄တို့သည် ကျောခြင်းကပ်နေသည့်အတွက် 'မြန်မာတွေပြောနေကြအတိုင်း အရေးနဲ့အကြောင်းနဲ့ဆိုရင် ကျောခြင်းကပ်ရမယ်' ဟု ဆိုကြသည့်အတိုင်းပင် ဘေးကလာမည့်အန္တရာယ်ကို ကာကွယ်ရန် အသင့်အနေအထား ဖြစ်နေလို့များလားဟု တွေးစရာဖြစ်နေပါသည်။

ဤအင်းကို ဘုရားစဉ်ဌာပူဇော်ခြင်းရှိခိုးခြင်း ဆောင်ထား

ခြင်းဖြင့် မည်သူကမျှ အန္တရာယ်မပြုနိုင်ဟု ရှေးပညာရှိတို့က မိန့်ဆိုခဲ့ကြသည်။

မည်သို့ပင်ဆိုစေ ယခုတင်ပြခဲ့သည့် 'အဘယဇာတကအင်း' ကတော့ ယုတ္တိဘေဒရှိလှသည့်အပြင် ဘုရားရှိခိုးလင်္ကာကြီးကို ရွတ်ဆို ဘုရားရှိခိုးခြင်းဖြင့် ကုသိုလ်တရားများ တိုးပွားလာမည်မှာ အမှန်ပင်ဖြစ်သည်။

ယခုအချိန်အခါ၌ မြင်ရသော အန္တရာယ်၊ မမြင်ရသော အန္တရာယ်များနှင့် ကပ်ဘေးရောဂါအမျိုးမျိုးတို့ဖြစ်နေချိန်၌ အထူးပူဇော်သင့်ကြောင်းဖော်ပြပါသည်။

မျက်မှောက်သောကာလ၌ ဖြစ်ပေါ်နေသောဘေးရောဂါတို့ ကင်းမကင်းဆိုသည်ကိုမူ မသေချာသော်လည်း အပါယ်ဘေး ကတော့ ကင်းဝေးနိုင်ပါလိမ့်မည်။

အန္တရာယ်ကင်း ဘုရားရှိခိုးလက်ာ


| | |
|---|---|
| အစကြိုးကြာ-ဆယ့်ခြောက်ခါတည့် | (၁၆) |
| ဟသ်ာကိုးဖြစ် | ( ၉) |
| ခြောက်ဖြစ်ကားခို | ( ၆) |
| ကျေးညီသုံးခါ | ( ၃) |
| သံသာကျူးဟိတ်-ကရဝိတ်ငါး | ( ၅) |
| လေးပါးကိန္နရီ | ( ၄) |
| စာမရီဆယ့်ငါး | (၁၅) |
| မျောက်ကားတစ်ဆယ် | (၁၀) |
| ဆင်ဝယ်ဆယ့်တစ် | (၁၁) |
| နွားဖြစ်ဆယ့်လေး | (၁၄) |
| ဇကေသိန္ဓဝ | ( ၁) |
| ကျွဲအဖွဲ့နှင့် | ( ၈) |
| သံမြသံညောင်း-ဥဒေါင်းနှစ်ခါ | ( ၂) |
| သာလိကာသတ္တ | ( ၇) |
| ဒွါဒသကြက် | (၁၂) |
| ဝက်ကားဆယ့်သုံး | (၁၃) |
| ပေါင်းရုံးများစွာ တစ်ရာ့သုံးဆယ် | (၁၃၀) |


ခြောက်ဖြစ်ဝယ်၌၊ အန္တရာယ်တစ်စိ ဘေးမရှိသည့်၊ မုနိမြတ်လောင်း၊ဖြစ်တော်ပေါင်းကို၊ ညွှတ်ပျောင်းတုပ်ကွ၊ ပဏာမဖြင့်၊ ကြည်ဆွသဒ္ဒါ၊ ရှိခိုးပါ၏။ ရှိခိုးပါရ၊ ကုသလကြောင့် ချမ်းမြ

အေးကြည်၊ ဘေးမဲ့မည်သည့်၊ ရွှေပြည်နိဗ္ဗာန်၊ ရောက်ဖို့ရန်နှင့်၊ အန္တရာယ်ကင်း၊ ဘေးရန်ရှင်းသည် ကောင်းခြင်းသုခရလိုသော် …။

(သာဓု . . သာဓု . . သာဓုပါဘုရား ….)

အဘာယဇာတကအင်း

(ဘေးအန္တရာယ်ကင်းစေသောအင်း)

| | | | |
|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ |

## ကိုဗစ်စစ်ပွဲ ဂုဏ်ပြုပွဲကဗျာ

* မိမိကိုယ်ပင်၊ မွေးသန့်စင်သည့်
မိခင်ရင်းချာ၊ မဟုတ်ပါဘဲ။

* ရင်မှမွေးဖွား၊ လွန်ချစ်ငြားသည့်
သားသမီးရင်းချာ၊ မဟုတ်ပါဘဲ
ရောဂါဖြစ်ရာ၊ များလူနာကို
ချိန်ခါမရွေး၊ ဆေးကုပေးသည့်
ဆေးခန်းဆေးရုံ၊ အလုံးစုံဟု
ဖုံဖုံများလှ၊ ဤလောက။

* သေနတ်မပါ၊ ဗုံးမပါဘဲ
သူငါကြောက်ရွံ့၊ နောက်သို့တွန့်၍
မဝံ့စရာ၊ ချိန်အခါဝယ်

ပြုံးကာလန်းဆန်း၊ မျက်နှာပန်းဖြင့်
ရှေ့တန်းဆင်နွှဲ၊ အနိုင်ကြဲသည့်
စစ်ပွဲမည်လစ်၊ နာမည်သစ်ဖြင့်
ကိုဗစ်ရောဂါ၊ ကြောက်စရာကို
သဒ္ဓါပြည့်မွှန်၊ ဆရာဝန်တို့
အားသွန်ကုလတ်၊ သက်ပေးဆပ်ခဲ့၊
သူမြတ်စိတ်တွေး၊ သက်စတေး၍
ဆေးကုသမှု၊ သူနာပြုနှင့်
လူမှုဝန်ထမ်း၊ သဒ္ဓါစွမ်းဖြင့်
လှူဒါန်းကြငြား၊ ပြည်သူများကို
လေးစားမြတ်နိုး၊ အားမာန်ကြိုးဖို့
တန်ဖိုးထားကာ၊ ဂုဏ်ပြုပါသည် ..၊
သတ္တဝါမှန်သမျှ ကျန်းမာကြစေသော် ...။
သတ္တဝါမှန်သမျှ ချမ်းသာကြစေသော် ...

(24.4.2020)

## ကိုဗစ်စစ်ပွဲ ဂုဏ်ပြုပွဲ ကဗျာ အဓိပ္ပါယ်

ဖော်ပြပါ ကဗျာကို ရေးရန်စိတ်ကူးသွားဖြစ်သည်က ရောဂါဆိုးညစ် ကိုဗစ်ရောဂါကို ဆေးကုသပေးနေကြသည့် ဆရာဝန်ဆရာမ သူနာပြုတို့သည် ရောဂါဖြစ်နေသူများကို စေတနာထက်သန်စွာဖြင့် ဆေးကုသ ပေးနေကြသည်ကို တစ်ကမ္ဘာလုံးက မြင်တွေ့နေကြရသည်။

သူတို့မှာလည်း ကိုဗစ်ရောဂါပြီးသူများ မဟုတ်ကြပါဘဲ၊ ရောဂါ ဖြစ်လာသူများကို မိမိတို့၏ မိခင်ဖခင်လည်း မဟုတ်ကြသလို၊ မိမိ၏ရင်နှစ်သည်းခြာ သားသမီးများလည်းမဟုတ်ကြပါ။

သို့သော်လည်း အပြည့်အဝ မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲဝံ့စွာ ရင်ဆိုင်ပြီး ကုသပေးလျက် ရှိကြသည်။

ကိုဗစ်ရောဂါဟူသည်ကလည်း သူ့မှာ သေနတ်လည်းမပါ၊ ဗုံးလည်းမပါသော်လည်း အလွန်ကူးစက်မြန်သည့်အတွက် လူတကာတို့ ကြောက်ရွံ့နေကြရသည်။

ထိုသို့ တစ်ကမ္ဘာလုံးက ကြောက်ရွံ့နေကြရပါလျက်နှင့် ရှေ့တန်း ကိုဗစ်တိုက်ပွဲကို ရွတ်ရွတ်ချွန်ချွန် တိုက်နေကြသည်ကို တွေ့မြင်ရသည်က တစ်ကြောင်း၊ ဆရာဝန် ဆရာမတွေသာ မဟုတ် အများအကျိုးကို ဆောင်ကျဉ်းနေကြသည့် ပရဟိတ သမားများကလည်း နိုင်ငံတော်က အသိအမှတ်ပြုကြရသည် အထိ၊ ပြည်သူလူထုက ကောင်းချီးပေးရသည်အထိ အများ အကျိုးကို ကြောက်စရာကြားထဲက ကြိုးစားပမ်းစား ထမ်း ဆောင်နေကြသည်။

ပေါက်ခေါင်းမြို့မှ ပြည်မြို့ပြည်သူ့ဆေးရုံကြီးသို့ ရောက် ရှိလာသော လူနာကို အထူးကျပ်မဆောင်၍ ဆေးကုသရန် လိုအပ်နေသည်ဖြစ်၍ မေးဆေးဆရာဝန်ဆရာများ၊ သူနာပြု များတို့သည် ကြိုးစားကုသနေသည်။

ထိုလူနာမှ မေ့ဆေးအထူးကုန် ဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြင့်မြင့်စိန်အား ရောဂါကူးစက်သွားသည်ကို (၁၂.၄. ၂၀၂၀)နေ့က တွေ့ရှိသည်ဖြစ်၍ ဆရာမကြီးအား ရန်ကုန်မြို့ ဝေဘာဂီဆေးရုံသို့ ပို့ဆောင်ရန် ပြည်မြို့ဆေးရုံမှ လူနာတင် ကားဖြင့် တင်ဆောင်လာသည်ကို တွေ့ကြသော ပြည်သူ

တို့သည် အလေးပြုနေကြသည်ကို တွေ့ရသည်။ စိတ်က လည်း 'ဆရာမကြီး မြန်မြန်ကျန်းမာပါစေ' ဟု ဝိုင်းဝန်း ဆုတောင်းနေကြသည်။

ဆရာမကြီးကို 'တွေ့ရသူတို့က အလေးပြုကြ' ဟု မည်သူ ကမှ အမိန့်ပေးထားခြင်း မရှိကြချေ။ ပြည်သူတို့သည် လေး စားထိုက်သူကို လေးစားခြင်းသာ ဖြစ်သည်။

ဆရာမကြီးအကြောင်း ကြားရသူတို့ကလည်း အားလုံးဆု တောင်း ပေးနေကြသည်။

ပြည်သူပြည်သားတို့၏ စေတနာဆန္ဒနှင့် ဆရာမကြီး၏ ကံကြမ္မာအရ မေ့ဆေးအထူးကုန် ဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြင့်မြင့်စိန်သည် မေလ၂၅.၂၀၂၀၊နေ့က ရန်ကုန်မြို့ ဝေဘာဂီဆေးရုံမှ ဆင်းသွားကြောင်း သိလိုက်ရသည်။

ထို့ပြင် မပြည့်စုံသော နိုင်ငံအတွက် လိုအပ်ရာရာများကို စွမ်းနိုင်သည့်ဘက်က ဝိုင်းဝန်းလှူဒါန်းကြသည့် အလှူရှင်များ နှင့် ပရဟိတသမားတို့အားလည်း လွန်စွာမှ ဂုဏ်ပြုလိုသည့် အကြောင်းတို့ကြောင့် "ကိုဗစ်စစ်ပွဲ ဂုဏ်ပြုပွဲ" ကဗျာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်လိုက်ခြင်း ဖြစ်ပါသည်။

အာလုံးသတ္တဝါများ ချမ်းသာပွားကြပါစေ။

## လက်တွဲညီညီ ရှေ့သို့ချီ

* အာကာဝေဟင်၊ ထက်ကောင်းကင်မှ
မြေပြင်ကြည့်ရာ၊ ချိန်အခါတွင်
တောင်စဉ်တောတန်း၊ ချိုင့်ဝှမ်းကမူ
အမြင့်တူမျှ၊ တန်းတူကြသို့။

* ကမ္ဘာ့ထိုထို၊ များလူဗိုလ်တို့
ကိုဗစ်၏အောက်၊ ပြားပြားမှောက်၍
ကြောက်ရွံ့ကြသူ၊ အားလုံးလူတည့်၊
ဖြူဖြူ မဲမဲ၊ ဘာသာကွဲ၍
ဆင်းရဲကြသူ၊ ချမ်းသာသူနှင့်
သူငါသတ်မှတ်၊ ပညာတတ်နှင့်
မတတ်ပညာ၊ လူများစွာတို့

ရောဂါဆိုးညစ်၊ သမိုင်းသစ်တွင်
ကိုဗစ်အာဏာ၊ ကြီးလှပါ၍
သူ့အာဏာအောက်၊ အတူရောက်ခဲ့။

* ဒူးထောက်ကာငေး၊ ရုံးမပေးနှင့်
သူရေးကိုယ့်ရာ၊ အဖြာဖြာကို
နိုင်ရာဝန်ထမ်း၊ ကိုယ်စီစွမ်း၍
ဖြောင့်တန်းချီတက်၊ လက်ချင်းယှက်ကာ၊
လက်တွဲမဖြုတ်၊ နောက်မဆုတ်ဘဲ
အားထုတ်ညီညီ၊ ရှေ့သို့ချီသော် ...၊
ဤသည့်နိုင်ငံ၊ အောင်ပွဲခံလိမ့် ...

(26.4.2020)

## လက်တွဲညီညီ ရှေ့သို့ချီ ကဗျာ ရှင်းချက်

ဤလက်တွဲညီည ရှေ့သို့ချီကဗျာ၏ စာရေးသူ၏ အာဘော်ကို တင်ပြချင်ပါသည်။

အထက်ကောင်းကင်မှ မြေပြင်ကို လှမ်းကြည့်လိုက်လျှင် အလွန် မြင့်မတ်လှပါသည်ဆိုသည့် တောင်စဉ်တောင်တန်းတွေ၊ အလွန်နိမ့် ပါသည်ဆိုသည့် ချိုင့်ဝှမ်းတွေသည် အားလုံး မည်သူက မည်သူထက် မြင့်သည်ဟူ၍ မရှိကြ၊ အပေါ်ကောင်းကင်က ကြည့်လိုက်လျှင် အနိမ့်အမြင့်တို့ တန်းတူနေကြသည်ကို တွေ့ကြရပေလိမ့်မည်ဟု ဥပမာကို ဖော်ပြသည်။

ထို့အတူ ကောင်းကင်နှင့်တူသည့် ကိုဗစ်ကမ္ဘာက အောက်ကို ကြည့်လိုက်လျှင် ကိုဗစ်ရောဂါကို ဖြူသူကလည်း ကြောက်

ရသည်၊ မဲသူကလည်းကြောက်ရသည်၊ မွဲသူကလည်း ကြောက်ရသည်၊ ချမ်းသာသူကလည်း ကြောက်ရသည်၊ ပညာတတ်သူကလည်း ကြောက်ရသည်။ ပညာမတတ်သူကလည်း ကြောက်ရသည်။ မိုး လောက်ကြီး ဂုဏ်ကြီးပါသည်ဟူသည့် ပုဂ္ဂိုလ်တို့သည်လည်း ကြောက်ကြရသည်၊ ဂုဏ်မရှိသူတို့က လည်း ကြောက်နေကြရသည်။

လူမှန်သမျှတို့သည် ဖြူသူမဲသူ မွဲသူ ချမ်းသာသူ မခွဲခြား အားလုံးတန်းတူညီမျှ ကိုဗစ်ကမ္ဘာအောက်ကို အားလုံးပြားပြား မှောက်နေကြရသည်။ ကြောက်နေကြရသည်။ ကိုဗစ်၏ အာဏာအတိုင်း မိမိတို့အိမ်မှာသာ ကုတ်နေကြရသည်။

ထိုသို့ ကိုဗစ်ရောဂါ၏ လွှမ်းမိုးချယ်လှယ်မှုကို အမောင် လူသားတို့ ဒူးထောက်ပြီး အရှုံးမပေးကြဖို့၊ ကိုယ်စွမ်းနိုင်သည့် နေရာက ကိုယ်စွမ်းရာကို အများအတွက် ပြုလုပ်ပေးကြဖို့၊ လက်တွဲညီညီ နောက်မဆုတ်ဘဲ ကြိုးပမ်းအားထုတ်ကြဖို့ နှိုးဆော်တိုက်တွန်းထားသည့် ကဗျာပင်ဖြစ်သည်။

# ကိုဗစ်ကြုံကူညီကြ

# (လေးဆစ်ကဗျာ)

* ဟို..တစ်ခေတ်
နဂိုမဖြစ်ပေမယ့်
ကိုဗစ်ရယ်က ခုခါကြုံ။

* ခုအခါ..
သူ့အာဏာအလွန်ပြင်းသော်ကြောင့်
လူလူချင်း သံသယတွေကလည်း
ကြုံဆကာ ခုဆိုတိုးပါလို့။
သူ့ကိုယ်လည်းကိုယ်မယုံ၊
ကိုယ့်ကိုယ်လည်း သူမယုံ။

* စီးပွား ပညာ ..
ညီးတွားချင်စရာ မှန်းကာတွေးလိုက်တော့
ကျန်းမာရေးကလည်းအရေးကြီးပုံ ..၊
ဤလူ့ဘုံ ကြုံလာကြခုချိန်တွင်း။

*ခုလိုအခါ ..

သူ့လိုရာ ကိုယ်ကူလို့
ကိုယ့်လို့ရာ သူကူလို့
စိတ်ထားဖြူ ကူညီကြရင်ဖြင့်
ထိုအခါ တူညီမျှလို့ရယ် ..၊
(ကွယ်) ကောင်းလှဘိခြင်း ..။

## ကိုဗစ်ကြုံ ကူညီကြ

ဤ 'ကိုဗစ်ကြုံ ကူညီကြ' ကဗျာကို ရေးဖြစ်သွားသည် ကကိုဗစ်ရောဂါဟူသည် ရှေးအခါက မရှိခဲ့သော အသစ်အဆန်းရောဂါတစ်မျိုး ဖြစ်သည်။ ရောဂါအသစ်ဖြစ်၍လည်း ဆေးကမရှိဖြစ်ရခြင်း ဖြစ်သည်။

ယခုအခါမှာတော့ ကိုဗစ်ရောဂါကို ကြောက်နေကြသည့်အတွက် 'ဤသူသည် ရောဂါပိုး ပါလာလေမလား' ဟူသော အတွေးဖြင့် သူ့ကိုယ်လည်း ကိုယ်ကမရှုံသလို၊ သူ့ကိုလည်း ကိုယ်က မရှုံဖြစ်နေသည်။ မိသားစုချင်းပင် သံသယစိတ်တွေ ဖြစ်နေကြရသည်။

# ကိုဗစ်ကမ္ဘာရဲ့အလှတရား

## (လေးဆစ်ကဗျာ)

* ကိုဗစ်လွှမ်း ကမ္ဘာ ..၊
နဂိုမဖြစ် အပိုအပြစ် ကြမ်းရှာကြပြီမို့
ဝမ်းစာတောင်မှ မလွယ်ကူပါ ..။

* ဝတ်,စား,နေ, ပညာရေးတွေက
ဖွတ်အများဖွေ မြင်ရှာသေးသော်ကြောင့်
ဘဝင်အဖြာဖြာ ရင်မှာ မအေးလို့
မှန်းကာကြည့်လိုက်ပြန်တော့
ကျန်းမာရေးက အဓိကအရာ .. ။

* လူမသေ ငွေမရှားပြီမို့
ဇမ္ဗူမြေ ပြေတစ်လွှားမှာဖြင့်
ဤလူတွေ မသေအောင်တားပါလို့
ကြီးပွားချင်ရင်ဖြင့် ကျန်းမာစေရာ .. ၊
ချမ်းသာစရာတွေက များအပြား .. ။

*ကိုဗစ်ကမ္ဘာမှာကွယ် ..

နဂိုမချစ် အပိုချစ် အဖြာဖြာကြောင့်
လဲကျသူ အသည်းလှ ဖြူဖြူနဲ့
ကူညီကာ ဖေးထူမ ,ပါလို့
မြင်ရသူ ဘဝင်မှာ အေးမြစရာမို့
လူ့အသွင် နှယဉ်ကျေးပါဘိ
ယခုပင် သူ့အသွင် မြင်ယောင်သေးတော့တယ်
အရေးကြီးအခါမို့ သွေးစည်းကြအများ… ။
ကိုဗစ်ကမ္ဘာရဲ့ အလှတရား …. ။

(2.5.2020)

## လေးဆစ် ကဗျာ အမိပ္ပါယ်

ကိုဗစ် ကူးစက်ရောဂါ ဖြစ်ပေါ်လာချိန်၌ ကမ္ဘာတစ်ဝှမ်း လူတို့သည် အိမ်တွင်း၌သာနေကြရန် သက်ဆိုင်ရာ အစိုးရတို့က တိုက်တွန်းသည်လည်းရှိ၏၊ အမိန့်ထုတ်ထားသည်လည်း ရှိ၏။

ထိုသို့ အလုပ်ရုံများ၊ ရုံးများ၊ ကျောင်းများ အားလုံးပိတ်လိုက်ရသည့်အတွက် လူအများစုတို့သည် စားဝတ်နေရေး ပညာရေးတို့ ခက်ခဲနေကြသည်။ လူအားလုံးကျပ်တည်းနေကြသည်။

ထိုသို့ စားဝတ်နေရေးတို့ ကျပ်တည်းနေကြသည်အတွက် မြန်မာနိုင်ငံတွင်းရှိလူတို့သည် လူသားအချင်းချင်း စားဝတ်နေရေးအတွက် ရိုင်းပင်းကူညီကြသည်။

ကိုဗစ်ရောဂါကို ဆေးကုသနေကြသည့် ဆေးခန်း ဆေးရုံတို့မှ ဆရာဝန် ဆရာမတို့သည် ရှေ့တန်းမှ ပါဝင်ကာ ကြိုးစား ထမ်းဆောင်နေကြသည်။

အချို့သော စားဝတ်နေရေးတို့ ခက်ခဲလွန်းသော သူတို့ကလည်း 'ကိုဗစ်ရောဂါကြောင့် သေမသေမသိဘူး၊ မစားရလို့ သေရလိမ့်မယ်' ဟုဆိုကာ စားဝတ်နေရေးအတွက် ဖြေရှင်းဖို့ ဆန္ဒပြင်းပြ နေသည်။

သို့အတွက်ကြောင့် လူအချင်းချင်းလည်း ရိုင်းပင်းကူညီကြရမည်။ ဖြူသူ မဲသူ ဘာသာတူမတူ မခွဲခြားဘဲ ကူညီနေကြသူများ ကို မြင်တွေ့ရသူတို့သည် ပီတိဖြစ်စရာဖြစ်ကြရသည်။

လူ့အသက်ထက် တန်ဖိုးဘာမှမရှိပါ၊ လူမသေလျှင် ငွေမရှားပါဟု အသိရှိကြဖို့ ကူညီသူများ ဖေးမသူများကို ဂုဏ်ပြုသောအားဖြင့်ရေးသားထားခြင်းဖြစ်သည်။

ကိုဗစ်ကာလက လူတို့၏ရိုင်းပင်းကူညီကြသည့် စိတ်ရင်းကို မြင်တွေ့ရသည့်အတွက် ဤကဗျာကိုလည်း 'ကိုဗစ်ကမ္ဘာရဲ့ အလှတရား' ဟု နာမည်ပေးထား ခြင်းဖြစ်သည်။

## ကိုဗစ် (တေးထပ်)

* ကိုဗစ်ရောဂါ ဆိုးတာက
မိုးကမ္ဘာမက လမ်းမဆုံးရာ
တိုးကာပြ အကြမ်းဆုံးအရာမှာ
လွှမ်းဖုံးကာသာ ကမ္ဘာတစ်လွှား··။
ကိုဗစ်ဆိုတဲ့ ကပ်ရောဂါမှာ
လတ်တစ်လောအခါ ကြောက်ကြအများ··· ။

* ပညာတတ်မတတ် ဥစ္စာရှိမရှိ
လူထဲကလူပါ ဖြူမဲသူငါ မခွဲခြား···။
စီးပွားပညာ ပျက်ကြွေသွားပါလို့
အခက်တွေများ လူပေါင်းမဟာ ··။
အသက်ဥစ္စာ မှန်းကာတွေးပြန်တော့
ကျန်းမာရေးက အဓိကအရာ···။

* ကိုဗစ်ကမ္ဘာ၏ ဝဋ်နွှန်းနှံချာမှာ
လွတ်လမ်းကိုသာ ကွင်းရှောင်ပုန်းစေဖို့
အလင်းရောင်ဘုန်း ထုံးပြည့်ညွှန်ချင်··· ၊

ဆုံးမ သွန်သင် ... ။
လူသားမှန်သမျှ မှန်သောအမြင်ကို
ဉာဏ်ဖောယှဉ်ယှဉ် သိစွမ်းစရာပါလေး ....။

(မှတ်ချက်=အနုပညာတက္ကသိုလ် အဆိုကထိက အဆိုတော် ရွှန်းလဲ့ အောင် လျှောက်ထား၍ ဤတေးထပ် ရေးဖြစ်ခဲ့သည်။)

## ကိုဗစ် လက်ဆောင်

(တေးထပ်-ရှင်းလင်းချက်များ)

ကိုဗစ်ရောဂါ ဖြစ်ပေါ်လာသည့်အတွက်
ကိုဗစ်ကမ္ဘာကြီးက လက်ဆောင်ပေးခဲ့တာက ...
လက်ဆေးဖို့ အလေ့အကျင့်ကောင်း၊
အချင်းချင်းကူညီကြသည့် အလေ့အကျင့်ကောင်း၊
ကြင်နာတတ်သည့် လူသားဆန်သည့်
အလေ့အကျင့်ကောင်း၊
နှာခေါင်းစည်း မက်တပ်ဖို့အလေ့အကျင့်ကောင်းများ
စသည့် အလေ့အကျင့်ကောင်းများကို ကမ္ဘာဆုံးတိုင်
သယ်ဆောင်ကြဖို့ အရေးကြီးပါသည်။
၁၃၈၂-ခုနှစ် ကဆုန်လပြည့်ကျော်(၈)ရက်။

(၁၄.၅.၂၀၂၀) ကြာသပတေးနေ့။

## ကိုဗစ် လက်ဆောင် (တေးထပ်)

* ကိုဗစ်ရောဂါ မြင်သာအကြောင်း
အစဉ်အလာကောင်း လက်ဆေးပါ
အကြွင်နှာအပေါင်း နက်လေးစွာငယ်
အသက်ဘေးအဖြာဖြာ ကူညီကြအများ .. ။
မြန်ပြည်အလှ လွှမ်းကျန်ဖို့ကောင်းပါသည်
ဆွမ်းခံကိုတောင် ရပ်လို့ထား....။

* ကိုဗစ်ရောဂါ၏ ကောင်းခြင်းလက္ခဏာမှာ
ပေါင်းသင်းဆက်ရာ လူအများ...။
ကောင်းသတင်းတွက်တာ ဆောင်ယူထားစရာက
နောင်လူအများ စံနမူနာ ... ။
စီးပွားပညာ မစွမ်းသာသေးသမို့
ဝမ်းစာအရေးက အခက်ခဲ ကြုံရာ ...။

* ကျန်းမာရေးအရ မက်ကလေးတပ်စရာပါ
အသက်ဘေးအဖြာဖြာ ကြီးမားအတွေးနဲ့
စီးပွားအရေးက ကံတရားခိုင်ခိုင် ... ၊
ဉာဏ်များပိုင်ပိုင် ... ။
ကောင်းကျင့်များ ဆောင်ထားစရာလှိုင်မည်
နောင်များကမ္ဘာတိုင် ကျင့်သုံးစရာပါ့လေး....။

## အလှပျက်သည့် ကိုဗစ်

* ဘဝဖုံဖုံ၊ လူမျိုးစုံတို့
အရဏ်ကျင်းစ၊ လူးလွန့်ထ၍
ဘဝအရွေ့၊ အားမာန်ပြည့်ဖြင့်
တစ်နေ့တာတွက်၊ ဘဝဆက်ဖို့
ချဉ့်တွက်ခါပင်၊ လုပ်ငန်းစဉ်ကို
ပြင်ဆင်နေကြ၊ လူ့ဘဝ၏
အလှအစစ်၊ အားမာန်သစ်ကို
ကိုဗစ်လာဖျက်၊ အလှပျက်ခဲ့။

* စက်ရုံသမား၊ ရုံးသမားနှင့်
ကျောင်းသားကျောင်းသူ၊ များပြည်သူတို့
သူဦးငါသွား၊ အလုပ်များဆီ
ကားရထားထက်၊ အပြေးတက်ကာ
လုယက်နေရာ၊ ယူနေပါသည်
သဘာဝပန်းချီ၊ ရေးဆွဲပြီမို့
လူ့ပြည်မှတ်လစ်၊ ဖြစ်သနစ်ကို
ကိုဗစ်လာဖျက်၊ အလှပျက်ခဲ့။

* ထို့ထက်ကောင်းစွာ၊ ပြုလုပ်ရာသည့်

ပွဲခါညောင်ရေ၊ သွန်းမြဲပေလည်း
မထေရ်ကစ၊ မသွန်းရလို့
ဖြစ်ရသည့်ခေတ်၊ ဤသည့်နှစ်တွင်
ကိုဗစ်လာဖျက်၊ အလှပျက်ခဲ့။

* နံနက်လင်းကြည်၊ မြန်မာပြည်တွင်
ကြေးစည်သံတွေ၊ တစ်ဝေဝေဖြင့်
နေရာမရွေး၊ ခပ်ဝေးဝေးကို
မျှော်ငေးကြည့်သော်၊ သံဃာတော်တို့
ဖူးမြော်ရခိုက်၊ သပိတ်ပိုက်၍
လမ်း၌စဥ်တန်း၊ အမြင်ဆန်းဘိ
တန်းဆွမ်းကြွပြီ၊ မြန်မာပြည်၏
ပန်းချီအစစ်၊ အလှသစ်ကို
ကိုဗစ်လာဖျက်၊ အလှပျက်ခဲ့
လက်တွဲညီညီ၊ ရှေ့သို့ချီ၍
မြန်ပြည်အလှ၊ ပြန်ကာစစို့··

(၆.၅.၂၀၂၀)၁၃၈၂-ခုနှစ်၊ ကဆုန်လပြည့်နေ့)
ဤကဗျာသည် တစ်ပုဒ်တည်းကို အဓိပ္ပါယ်အ
လိုက် ခွဲခြားထားသည်။

အခန်း(၄)

## ကဆုန်လပြည့် ဗုဒ္ဓနေ့နှင့် သာသနာ့အလံ (အကျဉ်း)

လွန်ခဲ့သော နှစ်ပေါင်း (၂၀၀၀)နှစ်ထောင်ကျော်ကပင် သီရိလင်္ကာနိုင်ငံ၌ 'မဟာဝေသာခ' ပွဲတော်အဖြစ်ဖြင့် ကျင်းပခဲ့ကြသည်။ ကဆုန်လပြည့်နေ့ကို တစ်ကမ္ဘာလုံးက 'ဗုဒ္ဓနေ့' ဟု ခရစ်နှစ် ၁၈၈၅-ခုနှစ်က စတင်ပြီးသတ်မှတ် မှည့်ခေါ်ခဲ့ကြ သည်။ ယခုအခါ ''ဗုဒ္ဓနေ့''အဖြစ်သတ်မှတ်ခဲ့သည်မှာ နှစ်ပေါင်း ၁၃၅ နှစ်သာ ရှိသေးသည်။

ထိုခရစ်နှစ် ၁၈၈၅နှစ်က အမေရိကန် ဗိုလ်မှူးကြီး ဟင်နရီစတီးလ် အိုလ်ကောက ဘုရားရှင်၏ ပဉ္စာန်းတရားကို ဆင်ခြင်သည်မှစတင်ပြီး ရောင်ခြည်တော်ခြောက်ပါးတို့ ဖြစ်ပေါ်ခဲ့သည်ကိုစွဲ၍ သာသနာ့အလံကို ပြုသင့်ကြောင်း အကြံပြုချက်အရ လက်ရှိသာသနာ့အလံတော်ကိုလည်း ထိုနှစ် ကဆုန်လပြည့်နေ့က စတင်သုံးစွဲခဲ့သည်။

ကဆုန်လပြည့်နေ့ကား တစ်နှစ်တာ ရက်ပေါင်း(၃၆၅) ရက်ထဲတွင် အမြတ်ဆုံးသော ရက်မြတ်ဖြစ်သည်။

ကဆုန်လပြည့်နေ့ကား -

(၁) ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဘဝဖြင့်

နိယတဗျာဒိတ် စတင်ရသောနေ့လည်း ဖြစ်သည်။

(၂) ဘုရားရှင်အလောင်းတော် ဖွားမြင်တော်မူသော နေ့လည်း ဖြစ်သည်။

(၃) ဘုရားအဖြစ်သို့ ရောက်တော်မူသောနေ့လည်း ဖြစ်သည်။

(၄) ဘုရားရှင် (၁၄၈)ခုနှစ် ပရိနိဗ္ဗာန်စံတော်မူသောနေ့တို့ ဖြစ်ခဲ့သည်။

ထို့ပြင် ဘုရားရှင် ဘုရားဖြစ်ပြီး တစ်ဝါရပြီး ပြည်တော်ကို ပြန်တော်မူရာ၌ ကဆုန်လပြည့်နေ့ကို ရောက်တော်မူပြီး ကွဲကွာနေသော ဆွေတော် မျိုးတော်တို့ပြန်လည် ဆုံဆည်းကာ ဝေဿန္တရာဇာတ်တော်စသည့် ဇာတ်တော်များကို ဟောကြားတော်မူသော နေ့လည်းဖြစ်သည်။

(၁) လွန်ခဲ့သော (၄)အသင်္ချေ၊ ကမ္ဘာ(၁)သိန်းကာလက ကဆုန်လပြည့်နေ့က သုမေဓာရှင်ရသေ့သည် ဟိမဝန္တာတောထဲ၌နေစဉ် စကြဝဠာကမ္ဘာတစ်သောင်းမှ သုဒ္ဓါဝါသ ဗြဟ္မာစသော ဗြဟ္မာအပေါင်းတို့သည် "အချင်းသုမေဓာ..၊ ဝိသာခါ နက္ခတ်ကလည်းစန်းယှဉ်နေပါပြီ၊ ကြွင်းသော နက္ခတ်တို့ကလည်း လင်းလက်တောက်ပြောင် အရောင်ထွက်နေပါပြီ၊ ကုန်း၌ဖြစ်သောပန်းများ၊ ရေ၌ဖြစ်သောပန်းများသည် လန်းလန်းဆန်းဆန်း အံ့မခန်း ပွင့်လန်းနေကြပါပြီ၊ လူ့ပြည်၌

ဖြစ်သောတူရိယာ၊ နတ်၌ဖြစ်သောတူရိယာတို့ကလည်း တီးသူ မှုတ်သူမရှိကြပါဘဲ၊ သူ့အလိုလို သူ့သံစဉ်အလိုက် မြည်နေကြပါပြီ၊ ယခုလိုအခါမျိုးမှာ ရှေးဘုရားအလောင်း သူတော်ကောင်းတို့သည် နိယတဗျာဒိတ်ကို ခံယူတော်မူသောနေ့ပါတည်း။ ယခုအချိန်အခါမှာ ဒီပင်္ကရာဘုရားရှင်သည် ရမ္မာဝတီပြည်၌ နောက်ပါ သံဃာတော် (၄)သိန်းတို့နှင့် ကြွချီနေပါပြီ။ ထို့ကြောင့် နိယတဗျာဒိတ်ကို ခံယူတော်မူပါ" ဟူသော အသံတော်များကြားယောင်နေသည်ဖြစ်၍ ထိုရမ္မာဝတီပြည်သို့ ကောင်းကင်ခရီးဖြင့် ကြွကာ နိယတဗျာဒိတ်ခံယူခဲ့သောနေ့သည်လည်း ကဆုန်လပြည့်နေပင်ဖြစ်သည်။

(၂) ဘုရားရှင်၏ အလောင်းတော် သိဒ္ဓတ္ထမင်းသားလေးကို မွေးဖွားသောနေ့သည်လည်း ကဆုန်လပြည့်နေ့ပင် ဖြစ်သည်။

(၃) အလောင်းတော်သည် သက်တော် (၂၉)နှစ် တောထွက်တော်မူခဲ့ပြီး (၆)နှစ်ကြာ တရားစစ်ကို ရှာဖွေပြီး သက်တော် (၃၅)နှစ်၊ မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ကဆုန်လပြည့်နေ့ည လပြည့်ကျော်(၁)ရက် အရုဏ်တက်ခါနီးအချိန် ဘုရားအဖြစ်သို့ ရောက်ခဲ့ပါသည်။

(၄) ဘုရားရှင်သည် သက်တော်ကလည်း (၈၀)ပြည့်တော်မူမည့် ကဆုန်လပြည့်နေ့ မရောက်မီ (၃)လအလိုကပင် အသက်ကို ရှည်စေတော်မူနိုင်သော အာယုသင်္ခါရကို ဝေသာ

လီပြည့် မဟာဝုန်တော၌စွန့်လွှတ်တော်မူခဲ့သည်။ ထိုစဉ် ကြီးစွာသော မဟာပထဝီမြေကြီးသည် တုန်လှုပ်ရသည်။

ပရိနိဗ္ဗာန်ပြုခါနီးသောအခါ မလ္လတိုင်းရှိ ကုသိနာရုံသို့ (၃)ဂါဝုတ်(၆)မိုင်ခန့် ဝေးသောခရီးကို (၂၅)ခါ နားတော်မူပြီး ပင်ပန်းကြီးစွာဖြင့် ကြွတော်မူခဲ့သည်။ ကဆုန်လပြည့်နေ့ညနေ၌ ရောက်တော်မူသည်။

သုဘဒ္ဒပရိဗိုဇ်သည် ဗုဒ္ဓသာဝကဖြစ်သည့်အတွက် ကျွတ်ထိုက်သူများကို တစ်ဦးမှ မကျန်ရအောင် ချွေချွတ်တော်မူရန် ကြွတော်မူခြင်း ဖြစ်သည်။ ကုသိနာရုံသို့ ကြွရောက်တော်မူခြင်းသည် ရည်ရွယ် ချက် (၃)မျိုး ရှိသည်။ သုဘဒ္ဒပရိဗိုဇ်ကို ချွေချွတ်ရန်၊ ဓာတ်တော်ဝေသောအခါ သွေးမစွန်းစေရန် ဒေါနပုဏ္ဏားရှိနေခြင်းနှင့် ရဟန်းတစ်ပါးကို သစ်ရွက်မိုးသော ကျောင်းကလေးကို လှူဒါန်းသဖြင့် ကြီးကျယ်သော ကောင်းကျိုးကိုရသည်ကို သိရသဖြင့် နောက်လူတို့သည် အားကျပြီး ကျောင်းဆောက်လှူဒါန်းကြလိမ့်မည်ဟူသည့် မဟာပရိနိဗ္ဗာန သုတ်ကို ဟောခွင့်ရလိမ့်မည်ဟု ရည်ရွယ်ချက်ဖြင့် ကြွတော်မူခဲ့ခြင်း ဖြစ်သည်။ ထိုနေ့ကလည်း ကဆုန်လပြည့် နေ့ပင်ဖြစ်သည်။

ထို့ကြောင့် ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့ အဖို့ အလွန်ထူးခြားသော နေ့မြတ်ဖြစ်၍ ကြီးကျယ်ခမ်းနား စွာ ပူဇော်သင့်ပါကြောင်း။

## ညီညွှတ်လှပ နယုန်လ
### မဟာသမယအခါတော်နေ့

နယုန်လသည် မြန်မာတို့၏ တတိယမြောက်လဖြစ်၍ ရာသီပန်းအားဖြင့် စံပယ်ပန်း၊ ရာသီအားဖြင့် မေထုန်ရာသီ၊ နက္ခတ်အားဖြင့် ဇေဋ္ဌနက္ခတ် ဖြစ်သည်။

မိထုန - မှ မေထုန်ဟူသည့် ကိန္နရီမောင်နှံ စုံတွဲပါဝင်သော ကြယ်စုကို 'ဇေဋ္ဌနက္ခတ်'ဟု မှည့်ခေါ်ခြင်းကို အစွဲပြု၍ မေထုန်ရာသီဟု ခေါ်ကြခြင်း ဖြစ်သည်။

ရှေးဟောင်းပုဂံခေတ် ကျောက်စာများ၌ 'နံယုန်'ဟု နငယ်ပေါ်တွင် သေးသေးတင်၍ မှတ်တမ်းတင်ပြုခဲ့ကြသည်။ အချို့ကျောက်စာများမှ ယခုအတိုင်း 'နယုန်'ဟုပင် ရှိသည်။ 'နံမျုန်'ဟုလည်း ခေါ်ဆိုကြသေးသည်။

အဓိပ္ပါယ်မှာ -

မိုးစတင်ရွာသွန်းသောအခါသမယ'ဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့် ""နယုန်မိုးသေး မြက်သားမွေး""ဟု ဆိုကြခြင်း

ဖြစ်သည်။

ဘုရားရှင်ငါးဝါရပြီး မဟာသက္ကရာဇ် ၁၀၇-ခုနှစ်၊ နယုန်လပြည့်နေ့၌ အိန္ဒိယနိုင်ငံမြောက်ပိုင်း ယခုနီပေါနိုင်ငံ၌ ဂင်္ဂါမြစ်နှင့် ရောဟိဏီမြစ်တို့ ဆုံရာဒေသ ကမ်းတစ်ဖက်စီတွင် ကပိလဝတ်ပြည်နှင့် ကောလိယပြည်တို့တည်ရှိကြသည်။ ထိုနှစ်ပြည်ထောင်စုတို့သည် ဘုရားရှင်၏ဆွေတော် မျိုးတော်များသာဖြစ်သည့်အပြင် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြသူများလည်း ဖြစ်သည်။

ယခုခေတ်အမြင်ဖြင့်ကြည့်လျှင် နှစ်ပြည်ထောင်လုံး၌ နွေစပါး စိုက်ပျိုးထားကြ၍ အောင်ရေတစ်ခါသောက်ရပါက စပါးသီးနှံများ ရရှိမည်ဖြစ်သည်။ ထို့ကြောင့် ရောဟိဏီမြစ်မှ ရေကို အကြောင်းပြု၍ လယ်သမားချင်း ဇာတ်ကို စွဲ၍ ဆဲဆိုရန်ဖြစ်သည်မှ အစပြုကာ နှစ်ပြည်ထောင်ရှိ မင်းတို့သည် စစ်ပွဲဆင်နွှဲကြတော့မည်။

နယုန်လပြည့်နေ့ နံနက် အရုဏ်မတက်မီပင် စစ်တိုက်ရန် ရောဟိဏီမြစ်တစ်ဖက်တစ်ချက်စီ၌ လက်နက်များဖြင့် အဆင်သင့်ပြင်ဆင် နေကြသည်။

ဘုရားရှင်သည် ထိုစစ်ပွဲကို အချိန်မီတားဆီးရန် မိုးမလင်းမီ ရောဟိဏီမြစ်၏အလယ်ဗဟိုတည့်တည့် ကောင်းကင်ပြင်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် ဖြည်းဖြည်းခြင်း

ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် ကွန့်မြူးစံပယ်တော်မူကာ ထွက်ပေါ် တော်မူလာသည်။

ရောဟိဏီကမ်းတစ်ဖက်စီရှိ နှစ်ဖက်စစ်သားတို့သည် မိုးလင်းစ၍ တိုက်ခိုက်တော့မည့် အခြေအနေတွင် ကောင်းကင်ယံ၌ ရောင်ခြည်တော်ခြောက်ပါး ကွန့်မြူးသော ဘုရားရှင်ကို အားလုံးမြင်တွေ့လိုက်ရသည့်အတွက် အံ့အားသင့်ကုန်ကြသည်။ ဒေါသမာန်တွေလည်း အတော်အတန်လျော့ကုန်ကြသည်။

ထိုအခိုက်မှာပင် ထွက်ပေါ်စ နေဝန်းနှင့်အတူ ဘုရားရှင်က -

* ဖန္ဒနဇာတ်တော်ဖြင့် အရာမဟုတ်သည်၌ အငြင်းအခုံ မပြုသင့်ကြောင်းကိုလည်းကောင်း။

* ပထဝီဥန္ဒြီယဇာတ်တော်ဖြင့် တစ်ဆင့်စကားဖြင့် မယုံကြည်သင့်ကြောင်းကိုလည်းကောင်း။

* လဋုကိကဇာတ်တော်ဖြင့် ခွန်အားကြီးသူတိုင်း ခွန်အားနည်းသူကို မအောင်နိုင်ကြောင်းကိုလည်းကောင်း။

* ဝဋ္ဋကဇာတ်တော်ဖြင့် စည်းလုံးမှုမရှိလျှင် ပျက်စီးတတ်ကြောင်းကိုလည်းကောင်း

* ရုက္ခဓမ္မဇာတ်တော်ဖြင့် စည်းလုံးမှုရှိမှသာ ကြီးပွားတိုးတက်နိုင်၊ အောင်မြင်နိုင်ကြောင်းကိုလည်းကောင်း။

* အတ္တဒဏ္ဍသုတ်တော်ဖြင့် မိမိကိုယ်ကို မိမိက ဒုက္ခ မပေးသင့်ကြောင်းကိုလည်းကောင်း-ဒေါသရှေ့ထား စစ်တိုက်ကြတော့မည့် နှစ်ပြည်ထောင်သော စစ်သည်တို့အား ငြိမ်းချမ်းရေး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေး ဟောကြားတော်မူလိုက်သည်။

အားလုံးသော နှစ်ဖက်စစ်သည်တို့သည် ဘုရားရှင်၏ မေတ္တာတော် မဟာကရုဏာတော်တို့ကြောင့် တစ်ဟုန်းဟုန်းတောက်လောင်နေသော ဒေါသများပြေပျောက်ကာ လက်နက်အားလုံး ရောဟိဏီမြစ်ထဲသို့ ပစ်ချကြသည်။

ဘုရားရှင်ဟောတော်မူခဲ့သော ထိုဇာတ်တော်များကို တစ်ဇာတ်ချင်းဖတ်ဖို့ကောင်းလှသည်။ ယခုကာလ၌လည်း များစွာအကြောင်းကြောင့် လူတို့သည် လောဘဒေါသတို့ တစ်ဟုန်ထိုးလွှမ်းမိုးနေကြသည်။ နှလုံးသား၌ တရားအခြခံ၊ ယဉ်ကျေးမှုအခြေခံမရှိတော့သော ဤခေတ်၌ သူတော်ကောင်းတရားတို့ များများကြားနိုင်သောနည်းလမ်းဖြင့် လူတိုင်း၏ နှလုံးသားဆီသို့ အရောက်ပို့နိုင်ဖို့ နည်းလမ်းများ ရှာဖွေသင့်ပြီဟုယူဆသည်။

သို့ဖြင့်နှစ်ပြည်ထောင်ရှိသာကီဝင်မင်းသားတို့သည် တစ်ဖက်လျှင် (၂၅၀)စီ ရဟန်းပြုကြတော့သည်။ သက်န်း မဝတ်လိုကြဘဲ ဝတ်ကြရသော ရဟန်းတော်တို့သည် အိမ်သူဇနီး

အသီးသီးကို လွှမ်းဆွတ်နေကြသည်ဖြစ်၍ သင်္ကန်းဝတ်ရသည်ကို မပျော်မရွှင် ငြီးငွေ့နေကြသည်။ ထိုရဟန်းတို့အား မငြီးငွေ့စေရန် ဘုရားရှင်က မဟာဝုန်တောသို့ ခေါ်ဆောင်သွားသည်။ လမ်းခရီး၌ တောပန်းတောင်ပန်းတို့ဖြင့် အဆန်းတကျယ် လှပသာယာပုံကိုလည်းဟောပြသည်။

ဘုရားရှင်သည် ဤ(၅၀၀)သော ရဟန်းတော်တို့၏ တရားထူးကို ရအံ့သောအကြောင်း ရှိသောကြောင့်သာ ဤနေရာသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ဘုရားရှင်တို့မည်သည် အကျိုးရှိမရှိသော ကြည့်တော်မူပြီးမှသာ ပြုလုပ်လေ့ ရှိသည်။ မည်သူမှ အကျိုးမရှိသောလုပ်ငန်းကို ဘယ်သောအခါမှ ပြုတော်မမူ ပြောတော်မမူပေ။

သို့ဖြင့် ဘုရားရှင်ကဆက်လက်၍ ညနေစောင်းချိန်၌ ထိုရဟန်း(၅၀၀)တို့အား 'မဟာကုဏာလ' အိုင်သို့ တန်ခိုးတော်ဖြင့်ခေါ်ဆောင်ကာ "မဟာကုဏာလ ငှက်မင်းဇာတ်တော်"ကို ဟောတော်မူသောအခါ ရဟန်းသစ်ငါးရာတို့သည် သောတာပန်တည်ကြသည်။

ခေါ်ဆောင်ရာ မဟာဝုန်တောသို့ရောက်သောအခါ တစ်ပါးစီ၏ စရိုက်အားလျော်သည့် ကမ္မဋ္ဌာန်းကိုပေးသောအခါ

-

* သမ္မာပရိဗ္ဗာဇနိယသုတ်တော်ဖြင့် လောဘစရိုက်ရှိသူ

တို့အားလည်းကောင်း။

* မဟာဗျူဟာသုတ်တော်ဖြင့် မောဟစရိုက်ရှိသူ တို့အား လည်းကောင်း။

* စူဠဗျူဟာသုတ်တော်ဖြင့် ဝိတက် စရိုက်ရှိသူ တို့အား လည်းကောင်း။

* တုဝဋ္ဋကသုတ်တော်ဖြင့် သဒ္ဓါစရိုက်ရှိသူ တို့အား လည်းကောင်း။

* ကလဟဝိဝါဒသုတ်တော်ဖြင့် ဒေါသစရိုက်ရှိသူ တို့ အားလည်းကောင်း။

* ပုရာဘေဒသုတ်တော်ဖြင့် ပညာစရိုက်ရှိသူ တို့အား လည်းကောင်း-အကြိုက်နှင့်စရိုက် ကိုက်ညီအောင်ဟောကြား တော်မူခြင်းကြောင့် နယုန်လပြည့်နေ့ နေဝင်စအချိန်၊ လထွက် စအချိန်၌ ရဟန်းငါးရာတို့သည် အာသဝေါကင်းကွာကြသော ရဟန္တာများ ဖြစ်တော်မူကြသည်။

ဘုရားရှင်သက်တမ်းတစ်လျှောက် ယခုနယုန်လပြည့်နေ့ လောက် တရားအစုံကို ဟောကြားခဲ့သည်မှာ မရှိခဲ့ပေ။ စစ်တိုက်ရန်ပြင်ဆင်နေသူတို့အား စိတ်နှလုံးနူးညံ့ရန် ဇာတ် တော်များကိုလည်း ဟောရ၊ ရဟန်းဖြစ်ပြီးသူတို့အားလည်း တရားထူးကို ရရှိကြရန် သုတ္တန်များကိုလည်းဟောရနှင့် တရားတော်တို့သည် အလွန်များပြားလှသည်။

ထိုနယုန်လပြည့်နေ့ညသည် ဘုရားတစ်ဆူတွင် တစ်ကြိမ်သာကြုံကြိုက်ခွင့်ရသော -

* သန့်ရှင်းသည့်ဘုရား၊

* သန့်ရှင်းသည့် လပြည့်ည၊

* သန့်ရှင်းသည့် ပရိသတ်-ဟူသည့် အင်္ဂါသုံးပါးနှင့်ပြည့်စုံသော အချိန်အခါဖြစ်သည်။ ထိုသို့ ကြုံကြိုက်ခဲလှသည့်ထိုအချိန်တွင်အလွန်ကျယ်ဝန်းသော မဟာဝုန်တောကြီး၌ စကြာဝဠာတစ်သောင်းက နတ်ဗြဟ္မာအပေါင်းတို့သည် ပြည့်ကျပ်သည်အထိ စုရုံးညီညာ ရောက်ရှိလာကြခြင်းကိုပင် "မဟာသမယ"ဟုခေါ်ကြသည်။ အသစ်စက်စက် ဖြူစင် ဝင်းပ ရဟန္တာဖြစ်စ ရဟန်းတော်ငါးရာနှင့် နတ်ဗြဟ္မာ အပေါင်းတို့အား ဟောကြားသောသုတ်တော်ကိုလည်း "မဟာသမယသုတ်တော်"ဟုခေါ်သည်။

ဘုရားရှင်ကနတ်ဗြဟ္မာအာလုံးတို့ စိတ်နှလုံး နူးညံ့စေရန် ရည်သန်၍ ၆၃-ဂါထာပါသော၊ နတ်ဗြဟ္မာအပေါင်းတို့၏ အမည်နာမ ပါဝင်ကာဟောကြားသော ထိုမဟာသမယသုတ်တော်ကြီးကို ဟောကြားတော်မူသည်၏အဆုံး၌ ကုဋေ တစ်သိန်းသော နတ်ဗြဟ္မာတို့သည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ် အထိ ဆိုက်ရောက်ကြ၍ အချို့သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အသီးအသီးဖြစ်တော်မူ၊ ရရှိတော်မူကြသည်။


ဘုရားရှင်သည် ဖော်ပြပါအတိုင်း မဟာသမယသုတ်တော်ကို ဟောကြားတော်မူခဲ့သောကြောင့်လည်းကောင်း၊ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးမျိုးစုံကို ဖော်ဆောင်ခဲ့သောကြောင့်လည်းကောင်း နယုန်လပြည့်နေ့ကို "ညီညွတ်လှပ နယုန်လမဟာသမယအခါတော်နေ့" ဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။

နယုန်လပြည့်နေ့သည် ဗုဒ္ဓသာသနာနှင့်ဆက်စပ်၍ (၁၂) လရာသီတို့တွင် ထူးမြတ်သော နေ့ထူးနေ့မြတ်ဖြစ်ရုံမျှမက လူ့အသက်တန်ဖိုးနှင့် ရေတန်ဖိုးကို နှိုင်းယှဉ်ပြကာ ငြိမ်းချမ်းရေးကို ဟောကြားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အရာမဟုတ်သည့် မပြောပလောက်သော သေးငယ်သောအရာတို့နှင့် အချင်းချင်း စိတ်ဝမ်းမကွဲကြရန်လည်း ဟောကြားထားခြင်းဖြစ်သည်။

လူသားတို့သည် မပြောပလောက်သည့်အရာလေးနှင့် ပြဿနာဖြစ်နေကြသည်ကိုလည်း မီးမောင်းထိုးပြထားသည်ဟုလည်း ပြောနိုင်သည်။ မညီညွတ်ခဲ့လျှင် မည်သည့်အရာကိုမျှ မအောင်မြင်နိုင်ကြောင်းကို သိရှိကြပြီး လူလူချင်း စည်းလုံးညီညွတ်ကြရန် မဟာသုတ် ဟောကြားတော်မူသောနေ့ 'မဟာသမယနေ့' က သက်သေပြလိုက်ခြင်းပင်ဖြစ်သည်။

အရှင်တေဇနိယ(ပဋ္ဌာန်းအလင်းရောင်)

ဤစာအုပ်၌
ဘဝနေနည်းမျိုးစုံကို
ဖတ်ရှုရမည့်အပြင်
အတွေးအမြင်အသစ်များ၊
ဗဟုသုတများ၊
ရသများ၊
ကိုဗစ်နှင့် ဆက်စပ်ပြီး
ရေးသားခဲ့သော ကဗျာမျိုးစုံစသဖြင့်
အနှစ်သာရပြည့်ဝစွာ
ဖတ်ရှုခံစားရပါလိမ့်မည်။



design by mgminsoe 09256183166